ဟံသာဝတီကမ္မဋ္ဌာန်းတိုက်

ကျေးဇူးရှင် မဟာနာယက ဆရာတော်ဘုရားကြီး

၏

# နိဗ္ဗာန်သွားလမ်း

## ၇-ရက်စခန်း

### ဒုတိယပိုင်း

စိရံတိဋ္ဌတု
သဒ္ဓမ္မော
၁၃၀၇-ခု
တည်ထောင်သည်
ရန်ကုန်မြို့

၂၁၈၁၈

ရန်ကုန်မြို့၊ ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်၊

**ဗုဒ္ဓသာသနာ ပဋိပတ္တိသာသနာ့ပြု အဖွဲ့ချုပ်ကြီး၏**

သြဝါဒါစရိယ မဟာနာယက ဆရာတော်ဖြစ်တော်မူသော



(ကျေးဇူးရှင် "ရှမ်းရွာစင်ပြွမ်းကုန်း" ဆရာတော်အရှင်မြတ်ပုံတော်)

ဘာသာရေးဆိုင်ရာ-ခွင့်ပြုချက်အမှတ် (၆၀၄၆)

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏တပည့်
ဓလ-ပျော်ဘွယ်ကြီးရွာ ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်၏တပည့်များ
စတင်တည်ထောင်သော

**စုဠသာသနာ ပဋိပတ္တိ သာသနာပြုအဖွဲ့ချုပ်ကြီး၏**

ဩဝါဒါစရိယ တောနုသာက ကျေးဇူးရှင် ရုံးမြို့ မင်းပြွန်းကျွန်း
ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော

# နိဗ္ဗာနိသွားလမ်းရှု-ရှုကွက်စခန်း

**ဒုတိယပိုင်း**

---

**ဆဋ္ဌမနှိပ်ခြင်း၊ အုပ်ရေ ၃၀၀၀**

# ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏

## ဩဝါဒကထာ

---

နာမ်လိမ္မာမှ-ရုပ် သက်သာမည်။

နာမ်မလိမ္မာ-ရုပ် နာလိမ့်မည်။

နာမ်မအေး-ရုပ် ခွေးဖြစ်လိမ့်မည်။

### ပုံနှိပ်ပြီးသော စာအုပ်များ

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဟံသာဝတီဟောစဉ်အမှတ် | (၁) | ၁ | ကြိမ် | ၁၀၀၀ |
| ၂။ | ၎င်း | (၂) | | ။ | ၁၀၁၀ |
| ၃။ | ၎င်း | (၃) | | ။ | ၁၁၀၀ |
| ၄။ | နိဗ္ဗာန်သွားလမ်းဂုရက်စခန်း | (ပ) | ၆ | ။ | ၃၇၀၀၀ |
| ၅။ | ၎င်း | (ဒု) | ၅ | ။ | ၂၅၀၀၀ |
| ၆။ | ၎င်း | (တ) | ၃ | ။ | ၁၅၀၀၀ |
| ၇။ | ၎င်း | (စ) | ၂ | ။ | ၁၀၀၀၀ |
| ၈။ | ၎င်း | (မ) | ၂ | ။ | ၁၀၀၀၀ |
| ၉။ | ဝိပဿနာပါရဂူ | | ၂ | ။ | ၁၀၀၀၀ |
| ၁၀။ | ကိုယ်တွေ့ဝိပဿနာရှာပုံ | | ၂ | ။ | ၁၅၀၀၀ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | (ဆ) |
| ၂။ | နိဒါန်း | ၁ |
| ၃။ | ပဏာမပြင်ဆင်မှု<br>ဝိပဿနာ အားမထုတ်မီ ဘယ်လိုပြုပြင်ရမလဲ | ၇ |
| ၄။ | မေတ္တသုတ်နှင့်ဓမ္မစကြာ<br>နိဗ္ဗာန် တကယ်ရှိသလား<br>သစ္စာလေးပါး ဘယ်လိုဖြစ်လာသလဲ | ၁၅ |
| ၅။ | ပဓာနငါးချက်<br>အရိယာဝိဇ္ဇာလမ်းပေါက်အောင်ပြည့်စုံရမည့်<br>အချက်ကြီးငါးချက်ဆိုတာ ဘာလဲ | ၃၂ |
| ၆။ | သီလလေးမျိုး<br>သီလတိုင်း နိဗ္ဗာန်ရနိုင်သလား | ၆၀ |
| ၇။ | သာသနာတွင်းနှင့် သာသနာပ<br>သာသနာတွင်း သာသနာပ ဘယ်လိုကွာခြားသလဲ | ၆၇ |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၈။ ဝိသုဒ္ဓိ ၇–ပါးနှင့် ဉာဏ် ၁၀–ပါး ၈၄

လယ်တီဆရာတော်က တံငါမုဆိုးများ
ဝိပဿနာ အားထုတ်နိုင်တယ် တဲ့
သီလဝိသုဒ္ဓိနဲ့ ဘယ်နှယ် နေမလဲ

၉။ အာဟာရဒုက္ခနှင့် သစ္စာလေးပါး ၁၀၅

အိမ်မှုကိစ္စတွေကို ဝိဇ္ဇာဉာဏ်နှင့်ကြည့်လျှင်
သစ္စာကိုသိနိုင်ပါတကော်

၁၀။ မီး ၁၁–ပါးနှင့် ဝိပဿနာ ၁၂၉

အမြဲလောင်နေတဲ့မီးကို ဘယ်နည်းနဲ့ရှောင်မလဲ

၁၁။ ရေစက်ချအမျှဝေဟောစဉ်စာတမ်း ၁၄၃

၁၂။ တရားတောင်း ၁၄၅

# အမှာစာ

ဤဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်တည်းဟူသော ဗုဒ္ဓသာသနာ့ ပဋိပတ္တိသာသနာပြုအဖွဲ့ချုပ်ကြီးကို ၁၃၀၇ ခုနှစ်တွင် ဆရာကြီး ဆရာသက်၏တပည့်များက စတင် တည်ထောင်ခဲ့ကြလေသည်။

ကျေးဇူးရှင် ဆရာကြီးဆရာသက်သည် တရားအားထုတ်ရန် လာရောက်သော ယောဂီတယောက်လျှင် ဆန်တပြည် ငွေ၂ကျပ် စီပေး၍ တရားအားထုတ်စေသည်အထိ မေတ္တာတရား ကြီးမား ခဲ့ပါပေသည်။

ဤဟံသာဝတီကွက်သစ် ဗုဒ္ဓသာသနာ့ ပဋိပတ္တိသာသနာပြု အဖွဲ့ချုပ်ကြီးက ပင့်လျှောက်ထားသဖြင့် ဟင်္သာတခရိုင် လေး မျက်နှာမြို့နယ် စင်ပြွမ်းကုန်းရွာ ဇာတိ ဖြစ်တော်မူသော ဆရာ တော် ဦးဂန္ဓမာသည် ၁၃၁၁ ခုနှစ် တွင် ဤအဖွဲ့ချုပ်ကြီးသို့ ကြွရောက်တော်မူ၍ ကမ္မဋ္ဌာနာစရိယ မဟာနာယက ဆရာတော် အဖြစ်ဖြင့် ဝိပဿနာ တရားတော်ကို ဟောကြား ပြသတော်မူ လေသည်။

၁၀၊၉၊၅၉ နေ့တွင် ပျံလွန်တော်မူသည်အထိ ကြိုးကြိုး စား စား ဟောကြားပြသတော်မူသွားသော ကျေးဇူးရှင် ဆရာတော် ဘုရားကြီး ဦးဂန္ဓမာ၏ တရားတော်များကို တရားနာကြသော ယောဂီအပေါင်းတို့က နှစ်ထောင်းအားရ သဘောတွေ့ကြသော

ကြောင့် အားလုံးက စုပေါင်းလှူဒါန်း၍ တရားတော်များကို ကြိုးခွေနှင့်တဖြည်းဖြည်း ဖမ်းယူထားကြလေသည်။

ကြိုးခွေဖြင့်ဖမ်းယူထားသော ဆရာတော်ဘုရားကြီး၏ တရားတော်တို့ကို တရားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့အား တနေ့လျှင် ၃ကြိမ်ကျ နေ့စဉ်မှန်မှန် ယနေ့တိုင် ဖွင့်ပြပေး နေပါသည်။

သို့သော် "နှုတ်တရားစာတလုံး" ဟူသော မြန်မာစကားပုံနှင့် အညီ ဤဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်သို့ လာရောက်နိုင်သူများသာ ဤကြိုးခွေတရားတို့ကိုတရားနာခွင့်ရကြလေသည်။ ထိုအခါ စာအုပ်အဖြစ် ကူးယူရပါမူကား တရားအားထုတ်ဘူးကြသော တရားနာဘူးကြသော ပုဂ္ဂိုလ်မှန်သမျှ မိမိတို့နေထိုင်ရာဒေသ၌ အခေါက်ခေါက် အခါခါ ပြန်လည်သုံးသပ် ဖတ်ရှုခွင့် ရကြပေမည်ဟု ဗုဒ္ဓသာသနာ့ပဋိပတ္တိသာသနာပြုအဖွဲ့ချုပ်ကြီး၏ အဖွဲ့ဝင် လူကြီးများနှင့်တကွ တပည့်တပန်း ရဟန်းယောဂီ လူယောဂီ အားလုံးတို့က သဘောပေါက်လာကြပါသည်။ သဘောပေါက်လာကြသည့်အားလျော်စွာအပင်ပမ်းခံ၍ ဆရာတော်ဘုရားကြီး၏ တရားတော်တို့ကို ကြိုးခွေများမှတဆင့် ကူးယူပုံနှိပ်ကြသဖြင့် ဤ "နိဗ္ဗာန်သွားလမ်း '၇'ရက်စခန်း" ဟူသော စာအုပ်များ ပေါက်ဖွားလာရပါသည်။

ယခုအခါ ပုံနှိပ်ပြီးသား စာအုပ်များ ကုန်နေပြီ ဖြစ်သော ကြောင့် ရဟန်းယောဂီ လူယောဂီတို့၏ တောင့်တချက်အရ ဤစာအုပ်များကို ယခုတဖန် ထပ်မံ၍ပုံနှိပ်ရပါသည်။

မည်သည့်ပုဂ္ဂိုလ်တဦးတယောက်၏ဂုပုလိကကိုယ်ကျိုးအတွက်မျှ ဤစာအုပ်များကို အသုံးမပြုခဲ့ပေ။ နောင်လည်းအသုံးပြုမည် မဟုတ်။ ဗုဒ္ဓ၏တရားတော်များကို ပူဇော်နိုင်ရန် ဓမ္မပူဇာအဖြစ် ဖြင့် ဗုဒ္ဓသာသနာ့ပဋိပတ္တိ သာသနာပြုအဖွဲ့ချုပ်ကြီး၏ ရန်ပုံငွေ အတွက်သာ အသုံးပြုခဲ့ပါသည်။ နောင်လည်း ထိုရည်ရွယ်ချက် အတိုင်းပင် အသုံးပြုသွားမည်ဖြစ်ပါသတည်း။

၁၃၂၉-ခု၊ သီတင်းကျွတ်လဆန်း (၅) ရက်။
(၈-၁၀-၆၇) တနင်္ဂနွေနေ့။


အဖွဲ့ဝင်လူကြီးများ

ဗုဒ္ဓသာသနာ့ ပဋိပတ္တိသာသနာပြုအဖွဲ့ချုပ်ကြီး
ဘာဝနာလမ်း၊ ဟံသာဝတီကွက်သစ်
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

# နိဒါန်း

**သဗ္ဗာဝေသိ သယံ ဗုဒ္ဓေါ,**
**ဓမ္မပိ ဓမ္မ သတ္တိယော။**
**သဝနံ စိဏ္ဏနံ တဿ,**
**အဟော ဓမ္မဿ ဘာဝနံ။**

ယောဇိနော- ဗောဓိ ညောင်ရွှေ အောင်မဟော ဟု ပြောင်ဝေတင့်ဆန်း ပလ္လင်နန်း၌ ရှင်လန်း ကြည်လင် ဥာဏ်သဗ္ဗည်ဖြင့် လေးအင်သစ္စ အပိုင် ရ၍ ငါး၀ မာန်အောင် အကြင် မြတ်ဘုန်းခေါင် သည်၊ ဓမ္မပိ-မီးလျှံအသွင် ရေယဉ်ပုံဟန် အတန် တန်ဖြင့် အမှန်စဉ်ဆက် ဖြစ်ပေါ် ပျက်သည့် သက်သက်သော တရား သဘောတို့ကိုငင်း၊ ဓမ္မ သတ္တိယောပိ- တရားဥဿုံ အလုံးစုံ၏ အဖုံဖုံ တည်ရှိ ဂုဏ်သတ္တိတို့ကိုငင်း၊ သယံဗုဒ္ဓေါ-ဆရာ မပြု နည်းမရဘဲ ကျနပိုင်လစ် ကိုယ်တော်တိုင်သာ သိသည်ဖြစ်၍ သဗ္ဗာဝေသိ- ဣန္ဒြေနုရင့် ခဲဝေ ချင့်၍ သိသင့်သမျှ ဝေနေယျကို မြွက်ဟလှစ်ချွေ သိစေတော် မူခဲ့လေပြီ၊ တဿ ဇိနဿ- ရန်မာရ် အားလုံး ချေမှုန်းပယ်ရှင်း တကိုယ်ချင်းဖြင့် အောင် ခြင်းတန်တန် အောင်လံ စွင့်စွင့် လွှင့်တလူလူ ထိုအောင်တော်မူသော ဘုရားရှင်၏၊ ဓမ္မဿ-စ, လယ်, အဆုံး သုံးပါးလုံးပင် ကောင်းစုံလင်၍ ဂုဏ်

အင်ပြည့်ဝ မြတ်ဓမ္မကို၊ သဝနံ-စိန္တနံ- သုတမယ ဉာဏ်၊ စိန္တာမယဉာဏ် တို့ဖြင့် ဖန်ဖန် ခါခါ ကြားနာ ကြံစည်၍ နေရခြင်းသည်ရင်း၊ ဘာဝနံ ဘာဝနာမယ ဉာဏ်ဖြင့် ဖန်ဖန်မနား ပွါးများ၍ နေရခြင်းသည်ရင်း၊ အဟော- ခန္ဓာဝန်မီး ငြိမ်းကြီးငြိမ်းကြောင်း အကျင့်ကောင်းမို့ နှစ်ထောင်း ကြည်သာ ပြေဒ်....အားရဘွယ် ကြီးပါတကား။

**ချမ်းသာသုခ၊ တခုမျှ**

**လောကအထူ၊ အကုန်စု၏။**

လယ်တီ ဆရာတော် ဘုရားကြီး၏ ပဋိစ္စ သမုပ္ပါဒ် လင်္ကာနှင့်အညီ ဝိဇ္ဇာဉာဏ် အလင်း ကင်းကြသည့် သတ္တဝါ ခပင်းတို့သည် ဘဝ ထိုထိုမှ စ၍ ယခုဘဝ အထိ ချမ်းသာ သုခချည်း ကိုသာ ရှာလာခဲ့ကြသည် မှန်သော်လည်း ချမ်းသာ ရှာနေရင်း ဆင်းရဲခြင်းတွေနှင့်သာ အမြဲတမ်း ရင်ဆိုင် တိုးနေကြရလျက် "ဓါတ်ချုပ်ဆေးမှတ်လို့ စားဝဿဝရောနှင့်သွား" ဆိုသကဲ့သို့ဖြစ်နေရပေသည်။ အကြောင်းကိုရှာလျှင် ချမ်းသာရှာနည်း မတတ်ကြလို့ နည်းမမှန် ကြလို့သာ ကေန် ဖြစ်ပေသည်။

ထိုစကားမှန်၏၊ ချမ်းသာစစ် ရရန် နည်းမှန် လမ်းမှန် ဖြစ်သည့် "မဇ္ဈိမ ပဋိပဒါ" အလယ်လမ်း မဂ္ဂင်ရှစ်ပါး အကျင့်သာ ချမ်းသာစစ်ရရန် နည်းကောင်း လမ်းမှန် ဖြစ်လေသည်။

လက်ဝဲ လကျ်ာ လမ်းစဉ်ဖြစ်သည့်-

ကာမသုခလ္လိကာ နုယောဂ,

အတ္တကိလမထာ နုယောဂ,

အကျင့်များသည် နည်းမှား လမ်းမှား ဖြစ်သည်ကို ဘုရားရှင်ဉာဏ်တော်ဖြင့် ဘေဘန်ရှုပေးတော်မူမှသာ သိရသည့် အတွက်ကြောင့် ဖြစ်သည်၊ သတ္တဝါတို့၏ ချမ်းသာ ရှာနည်းကို ကြည့်လျှင် စိတ်လိုလိုက်သော စိတ်သင်တိုင်း အထက်ပါ လက်ဝဲ လကျ်ာ နည်းမှား နှစ်မျိုးတို့ဖြင့် အစွမ်း ကုန်ရှာနေကြသည်ကိုသာ တွေ့ရပေသည်၊ ချမ်းသာခြင်းကို ကားမတွေ့ရပေ၊ ဒုက္ခ၏ကိုယ်စား လည်း အရေခြံ သုခ နှင့် ဒုက္ခဆိုးတွေကိုသာ နောက်ဆုံး ရရှိတွေ့ ကြုံရလေသည်။

ဘုရားရှင် ကိုယ်တော်မြတ်သည် သူကိုယ်တိုင် ချမ်းသာစင် "နိဗ္ဗာနသုခ" ကိုသာအားတိုက်ရှာနေခိုက်တွင်ဆင်းရဲခြင်း အမျိုးမျိုးကို ရေလဲနှင့်လက်တွေ့ခံလာခဲ့ရ၍ ကိုယ်ချင်းစာအနေ အားဖြင့် မဟာကရုဏာ တော်ရင် သဗ္ဗညု ဘုရား ရှင်ဖြစ်တော်မူ သည့်အခါ သတ္တဝါတို့၏ ချမ်းသာရှာနည်း မျက်စိလည်နေ၍ ဆင်းရဲဒုက္ခဆိုးတွေ နှင့်တွေ့နေရပုံတို့ကို အလွန်သနားစရာ သိမြင် တော်မူသည့်အတွက်ချမ်းသာရှာနည်း နည်းမှန်လမ်းမှန်ဖြစ်သည့် မဇ္ဈိမပဋိပဒါ သုတ္တန်ကို ရှေးဦးစွာအကျဉ်းချုပ်အနေအားဖြင့်ပဉ္စဝဂ္ဂီ ငါးဦးအား ထုတ်ပြန် ဟောမိန့်တော်မူပြီးနောက်--

# နိဒါန်း

**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ**
**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ၊**
**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

ပျော်မွေ့မှုဟူသမျှ အားလုံးတို့ကို တရား တည်း ဟူသော ပျော်မွေ့မှုခြင်းက နိုင်သည်၊ တရားတည်း ဟူသော ပျော်မွေ့မှုခြင်းက သာသည့် အရသာ အားလုံး တို့ကို တရား တည်းဟူသော အရသာက နိုင်သည်၊ တရားတည်းဟူသော အရသာက သာ သည်၊ ဆင်းရဲခြင်း အား လုံး တို့ ကို တဏှာ၏ ကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်က နိုင်သည်၊ အရဟတ္တ ဖိုလ် နိဗ္ဗာန်က သာသည်။

ဟူ၍ အတိအလင်း အမိန့်ဒေသနာတော်မြွက် သတ်မှတ်လျက် ချမ်းသာစစ်ရှာရန်နည်းပေါင်း "၈၄၀၀၀" ရှစ်သောင်းလေး ထောင်တည်းဟူသော "ဓမ္မက္ခန္ဓာ" ဒေသနာတော်တွေကို ကိုယ် တော်တိုင်ဟောထားတော်မူခဲ့လေသည်၊ မြတ်စွာဘုရားပင်မရှိပြား သော်လည်း ဤဒေသနာတော် နည်းကောင်း နည်းမှန်များသည် ယခုထက်တိုင် တည်ရှိနေပေသေးသည်၊ သို့သော်လဲ လူတိုင်းနှင့် တော့ မတန်၊ ဘုန်းရှင်ကံရှင်များနှင့်သာ တန်ပေသည်။ ဤသည့် မြတ်စွာဘုရား၏ ချမ်းသာစစ် ရှာနည်းတွေကို အမှန်လိုလားသူ လူအဘိုးတန်တိုင်းပင် ယခုအခါ ထက်သန်သော သဒ္ဓါ ဆန္ဒ တရားများ ဖြေရှသွားပြု၍ နာကြားခြင်း နာကြား၍ သိရှိထား သော တရားတွေကို အစုန်အဆန် ပြန်ပြန်လှန်လှန် ကြံစည် စဉ်း

စားခြင်းစဉ်းစားပြီးသည့်အမှန်တရားနည်းတွေကိုစည်းကိုက် မျဉ်းကိုက် အဖန်ဖန် ပွားများအားထုတ်၍နေခြင်းဖြင့် ချမ်းသာစစ်ကို အရယူနိုင်ကြောင်းကို-

**သန္ဒိဋ္ဌိကော,**
**အကာလိကော,**
**ဧဟိပဿိကော,**
**ဩပနေယျိကော,**
**ပစ္စတ္တံ ဝေဒိတဗ္ဗော,**

ဟူသော တရားတော် ဂုဏ်ပုဒ်များဖြင့် သိနိုင်ပေသည်။ ထို့အတွက် သူတော်စင် ရှင်လူအပေါင်းတို့သည် မိမိတို့ မျှော်လင့်တောင့်တနေသော လောကဒုက္ခသံသရာ ဝဋ်မီး ငြိမ်းကြီး ငြိမ်းကြောင်း အကျင့် ကောင်းဖြင့် နှစ်ထောင်းကြည်သာ ချမ်းသာစစ်ကို ရှင်တော်မြတ်ဘုရား သာသနာနှင့် ကြုံကြိုက်သည့်အခါဝယ် အချိန်မှီ အားထုတ်ကြရန် အထူး သင့်မြတ်လှပေသည်။

ယခုအခါ ချမ်းသာစစ်ရှာနည်း ဘုရားဟော ဒေသနာတော်များစွာရှိကြသည့်အနက် ထိုဘုရားဟော ဒေသနာတော်ထဲမှ အတိုဆုံးအကောင်းဆုံးနည်းတွေကို လက်တွေ့နည်းအနေအားဖြင့် ရန်ကုန်နေပြည်တော် ဟံသာဝတီကွက်သစ် "ဗုဒ္ဓသာသနာ ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး" တွင် မဟာနာယက ဆရာတော်နှင့် တရားပြ ဆရာတော်ဖြစ်သည့် ဟသ်ာတခရိုင် "**စင်ပြွမ်းကုန်း မင်္ဂလာရာမ ကျောင်းတိုက်ကျေးဇူးရှင်ဆရာတော်ဘုရားကြီး**" ဟောကြား ပြသတော် မူအပ်သော ဒေသနာတော်

ဟောစင်များကိုအကွက်ကျကျ စီစဉ်၍ ထိုကျေးဇူးရှင် ဆရာတော်ဘုရား ကြီး၏ အနှစ္စဂါသိက တပည့်ရင်းများနှင့် အဖွဲ့ကြီး၏ တောင်းပန် လျှောက်ထားချက်အရ ပဋ္ဌမဆင့် အနေ "နိဗ္ဗာန်သွားလမ်း ၇-ရက်စခန်း" အမည်ဖြင့် ယခင်ကစီစဉ် ထုတ်ဝေဖြန့်ချီခဲ့ပါသည်။

ယခုလည်းဒုတိယဆင့် အနေအားဖြင့် အဖွဲ့ကြီး၏ တောင်းပန်လျှောက်ထားချက်အရပင် စီစဉ် ရိုက်နှိပ် ထုတ်ဝေဖြန့်ချီရပြန်ပါသဖြင့် ချမ်းသာစစ်ကို အမှန်လိုလားမှု ရှိကြကုန်သော သူတော်စင် ပုဂ္ဂိုလ်များသည် ဤသည်စာအုပ်ဦးပင်လျှင်........

**လေ့လာရင်းဖတ်၊ ဖတ်ရင်းလေ့လာ၊**
**လေ့လာရင်းကျင့် ကျင့်ရင်းလေ့လာ၊**

ဆိုသကဲ့သို့ ဖတ်ရှု လေ့လာ ကောင်းစွာ ကျင့်သုံး၍ အားထုတ်ပွါးများနိုင်ကြပါစေသတည်း။

(အကျိုးဆောင်)
ဗုဒ္ဓသာသနာ့ပဋိပတ္တိသာသနာပြုအဖွဲ့ကြီး
စာပေဗိမာန်အနီး၊ ဟံသာဝတီ ကွက်သစ်၊
ကြည့်မြင်တိုင်။

# နိဗ္ဗာန်သွားလမ်း ၇-ရက်စခန်း

## ရှေးဦး ပြင်ဆင်မှု

ဝိပဿနာ အလုပ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များသည်ဗောဓိပက္ခိယတရား၌ လာသော သဒ္ဓါ၊ဝီရိယ၊သတိ၊ သမာဓိ၊ပညာဆိုသည့်အတိုင်း ရှေးဦးစွာယုံကြည်သောသဒ္ဓါနှင့် ပြည့်စုံရမယ်၊ဝီရိယနှင့် သတိမှာ မေတ္တာသုတ်ပါဠိတော်၌ မြတ်စွာဘုရား ဆုံးမတော်မူသည့် အတိုင်း "တိဋ္ဌံစရံ နိသိန္နောဝါ သယာနော" ဟူ၍ဟောတော်မူသောကြောင့် ရပ်သော်ရင်း သွားသော်ရင်း၊ ထိုင်သော်ရင်း၊ လျောင်းသော်ရင်း၊ဣရိယာပုထ် လေးပါးစလုံး မပြတ်သတိ ရှိရမယ်လို့ ဟောတော် မူသဖြင့်....

ဥပမာ ။မနေမနား မီးပွတ်သော ယောကျ်ားကဲ့သို့ အားထုတ်ကြရလိမ့်မယ်၊ လွတိုက်သော ယောကျ်ားသည် သစ်တုံးကိုမျဉ်းကြောင်း မလွဲအောင် အမြဲကြည့်၍ တိုက်သလို ယောဂီပုဂ္ဂိုလ်သည် မိမိ၏ "နာသိကဋ္ဌာန်" နှာသီးဖျားကို အာရုံ စိုက်ပြီးမျက်စိအသာ မှိတ်လျက် ထွက်သက်လေကို ထွက်မှန်းသိ၊ ဝင်သက်လေကို ဝင်မှန်းသိပြီး "ဖုသန" နည်းအတိုင်း လက်မချိုး ပုတီး မစိပ် မရေမတွက် မစဉ်းစား မကြံစည် မတွေးတောဘဲနှင့် ဝီရိယ၊ သတိကို လက်ကိုင်ထားပြီး ဣရိယာပုထ် လေးပါးစလုံး အမြဲအားထုတ်ရမယ်။

F.2

## ပေါဋ္ဌိလမထေရ်နှင့် ရှင်သာမဏေငယ်

ပေါဋ္ဌိလထေရ်ကြီးကို သာမဏေငယ်ကဆုံးမသည့်အခါ 'အရှင်ဘုရား ကမ္မဋ္ဌာန်းတရားဟာ မခက်ပါဘူး၊တောင်ပို့တခုမှာ ဂယ်ပေါက် ခြောက်ပေါက် ရှိတယ် ထိုတောင်ပို့မှာ ဖွတ်တကောင် အောင်းနေတာ မိချင်လျှင် ဂယ်ပေါက် ငါးပေါက်ကို အလုံပိတ် တပေါက်ကနေ စောင့်လျှင် မိပါတယ်' လို့ သာမဏေငယ်က လျှောက်ထားတော့ ပေါဋ္ဌိလ မထေရ်ကြီးက "ငါ့ရှင် ငါသိပြီ" ဆိုပြီး အားထုတ် လိုက်တာ တခဏခြင်းနှင့် အရိယာ ဖြစ်သွားတယ်။အဲဒါ ဥပမာဘဲ။

ယခုစိတ်ကိုဖမ်းရမှာ စိတ်ထွက်တဲ့ တံခါးပေါက်က ခြောက်ပေါက်ရှိတယ်၊ မျက်စိပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနောပေါက် အဲဒီ ခြောက်ဒွါရက အမြဲထွက်နေတာ၊ ဒါကြောင့် ဒွါရ ငါးပေါက် အလုံပိတ်ပြီးတော့ ဟာပေါက်ကနေ၍ စိတ်ကိုဖမ်းလျှင်အမှန် "သမာဓိ" ဖြစ်နိုင်ပါတယ်။

ယခု(၇) ရက် အားထုတ်သော လုပ်ငန်းမှာ ရှေးဦးစွာ သီလဆောက်တည်၍ (၃) ရက် "သမထ" အလုပ်ကိုကြိုးစားလိုက်လျှင် အမှန် ပင် သမာဓိရနိုင်ကြပါတယ်၊ (၃)ရက် သမာဓိထူထောင်ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းရမယ်၊သမထ ၃-ရက် အားထုတ်ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းတဲ့ အခါမှာ အောက်ပါအတိုင်း ကမ္မဋ္ဌာန်း တောင်းပါရတယ်။

တုမှာကံ ဘန္တေ ဇီဝိတံ ပရိစ္စဇာမိ။ ၃-ခေါက်။

ဘန္တေ-အရှင်ဘုရား၊ တုမှာကံ-အရှင်ဘုရားတို့အား
ဇီဝိတံ-အသက်ကို၊ ပရိစ္စဇာမိ စွန့်လှူပါ၏။

**ဘန္တေ သံဃာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဗီဇတ္ထာယစ ကမ္မဋ္ဌာနံယာစာမိ။ ၃-ခေါက်။**

ဘန္တေ အရှင်ဘုရား၊ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲ အပေါင်းမှ၊ မောစနတ္ထာယစ ထွက်မြောက်ပါရခြင်း အကျိုးငှါလည်း၊ ဗီဇတ္ထာယစ အတိတ်က ပါလာသော ဝိဇ္ဇာမျိုးစေ့ ရှိခဲ့သော်လည်း၊ အကယ်၍ ဝိဇ္ဇာမျိုးစေ့ မရှိခဲ့သော် ယခု အားထုတ်အပ်သော ကမ္မဋ္ဌာန်းသည် ဝိဇ္ဇာမျိုးစေ့ အဖြစ် ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးငှါလည်း၊ ကမ္မဋ္ဌာနံ ကမ္မဋ္ဌာန်းကို၊ ယာစာမိ တောင်းပါ၏။

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါ စေခြင်း၊ နိဗ္ဗာန်ကို မျက်မှောက် ပြုပါရ ခြင်း အကျိုးငှါ ဘုရား, တရား, သံဃာ, ဆရာ, မိဘ, ဂုဏတော်ကြီး၊ ဝယောဝုဍ္ဍ အစရှိသော ပုဂ္ဂိုလ် တို့အား ရှိခိုးပါ၏။ ကန်တော့ပါ၏၊ အတိတ် သံသရာမှ စ၍ ယခု ကျအောင် ပြစ် မှား မိ ဘူး သော ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်များကို သည်းခံ ရန် တောင်းပါ၏၊ ကန်တော့ ပါ၏၊ မိမိ အပေါ်၌ ပြစ်မှားမိဘူးသော ကာ ယ ကံ၊-ဝ စီ ကံ၊ မနောကံ အပြစ်များကို သည်းခံပါ၏။

ဤကဲ့သို့ ကန်တော့ပြီးသော အခါ သေချာစွာ ထိုင်၍ ပေါင်မှာ လက်တင်လျက် မျက်စိကို အသာမှိတ်ပြီး ဘုရား

သခင် ဆိုးမတော်မူသည့်အတိုင်း မိမိစိတ်၌ ဥပမာပြုရမည်မှာ ပကတိသစ်ပင်သစ်ကိုင်းများကို သေတိုက်သည့်အခါ မငြိမ်မသက် လှုပ်ရှားနေတာ တွေ့ရသလို ပြဲလို့ လှုပ်နေသလား မပြဲလို့ လှုပ်တာလားစဉ်းစားလျှင် မပြဲလို့ လှုပ်နေတယ်ဆိုတာ အမှန် သိရတယ်၊ ဒါဟာ ဥပမာဘဲ။

မိမိကိုယ်မှာ ဆံပင်ကအစ ခြေဖျား အထိ လောက လူ များက ဦးခေါင်း ခြေလက် ကိုယ် စသည်ဖြင့် ခေါ်ဝေါ် နေ တယ်၊ ဤလို ခေါ်ဆိုတာ မှန်သလား ဆိုတော့ မမှန် ဘူး၊ 'သမုတိသစ္စ' နယ်ကလူတွေ သမုတ်ပြီး ခေါ်နေကြတာ၊ အမှန် ကတော့ဖြင့် ရုပ်ချည်းသာလျှင် ဖြစ်တယ်၊ ဆံပင်ကအစ ခြေ ဖျားအထိ ရုပ်တွေချည်းဘဲ၊ ဘယ်ရုပ်လဲဆိုလျှင်....

အမာခံဓါတ်ကြီး လေးပါးရှိတယ်၊ ပထဝီ, တေဇော အာပေါ, ဝါယော, ဤဓါတ်လေးပါးဘဲ ရှိတယ်၊ ပထဝီဆိုတဲ့ မြေဓါတ်က မာတဲ့သဘော နူးညံ့တဲ့သဘောရှိတယ်၊ တေဇော ဆိုတဲ့ မီးဓါတ်က ပူတဲ့ သဘော အေးတဲ့ သဘောရှိတယ်၊ အာ ပေါဆိုတဲ့ ရေဓါတ်က ဖွဲ့စည်းတဲ့ သဘော စီးယိုတဲ့သဘောရှိတယ် ဝါယောဆိုတဲ့ လေဓါတ်က လှုပ်ရှားတဲ့သဘော ထောက်ကန်တဲ့ သဘောရှိတယ်၊ ဒီရုပ်တရားတွေကလဲ၍ တကိုယ်လုံးမှာ ဘာမှ မရှိဘူး ရုပ်ဘဲရှိတယ်၊ ဒီရုပ်တရားတွေက လောကမှာ ဘာများ သိတတ်သလဲ ဆိုရင် ဘာမှမသိတတ်ဘူး။

ဥပမာ။ ။တောင်ပို့ တခုရှိတယ် အဲဒီ တောင်ပို့ ပေါ်မှာ ပဒေါ်ဖြူ မြက်တွေ ပေါက်နေတယ်၊ တောင်ပို့ ကလဲ ငါ့အပေါ်မှာ ပဒေါ်ဖြူ မြက်တွေ ပေါက်

နေတယ်လို့ သိသလားဆိုလျှင် လုံးလုံးမသိဘူး၊ ပဒေါ်ဖြူမြက်ကလဲ ငါဟာ တောင်ပို့ပေါ်မှာ နေရတယ်လို့ သိသလားဆိုလျှင် လုံးလုံးကမသိဘူး၊ ဘာ့ကြောင့် မသိသလဲဆိုလျှင် သူတို့ဟာ ဓါတ်လေးပါး ရုပ်ချင်းဘဲ ဘာသိမလဲ။

အဲဒီ ဥပမာလို ဦးခေါင်းကလဲ ဓါတ်လေးပါး ရုပ်၊ ဦးခေါင်းပေါ်မှာ ပေါက်နေတဲ့ ဆံပင်ကလဲ ဓါတ်လေးပါးရုပ် ဒါကြောင့်ဦးခေါင်းကလဲ ငါ့အပေါ်မှာ ဆံပင်တွေပေါက်နေတယ်လို့ သိသလား၊ လုံးလုံး မသိဘူး၊ ဆံပင်ကလဲ ဦးခေါင်းပေါ်မှာ တက်ပေါက်တယ်လို့ဆိုတာသိသလား လုံးလုံးမသိဘူး ဘာ့ကြောင့်လဲရုပ်ရုပ်ချင်းဘဲ ဘာသိမလဲ။

ဒီလိုဘဲ လက်သည်း ခြေသည်း တွေကို ကြည့်လိုက်အုံး လက်သည်း ခြေသည်းတွေဟာ အသားစိုင် အသားခဲကထွက်လာတယ်၊ ဒါပေမဲ့ လက်သည်း ခြေသည်း ကလဲ အသားဆိုင် အသားခဲကိုမသိဘူး၊ အသားဆိုင် အသားခဲကလဲ လက်သည်း ခြေသည်း ကိုမသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းမို့လို့ မသိတာပေါ့၊ ဒါထက် နီးကပ်တဲ့အရေထူ အရေပါးကို ကြည့်လိုက်အုံး၊ ထိကပ်နေပေတဲ့ အရေထူကလဲ အရေပါးကိုမသိဘူး၊ အရေပါးကလဲ အရေထူကိုမသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းမို့လို့မသိကြဘူး၊ အဲဒီအတိုင်းဘဲ ရုပ်မှန်က ဘာကိုမှ မသိဘူးမှတ်ရမယ်။

ယခုသိတယ်၊ မြင်လို့သိတယ် ကြားလို့ သိတယ်၊ နံလို့ သိတယ်၊ လျက်လို့သိတယ်၊ ကိုယ်နှင့်တွေ့လို့ သိတယ်၊ ကြံလို့

သိ တယ်၊ ဒါဘာလဲ သိတာ နာမ်ဘဲ၊ အဲဒီတော့ ယောဂီများ တသက်လုံး မှတ်အားဘိုက ရုပ်သည် ဘာကိုမှ မသိဘူး၊ နာမ် သာလျှင်သိတယ်၊ ဒီရုပ်တရား နာမ်တရားတွေဟာ ကောင်း ကင်ကျ မိုဃ်းပေါ်ကျ ဒေဝါသိကြား ဗြဟ္မာ ပိဿနိုး တန်ခိုး ကြီးတဲ့ ပုဂ္ဂိုလ်တွေ့ဖန်ဆင်းလို့ ဖြစ်တာမဟုတ်ဘူး၊ 'ကံ့စိတ်၊ ဥတု့အာဟာရ' အကြောင်းတရားလေးပါးကြောင့်ဖြစ်ထာ။

ကံ ကြောင့် ဖြစ်သောရုပ်၊
စိတ် ကြောင့် ဖြစ်သောရုပ်၊
ဥတု ကြောင့် ဖြစ်သောရုပ်၊
အာဟာရ ကြောင့် ဖြစ်သောရုပ်၊

ဤရုပ်တရား နာမ်တရား တွေ့ကို မြတ်စွာ ဘုရားက မမြဲတဲ့ 'အနိစ္စ' တရား ဆင်းရဲတဲ့ 'ဒုက္ခ' တရား အစိုးမရတဲ့ 'အနတ္တ' တရားလို့ ဟောထားဘယ်၊ ဘုရား ဟောတာဘယ် တော့မှ မမှားဘူး၊ မလွဲဘူး၊ မှန်တယ် မှန်တာကို ဘယ်လိုသိ ရမလဲ ဉာဏ်မှသိတယ်၊ ဉာဏ်က ဘယ်ကရမလဲ၊ 'သမာဓိ' ရှိမှ ရမယ်၊ ဒါကြောင့်ဦးခေါင်းကအစ ခြေဖျား အထိ ရုပ်သာ ရှိတယ်ဆိုတာ အာရုံပြုပြီး ဦးခေါင်းမှ ငယ်ထိပ်နေရာ ဒင်္ဂါး ဝိုင်းမျှ ပမာကွက်၍ 'သမာဓိ' ကိုခိုင်မြဲစွာထားပြီးရှုတွေ့လိမ့် မယ်၊ဘာနှင့်တွေ့မလဲ ပဿဝီဖေါဌဗ္ဗနှင့်တွေ့လျှင် နာကျင်ကိုက်ခဲ တင်းတင်းကြပ်ကြပ်အုံဘုံတုံ ခေါင်းကြီးကိုယ်ကြီးတွေ့တတ်သည် တေဇော ဖေါဌဗ္ဗနှင့်တွေ့လျှင် ပူပူအေးအေး နွေးနွေး ရှိန်ရှိန် အခိုးထွက်သလို တွေ့ဘတ်သည်၊ဝါယော ဖေါဌဗ္ဗနှင့် တွေ့လျှင်

လှုပ်လှုပ်ရှရှ ဒိတ်ဒိတ် စသည်ဖြင့် တွေ့ဘတ်သည်၊ ဘာကိုဘဲ တွေ့တွေ့ ရုပ်ဘဲဆိုတာ မှတ်ထားပြီး အာရုံပြုနေလျှင် တခေါင်းလုံး တကိုယ်လုံး ရုပ်ဓါတ်တွေ ခဏမစဲ တဖွဲဖွဲဖြစ်ပျက်၍ ဖေါက်ပြန် ပျက်စီးနေတာ တွေ့လိမ့်မည်၊ 'သမာဓိ' ကောင်းလျှင် ကောင်းသလို များများ တွေ့ဘတ်သည်၊ယောဂီပုဂ္ဂိုလ်မှာ ငါဟာဘာဖြစ်ပါလိမ့်မလဲဟု အထင်မှားတတ်သည်။

သတိပြု။ ။သူ့ ဘဲ ဘော သူ ဆောင် နေ သော ရုပ်သဘော တွေ ဘဲ ဟု အမြင်မှန်ကို နှလုံးသွင်း၍ စွဲမြဲစွာ အားထုတ်ပါလေ၊ သို့သော် တကယ် အမြင်မှန်ကို ကျနစွာ ပြသနိုင်သော ဆရာကောင်း လိုလှပါသည်၊ ထိုအခါ ပဋ္ဌမ သင်ခြင်တာက 'သမ္မသန ဉာဏ်၊ ရုပ်ကိုတွေ့၍ဖြစ်မှုန်း ပျက်မှုန်းကို သိတာက 'ဥဒယဗ္ဗယ' ဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တွေ့တာနှင့် မမြဲတဲ့ 'အနိစ္စတရား'၊ ဆင်းရဲတဲ့ 'ဒုက္ခတရား'၊ အစိုးမရတဲ့ 'အနတ္တ' တရားကိုအမှန်သိပြီဟုမှတ်ယူလေ၊

(တကယ် အမှန် သိလိုလျှင် ၇-ရက်နှင့် ပြသသင်ကြားစာ ပေးနေသော ဌာနမှာ တရားပင်၍ အားထုတ် စမ်းသပ်ပါလေ)။



# နိဗ္ဗာန်သွားလမ်း ဇရက်စခန်း

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## မေတ္တသုတ် နှင့် ဓမ္မစကြာ

ဗုဒ္ဓသာသနာ ပဋိပတ္တိ သာသနာ့ပြု အဖွဲ့ချုပ်ကြီး၏ ဩဝါဒါစရိယ မဟာနာယက ဖြစ်တော်မူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး နေ့စဉ် ဟောပြော ပြသနေသော ဝိပဿနာ ဟောစဉ် တရားများဟာ အချို့ မနာယူဘူးသေးသော တဆင့်စကားကြားသိသော ပုဂ္ဂိုလ်များက အထူးအဆန်းသဖွယ် ထင်မှတ်နေကြောင်း သိရတယ်၊ မဆန်းပါဘူး မဆန်းတဲ့ အကြောင်းက....

ဘုရားသခင် ကိုယ်တော်မြတ်ကြီး သက်တော် ထင်ရှား ရှိတော်မူစဉ်ကစပြီး ယခု တိုင်အောင် 'သိဿာနုသိဿ' အစဉ် အဆက် မပျက် မကွက် ဆောင်ရွက်လာခဲ့ကြတဲ့ တရားတော်

ကြီးဘဲ၊ ယခု အခါမှာ ဆိုလျှင် မြို့တိုင်း နယ်တိုင်း ရွာတိုင်း ရပ်တိုင်း အိမ်တိုင်း အိမ်တိုင်းမှာ ရဟန်းတော် အရှင်မြတ်များ အမြဲမပြတ် ဆုံးမ ဟောပြောနေတဲ့ မေတ္တာသုတ် ပါဠိတော်၏ အစမှာ....

ကရဏီယ မတ္ထ ကုသလေန၊
ယန္တံသန္တံ ပဒံအဘိသမေစ္စ သက္ကော

လို့ အဲဒီလို အရှင်မြတ်များ အမြဲသဖြင့် ဟောပြောနေကြ သော်လဲ မဂဓဘာသာနှင့် မဂဓရာဇ် တိုင်းသားတွေ နား လည်တဲ့စကားဖြစ်သော်လဲ မြန် မာ လူ မျိုး များ နားမလည်တဲ့ အတွက် အသုံးမပြုနိုင်ဘဲ အဓိပ္ပါယ်ကွယ်ဝှက်နေတာဖြစ်တယ်။ ယခု မြန်မာလူမျိုးများ နားလည်အောင် မြန်မာလို ပြန်ဆိုမယ် ဆိုရင် ''သန္တံ-ငြိမ်သက်သော၊ယံပဒံ အကြင်နိဗ္ဗာန်သည်၊အတ္တိ ရှိ၏'' တဲ့၊ အဲဒါဘုရားဟောထားတဲ့ ဒေသနာဘဲ၊ ဘာတဲ့လဲ ငြိမ်သက်သော နိဗ္ဗာန်ရှိတယ်တဲ့၊ ဒီနိဗ္ဗာန်ကို ဘုရားက ဘာ ကြောင့်ညွှန်ပြတာလဲဆိုရင် လောက၌ ဒုက္ခဆိုတာ အမှန်ရှိတယ် လောကဒုက္ခမှ လွတ်ကင်းရာဌာနဟာ နိဗ္ဗာန်ဆိုတဲ့၊ အဲဒီနိဗ္ဗာန် ဟာ၊ အလွန်ချမ်းသာတဲ့ 'သန္တိသုခ'' ရှိတဲ့ နိဗ္ဗာန် အမှန်ရှိ တယ်လို့၊ ဟောတော်မူတာ၊ ကောင်းပြီ ဒီနိဗ္ဗာန်ကို ဘယ်လမ်း ကသွားမှ ရောက်မှာလဲလို့ မေးဘို့ရှိနေတယ်၊ ယခုပါဠိတော် တည်းမှာတော့ အမေးမပါဘူး သို့သော် 'အဖြေမြင် အဘင်သိ မိ၏ကျမ်းရိုး အနေတည်း' လို့ဆိုတော့ အဖြေရှိက အမေးကို သိရမယ်၊ ဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကပင် 'တံပဒံ'

ထိုနိဗ္ဗာန်သို့၊ အဘိ သမေစ္စ သစ္စာလေးပါးကို သိသောအားဖြင့်၊ ကောင်းစွာ ရောက်၍” အဲဒီ ပါဠိတော်၏ အဓိပ္ပါယ် သဘောသွား ကိုကြည့် ဒီနိဗ္ဗာန်ဆိုတဲ့ အမြိုက်ဓာတ်ရားကို သစ္စာလေးပါးသိမှရောက်မယ်တဲ့၊ အဓိပ္ပါယ် ရှင်းရှင်းကလေးရယ်။

ဘာကြောင့်ယဲ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားသခင် ကိုယ်တော်မြတ်တွေနှင့်တကွ ပစ္စေကဗုဒ္ဓါရဟန္တာ စသော အရှင် မြတ်များ နိဗ္ဗာန်မဂ် ဖိုလ် ရကြတာ အမှန်အားဖြင့် ‘သစ္စာလေးပါး’ကို သိလို့သာ ရကြတာ ထင်ရှားနေတယ် အဲဒီတော့ သစ္စာလေးပါးကို သိဘို့ဟာ ပဓါနဖြစ်ဖြစ်တယ်ဆိုတာ မြဲမြဲစွဲစွဲ မှတ်ထားကြဘို့ဘဲ၊ ယခု အခါ အများအားဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ကြတဲ့ အခါ ဆုတောင်းကြဟာက နိဗ္ဗာန်ကိုသာ ဆုတောင်းကြတယ် ဒီနိဗ္ဗာန်ကို တကယ်သိုချင်ချိုးမှန်လျှင် ဒီဘုရားသာသနာမှာ နိဗ္ဗာန်ကို အမှန်ရနိုင်တဲ့ လမ်းစစ်လမ်းမှန်ရှိတယ်ဆိုတာ တကယ် နှလုံးသွင်းမိရင် အားထုတ်ကြဘို့ဘဲရှိတယ် ဒါကြောင့် ဒီသစ္စာလေးပါးကို သိအောင် ဘာလုပ်ရမလဲဆိုးရင် “အတ္တကုသလ အကျိုးစီးပွါး၌ လိမ္မာသောသူသည် ကရဏီယံ-ပြုကျင့်အပ်၏” မစဉ်းစားကြလို့ အမှုမဲ့ အမှတ်မဲ့ နေကြလို့သာ အဓိပ္ပါယ် သဘော နားမလည်ကြတာ၊ စဉ်းစားလျှင် မြတ်စွာဘုရားက သစ္စာလေးပါးကိုသိအောင်ကျင့်တဲ့ပုဂ္ဂိုလ်ဟာ ‘လိမ္မာတဲ့ပုဂ္ဂိုလ်’ မှကျင့်တာတဲ့ ဒီစကားကိုပြန်လှန်ပြီး ကောက်ယူလျှင် သစ္စာလေးပါးကို သိအောင်မကျင့်တဲ့ ပုဂ္ဂိုလ်တွေဟာဘာဖြစ်သွားမလဲ ‘မလိမ္မာလို့’ မကျင့်ဘူးဆိုတာ ထင်ရှားနေတာပေါ့၊ သစ္စာ

လေးပါးကို သိအောင်ကျင့်တဲ့ ပုဂ္ဂိုလ်ဟာ အမှန်အားဖြင့် လူလိမ္မာအစစ်ဘဲ။

ကောင်းပြီ ဘယ်လိုကျင့်မှ သစ္စာလေးပါးကို သိမလဲလို့ မေးရင် မြတ်စွာဘုရားက 'သက္ကော' လို့ ဟောထားတယ် သက္ကောကမြန်မာလိုဆိုတော့ 'ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ၊ကျင့်ရမယ်' တဲ့ ဒါဘဲအဓိပ္ပါယ်ရှိတယ်၊ ဘယ်တရားကိုကျင့်မှု သစ္စာလေးပါးကို သိမယ်လို့ မပါဘူး၊ သို့သော် မြတ်စွာဘုရားက သစ္စာလေးပါးကိုသိအောင်ကျင့်တဲ့နည်းလမ်းတွေ ဘုရားဖြစ်လျှင်ဖြစ်ခြင်း ရှေးဦးစွာပြခဲ့၊ ဘယ်မှာ ပြခဲ့သလဲဆိုရင် မိဂဒါဝုန်တောမှာ 'ဝဂ္ဂီ' ငါးဦးအမှူးထားပြီး နတ်အသင်္ချေ ဖြဟ္မာ တဆယ့်ရှစ်ကုဋေကို ရှေးဦးစွာပြခဲ့တဲ့ 'မဇ္ဈိမ' သုတ္တန်ပေါ့။

အဲဒီမဇ္ဈိမဟာ သစ္စာလေးပါးကို သိအောင် အားထုတ်ရတဲ့လုပ်ငန်းကိုပြတာ ယခုအခါ အမျိုးမျိုးအရွှာရွာမှာ မဇ္ဈိမ ဝိုင်းတွေ တည်ထောင်ပြီး ဝိုင်းရွတ် ဖတ်နေကြတာဘဲ၊ ရွတ်ရုံ ဖတ်နေလို့တော့ ကုသိုလ်ရပါရဲ့၊ ဘယ်နည်းနှင့်မှ သစ္စာလေးပါးကို မသိဘူး တရားကိုကကျင့်မှသိမတဲ့၊ အဲဒီမဇ္ဈိမကို အကျယ်မချဲ့ဘဲ အတိုကောက်နည်းနှင့် ကျင့်ထတ်ကြဘို့က........

ဘိက္ခဝေ-ချစ်သားတို့၊ တထာဂတေန ငါဘုရားသည်၊ အဘိသမ္ဗုဒ္ဓါ=အထူးသဖြင့် သိတော်မူအပ်သော၊ စက္ခု ကရဏီ သစ္စာ လေးပါးကို သိသောပညာမျက်စိကိုပြုတတ်သော၊ ဉာဏ ကရဏီ သစ္စာလေးပါးကိုသိသော ဉာဏ်အမြင်ကိုပြုတတ်

> သော၊ မဇ္ဈိမာ အယုတ်တရား နှစ်ပါးတို့၏ အလယ်၌ဖြစ်သော၊ ပဋိပဒါ အကျင့်သည် ၊ ဥပသမာယ ကိလေသာတို့၏ ငြိမ်းခြင်းငှာ၊ အဘိညာယ သစ္စာလေးပါး တရားကို အထူးသဖြင့်သိခြင်းငှာ၊ သမ္ဗောဓာယ သစ္စာလေးပါး တရား တို့ကို ကောင်းစွာ သိခြင်းငှာ နိဗ္ဗာနာယ အနုပါဒိသေသ နိဗ္ဗာန် အကျိုးငှါ သံဝတ္တတိ ဖြစ်၏။

အဲ့ဒါ ဓမ္မစကြာချာ မြတ်စွာဘုရားကိုယ်တိုင် ဟောတဲ့ တရားဘဲ၊ အစိပ္ပိုင်းက 'ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ' အယုတ်တရားနှစ်ပါးဖြစ်တယ်။

'ကာမသုခလ္လိကာ နုယောဂ' ဆိုတဲ့ အယုတ် တရားက ဘာလဲ 'ဟီနော ဂါမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္တသံဟဟိတော' တဲ့၊ အပြစ်ငါးပါးရှိတယ်။

> ဟီနော ယုတ်သော့တရား၊ ဂါမ္မော ရွာသူတို့၏ ဥစ္စာဖြစ်သောတရား ပေါထုဇ္ဇနိကော ပုထုဇဉ်တို့၏ အလေ့ဖြစ်သောတရား ၊အနရိယော အရိယာတို့၏ ဥစ္စာမဟုတ်သောတရား၊ အနတ္တသံဟိတော စီးပွါးချမ်းသာဖြစ်ကြောင်းနှင့် မစပ်သောတရား။

အဲ့ဒီ အပြစ်ငါးပါးရှိတယ် ဒီကာမသုခလ္လိကာနုယောဂ ဆိုတဲ့ အယုတ်တရားဟာ ဘယ်အခါမှသစ္စာလေးပါးကိုမသိနိုင်တဲ့ တရားဘဲ၊ အဲ့ဒီ ကာမသုခလ္လိကာ နုယောဂ အယုတ်တရား

ကို၊ သူကိုယ်တိုင်ကျင့်ခဲ့တာဘယ်နည်းနှင့်မှ သစ္စာလေးပါးကို မမြင်ဘူး၊ ဒီကာမ သုခလ္လိကာနုယောဂက ဘယ်မှာဖြစ်တာလဲ 'ကာမေသု တေဘုမ္မက သင်္ခါရတည်းဟူသော ဝတ္ထုကာမဘို့ဌ' တဲ့၊ အဲဒီ တေဘုမ္မကသင်္ခါရ ဝတ္ထုကာမဆိုတာ ဘယ်မှာနေတာလဲ၊ တေ ကသုံးပါး၊ ဘုမ္မက က ဘုံဘဲ၊ အဆုံးမဘော့ ဘုံသုံးပါးဘဲ ကာမဘုံ ရူပဘုံ အရူပဘုံ၊ ဒီဘုံသုံးပါးမှာ ဖြစ်တဲ့တရားဘဲ၊ ဘာတွေဖြစ်သလဲဆိုရင် ဝတ္ထုဆိုတာက....

| စက္ခု ဝတ္ထု | မြန်မာလို | မျက်စိဝတ္ထု |
| --- | --- | --- |
| သောတဝတ္ထု | ။ | နားဝတ္ထု |
| ဃာနဝတ္ထု | ။ | နှာခေါင်းဝတ္ထု |
| ဇိဝှါ | ။ | လျှာဝတ္ထု |
| ကာယဝတ္ထု | ။ | ကိုယ်ဝတ္ထု |
| ဟဒယဝတ္ထု | ။ | မနောဝတ္ထု |

အဲဒီခြောက်ဒွါရက အမြဲမပြတ် ခံစ း က် "ကာမ သုခလ္လိကာ နုယောဂေါ ကိလေသာ ာ နှင့် ယှဉ်သော ချမ်းသာကို အဖန်တလဲလဲ ခံစားခြင်းဟု ဆို ပ်သော သော စာယံ အကြောင်းအယုတ်အစု" အဲ့ဒီ အောက် နုးကျဘဲ့ အသုံး တရားသော့ကို အမြဲ လိုက်စားနေမယ်ဆိုလင် ဘယ်ဘောမှ သစ္စာ လေးပါးကို မ ြင်ဘူးဆိုတာ မှတ်ရမယ်။

'အတ္တကိလမထာ နုယောဂ' ဆိုတဲ့ အယုတ်တရားက အထက်တန်း အယုတ်ဘဲ၊ ဒီအထက်တန်း အယုတ်က အပြစ် သုံးပါးရှိတယ်၊ 'ဒုက္ခော အနရိယော အနတ္တ သံဟိတော' သုံးပါး။

ဒုက္ခော ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်းကို၊ ဖြစ်စေတတ်သော၊ အနုရိယော အာရိယာ မဟုတ်သော တိတ္ထိ တို့၏အကျင့် ဖြစ်သော အနတ္ထသံဟိတော စီးပွါးချမ်းသာ ဖြစ်ကြောင်းနှင့် မစပ်သော၊ အတ္တကိလမထာ နုယောဂေါ မိမိကိုယ်၏ ပင်ပန်းခြင်းကို အားထုတ်ခြင်းဟု ဆိုအပ်သော၊ ယောဝယံ အကြင် အယုတ်တရား အစု

ဒီအယုတ်တရားက အလက်တန်း ကျကျ ကျင့်တဲ့တိတ္ထိ တို့၏ အကျင့်တရားတွေဘဲ၊ ဥပမာ အချို့တိတ္ထိက နေပူတဲ့ အခါ မီးပုံ လေးပုံဖိုပြီးတော့ အလယ်ခေါင်မှာ နေလျက် ကိလေသာ ခေါင်းပါးအောင်ဆိုပြီး ကျင့်တယ်။

အချို့တိတ္ထိများက ချမ်းအေးတဲ့အခါ အဝတ်တန်ဆာ မဝတ်ဘဲ နှင်းကျတဲ့ အထဲမှာနေတယ်၊ သွားတဲ့ အခါမှာလဲ လေးဘက်တွေားသွားတယ်၊ စားတဲ့ အခါမှာလဲ ပုံပြီးတော့ ခွေးများလို ပါးစပ်နှင့် ဟပ်ပြီးစားတယ် အဲဒါ တိတ္ထိတို့၏ အကျင့်ဖြစ်တဲ့ 'အတ္တကိလမထာ နုယောဂ' အကျင့်ခေါ်တယ် ဒီ ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂ အယုတ်တရားနှစ်ပါးဟာ ဘယ်နည်းနှင့်မှ သစ္စာလေးပါးတရားကို မမြင်နိုင်ထဲ့တရားမျိုးဘဲ။

'မဇ္ဈိမ ပဋိပဒါ' အလယ် အလတ် ဖြစ်သော တရားမှသာလျှင် သစ္စာလေးပါးကို မြင်မယ်လို့ ဟောတယ် ဒါကြောင့်....

ဘိက္ခဝေ ချစ်သားတို့၊ တထာဂတေန ငါဘုရားသည်၊အဘိသမ္ဗုဒ္ဓါ အထူးသဖြင့် သိတော်မူအပ်သော၊စက္ခုကရဏီ သစ္စာလေးပါးကိုမြင်သောပညာမျက်စိကို ပြုတတ်သော၊ဉာဏကရဏီ သစ္စာ လေးပါးကိုသိသောဉာဏ်အမြင်ကိုပြုတတ်သော၊ မဇ္ဈိမာ အယုတ်တရား နှစ်ပါး တို့၏ အလယ်၌ဖြစ်သော၊ ယာ ပဋိပဒါ အကြောင်းအကျင့်သည်၊ ဥပသမာယ ကိလေသာတို့၏ ငြိမ်းခြင်းငှါ။

အဘိညာယသစ္စာလေးပါး တရားကို အထူးသဖြင့်သိခြင်းငှါ၊သမ္ဗောဓာယ သစ္စာလေးပါးတရားကို ကောင်းစွာသိခြင်းငှါ၊ နိဗ္ဗာနာယ အနုပါဒိသေသနိဗ္ဗာန်အကျိုးငှါ၊ သံဝတ္တတိ ဖြစ်၏။

အဲဒီလို မြတ်စွာဘုရားက မဇ္ဈိမပဋိပဒါတရားမှ သစ္စာလေးပါးတရားကို သိတယ်လို့ ဟောတဲ့အခါ ဘယ်သူတဦးတယောက်မျှ မေးသူ မရှိတော့ မြတ်စွာဘုရားသခင်က 'ကထေတုကမျတာ ပုစ္ဆာ' ဖြင့် သူ့ဟာသူဘဲမေးတော်မူတယ်။

ဘိက္ခဝေ ချစ်သားတို့၊ တထာ တေန။ ငါဘုရား။ သည်။ အဘိသမ္ဗုဒ္ဓါ အထူးသ၊ဖြင့် သိတော်မူအပ်သော၊ စက္ခုကရဏီ သစ္စာလေးပါးကို မြင်သောပညာမျက်စိကို ပြုတတ်သော ဉာဏကရဏီ သစ္စာလေးပါးကို သိသော ဉာဏ်အမြင်ကို ပြုတတ်သော မဇ္ဈိမာ အယုတ်တရားနှစ်ပါးတို့၏ အလယ်၌ဖြစ်

သော သာပဋိပဒါ ထိုအကျင့်သည်၊ ကတမာ
အဘယ်နည်း။

ဘုရားသခင်က သူ့ဟာသူမေးပြီး ဘယ်သူ ဖြေနိုင်မလဲ သူ့ဟာသူဘဲဖြေရတာပေါ့။

အရိယော မြတ်သော အဋ္ဌင်္ဂိကော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အယမေဝ မဂ္ဂါ ဤမဂ္ဂင် သာလျှင်တည်း။

သစ္စာလေးပါးကို သိတာဟာ မဂ္ဂင်ရှစ်ပါးဘဲရှိတယ်လို့ ဖြေတယ် ဒီမဂ္ဂင်ရှစ်ပါးဟာ ဘယ်ဒင်း ဘာလဲလို့ 'ဣဒံ မဂ္ဂင် ဤမဂ္ဂင်ရှစ်ပါးဟူသည်၊ ကဘမာ အဘယ်နည်း' အဲဒီလို သူ့ဟာသူမေးပြီး သူ့ဟာသူဘဲဖြေတော်မူတယ်။

သမ္မာဒိဋ္ဌိ ကောင်းစွာမြင်ခြင်း,
သမ္မာသင်္ကပ္ပ ကောင်းစွာကြံခြင်း,
သမ္မာဝါစာ ကောင်းစွာဆိုခြင်း,
သမ္မာကမ္မန္တ ကောင်းစွာပြုခြင်း,
သမ္မာ အာဇီဝ ကောင်းစွာအသက်မွေးခြင်း,
သမ္မာဝါယမ ကောင်းစွာအားထုတ်ခြင်း,
သမ္မာသတိ ကောင်းစွာအောက်မေ့ခြင်း,
သမ္မာသမာဓိ ကောင်းစွာ တည်ကြည်ခြင်း,

အဲဒါ သစ္စာလေးပါးကိုတကယ်အမှန်သိတဲ့ မဇ္ဈိမ ပဋိပဒါ အကျင့်ပေါ့၊ ယခုယောဂီများ ကျင့်စဉ်အတိုင်း ဆိုလျှင် "သီလမဂ္ဂင်သုံးပါး သမာဓိမဂ္ဂင်သုံးပါး ပညာမဂ္ဂင် နှစ်ပါး" ပေါင်း ရှစ်ပါးဘဲ။

သီလမဂ္ဂင် သုံးပါးက သမ္မာ ဝါစာ ဆိုတာ မုသာဝါဒ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဆိုတဲ့ ဝစီကံ လေးပါးရှောင်ကြဉ်တာ သမ္မာ ဝါစာလို့ခေါ်တယ်။ သမ္မာ ကမ္မန္တ မဂ္ဂင် ဆိုတာက ပါဏာတိပါတ အဒိန္နာဒါန ကာမေသု မိစ္ဆာစာရ အဲဒီကာယကံ သုံးပါးကို ကြဉ်ရှောင်တာ သမ္မာ ကမ္မန္တလို့ ခေါ်တယ်၊ သမ္မာအာဇီဝမဂ္ဂင်ဆိုတာ ဒီကာယကံ သုံးပါး၊ ဝစီကံ လေးပါးကို အသက်မွေးခြင်းနှင့် စပ်ပြီးတော့ ကြဉ်ရှောင်တာ မိစ္ဆာဇီဝ ကင်းလို့ သမ္မာ အာဇီဝ မဂ္ဂင်လို့ ခေါ်တယ်။ ဒီ-သီလ မဂ္ဂင် သုံးပါးကို အရိယာ မှန်က ဤဘဝ ထိုဘဝ ဘယ်တော့မှ မကျူးလွန်ဘူး၊ မိမိ အသက်ကိုသာ အသေခံသွားမှာ၊ ဒီသီလ သုံးမျိုးကို အပျက် မခံဘူး။

သမာဓိမဂ္ဂင်သုံးပါးက ယောဂီများ အားထုတ်တဲ့အခါမှာ ဝီရိယဆိုတာက သမ္မာ ဝါယာမ မဂ္ဂင်ဘဲ၊ စိတ်၏ ငြိမ်သက် တည်ကြည်မှု ရနေတာက သမ္မာသမာဓိမဂ္ဂင်ဘဲ၊ အဲဒါ သမာဓိ မဂ္ဂင် သုံးပါးခေါ်တယ်။

ပညာမဂ္ဂင် နှစ်ပါးက ရုပ်မှန်း နာမ်မှန်း သိအောင် ကြံဆောင်ခြင်းကို သမ္မာသင်္ကပ္ပ မဂ္ဂင်လို့ခေါ်တယ်၊ ရုပ်နာမ်ကို

တွေ့တာနှင့် တပြိုင်နက် ဖြစ်ခြင်း ပျက်ခြင်းကို သိသဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ, ဆိုတဲ့ ဝိပဿနာ တရားတော်ကြီးကို လေးလေးစားစား အောက်မေ့နိုင်တာ ပညာစဉ်ဖြင့်တဲ့ သာမ္မဒိဋ္ဌိမဂ္ဂင်ပေါ့၊ သူမှ အမှန်တကယ် သစ္စာလေးပါးကို သိတာ။

ယောဂီများ အရိယာအစစ် မဖြစ်ခင် စူဋသောတာပန် ကလျာဏ ပုထုဇဉ် အဖြစ်နှင့် သိရတဲ့ သစ္စာလေးပါးက 'အနုဗောဓ'သိ ခေါ်တယ်၊ အရိယာအစစ်ဖြစ်၍ သစ္စာလေးပါးကို သိတာက 'ပဋိဝေဓ' သိခြင်းလို့ ခေါ်တယ် အနုဗောဓ သိခြင်းကို ရနိုင်လျှင် ပဋိဝေဓ သိခြင်းဟာ မလွဲတော့ဘူးဆိုတာ ယုံကြည်ပြီး အားထုတ်ကြဘို့ဘဲ၊ သစ္စာလေးပါးသိတာဟာ 'သစ္စာလေးချက်တပြိုင်နက်' ဆိုတဲ့အတိုင်းတပြိုင်နက် တချက်ထဲ သိတယ်။

ဥပမာ။ ။မီးထွန်းတဲ့အခါ မီးစာကို မီးငြိတာရယ် အလင်းရောင် ရောက်တာရယ်၊ အမှောင် ပျောက်တာရယ် ဆီကုန်တာရယ်၊တပြိုင်နက်ဖြစ်သလိုဘဲပြောစရာရှိလို့ လေးကြိမ်ပြောရတာ တကယ်ဆိုတော့ မီးစာမီးငြိတာနှင့် တပြိုင်နက်လေးကိစ္စပြီးသွားတာဘဲ အဲဒါ ဥပမာဘဲ။

ဒုက္ခသစ္စာ ပိုင်းခြား၍သိ၊သမုဒယသစ္စာပယ်၊ နိရောဓသစ္စာ မျက်မှောက်ပြု မဂ္ဂသစ္စာပွါး လေးပါးဆိုတယ်၊ ဒါဆိုစရာရှိလို့ ဆိုတာ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ့တာနှင့်တပြိုင်နက် ဒုက္ခမှန်းသိတယ် ထိုဒုက္ခကို မလိုချင်ဘူးဆိုကတဲ့က သမုဒယတဏှာ ပြတ်သွားပြီး သမုဒယ ပြတ်ကတဲက နိဗ္ဗာန်ကိုမျက်မှောက် ပြု

ပြီးဖြစ်နေပြီ၊ ဒုက္ခမှန်းသိတာဘယ်သူလဲ သမ္မာဒိဋ္ဌိမဂ္ဂသစ္စာပွါး ပြီးဖြစ်နေပြီမဟုတ်လား၊ ဒါသစ္စာလေးချက် တပြိုင်နက်ဘဲ၊ အဲဒီ သစ္စာလေးပါးကို မြင်တာဟာ မဇ္ဈိမပဋိပဒါဆိုတဲ့ မဂ္ဂင်ရှစ် ပါးပေါ့၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက

> ဘိက္ခဝေ ချစ်သားတို့ တထာဂတေန ငါဘုရား သည် အဘိသမ္ဗုဒ္ဓါ အထူးသဖြင့်သိတော်မူအပ် သော၊ စက္ခုကရဏီ သစ္စာလေးပါးကိုသိသောပညာ မျက်စိကိုပြုတတ်သော၊ ဉာဏကရဏီ သစ္စာလေးပါး ကိုသိသော၊ ဉာဏ်အမြင်ကိုပြုတတ်သော မဇ္ဈိမာ အယုတ်တရားနှစ်ပါးတို့၏အလယ်၌ဖြစ်သော၊ အယံ ခေါသာပဋိပဒါ ဤမဂ္ဂင်ရှစ်ပါး တည်းဟူသော အကျင့်သည်၊ ဥပသမာယ ကိလေသာတို့၏ ငြိမ်း ခြင်းငှါ၊ အဘိညာဿယ သစ္စာလေးပါးတရားကိုအထူး သဖြင့် သိခြင်းငှါ၊ သမ္ဗောဓာယ သစ္စာလေးပါး တရားကို ကောင်းစွာသိခြင်းငှါ၊ နိဗ္ဗာနာယ အနု ပါဒိသေသ နိဗ္ဗာန်အကျိုးငှါ သံဝတ္တတိ ဖြစ်၏။

အဲဒါမြတ်စွာဘုရားကိုယ်တိုင် ပဉ္စဝဂ္ဂီငါးဦး အမှူးသား ပြီး နတ်အသင်္ချေ ပြဟ္မာတသယ့် ရှစ်ကုဋေတို့ကို သစ္စာလေး ပါး သိနိုင်တဲ့အကျင့်တရား ဟောလို့ ကျင့်ကြ သောကြောင့် အရိယာဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြတာ၊ ဒါဟာ ဝိပဿနာ အစစ်ပါဘဲ၊ ထူးတာမဟုတ်ပါဘူး၊ ဒါကြောင့်မေတ္တာ သုတ်မှာ သစ္စာလေးပါးသိမှ နိဗ္ဗာန်ရမယ်၊ သစ္စာလေးပါး သိ အောင် လိမ္မာတဲ့ ပုဂ္ဂိုလ်များ ကျင့်ကြလို့ ဟောတာ၊ တစိမ့်

စိမ့်စဉ်းစားပါ၊ ငါဟာသစ္စာလေးပါးကိုမသိသေးရင် တနေ့ ငါ အပါယ်ကျမှာဘဲဆိုတာ မျှားမျှားကြီးစဉ်းစားကြဘို့ပေါ့။ အဲဒီ မေတ္တာသုတ် အဆုံးနားမှာ ဆိုထားသေးတယ်။

တိဋ္ဌံ စရံ နိသိန္နောဝ သယာနော
ယာဝတာ ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မံမေတံ ဝိဟာရမိဓ မာဟု။

တိဋ္ဌံဝါ- ရပ်သော်၎င်း၊ စရံဝါ- သွားသော်၎င်း၊ နိသိန္နောဝါ-ထိုင်သော်၎င်း၊သယာနောဝါလျောင်း သော်၎င်း၊ယာဝတာ- အကြင်မျှလောက်သော ကာ လပတ်လုံး၊ ဝိတမိဒ္ဓေါ- အိပ်ချင်ခြင်း၊ငိုက်မျည်းခြင်း ကင်းသည်၊ အဿ - ဖြစ်ရာ၏၊ တာဝတာ ထိုမျှ လောက်သောကာလပတ်လုံး၊ဧတံထိုသတိသဖြင့်ယှဉ် ၍နေခြင်းကို၊ အဓိဋ္ဌေယျဆောက်တည်ရာ၏၊ ဧတံဝိ ဟာရံ ထိုသတိဖြင့်ယှဉ်၍ နေခြင်းကို ဗြဟ္မံ မြတ် သော၊ ဝိဟာရံ နေခြင်းဟူ၍ ဗုဒ္ဓါ မြတ်စွာဘုရား တို့သည်၊ အာဟု ဟောတော်မူကုန်ပြီ။

မြန်မာလိုသက်သက်ဆိုရင် ရပ်သော်၎င်း သွားသော်၎င်း ထိုင်သော်၎င်း အိပ်သော်၎င်း ဣရိယာပုတ်လေးပါးစလုံး အမြဲ သတိရှိရမယ်၊ ဒီလို အမြဲသတိရှိလျှင်ဘာဖြစ်မလဲ၊ မြတ်သောနေ ခြင်းလို့ ဟောသွားတယ်၊ ဒါဖြင့် ပြောင်းပြန်လှန်၍ ကောက် ယူကြည့်လိုက်စမ်း၊ ဣရိယာပုတ် လေးပါးမှာ သတိကင်းနေရင် မမြတ်ဘူးပေါ့၊ ကောင်းပြီ မမြတ်ရင်ဘာဖြစ်မလဲ ရှုံးတာပေါ့

ကိုင်းအရှုံး အမြတ်တွက်စမ်း ကုန်ဈောင်းတဲ့ ပုဂ္ဂိုလ်များဟာ မိမိရင်းနှီးထားတဲ့အရင်းသက် ပိုလျှံရလျှင်မြတ်တယ် မိမိရဲ့အရင်းအနှီးသက် ယုတ်လျော့သွားလျှင်ရှုံးတယ်၊ ဒီတော့မြတ်စွာဘုရားက အရှုံးအမြတ် ဟောသွားတယ် မဟုတ်လား၊ စဉ်းစားကြည့်၊ အမှတ်မဲ့တော့မသိဘူးပေါ့၊စဉ်းစားလိုက်တဲ့အခါ မိမိတို့ရရှိထားတဲ့ လူ့ဘဝဟာ အရင်းပါဘဲ၊ မြတ်မယ်ဆိုလျှင် ရရှိထားတဲ့ လူ့ဘဝထက်မြင့်မြတ်ရာ ရောက်မယ်မဟုတ်လား၊ ရှုံးတယ်ဆိုတာက ယခုရရှိထားတဲ့ လူ့ဘဝရဲ့ အောက်ဘန်း ကျသွားမယ်မဟုတ်လား၊ ဒီတော့ မိမိဘို့ကိုယ်ကို အမြတ်နှင့် သေကြမလား၊ အရှုံးခံ၍ သေကြမလားဆိုတာ အကြိမ်ကြိမ်ခဝဘန်စဉ်းစားကြဘို့ဘဲ

ယခု ဟောပြောသွားတဲ့သတိအမြဲပွါးရမယ် ဆိုတာ သတိဟာမေတ္တာသုတ်မှာဖြစ်လို့နိသျှဆရာက မေတ္တာနှင့်ယှဉ်သောသတိလို့ အနက်ပြန် ဆိုသွားတယ်၊ 'မေတ္တာ သတိ'ဟာလဲ အသွန်အဘိုးတန်ပါတယ်၊ သို့သော်လဲ ဘုရားသခင်ရဲ့ အလိုတော်ကျနှင့် စဉ်စားမယ်ဆိုလျှင် မေတ္တာသတိ မဖြစ်နိုင်ဘူးလို့ထင်တယ် ဘာ့ကြောင့်လဲဆိုလျှင်နောက်နားကပုဒ်က ဒိဋ္ဌိ့စ မိစ္ဆာဒိဋ္ဌိသို့လည်း၊ အနုပဂ္ဂမ္မ မကပ်မူ၍သို့ တိုက်ချိုက်ပါလေတော့ မေတ္တာသတိကဒုက္ခိတသုခိတ သတ္တဝါပညတ်ကို အာရုံပြုတယ်ဆိုတော့ ဘယ်နည်းနှင့်မှ ဒိဋ္ဌိမပြုတ်နိုင်ဘူး ဒီတော့ ဒိဋ္ဌိပြုတ်တဲ့သတိကိုရှာရလိမ့်မယ်၊ ကောင်းပြီ ဒိဋ္ဌိပြုတ်တဲ့သတိကို ဘုရားသခင် ဘယ်မှာဟောသလဲဆိုလျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး ဆဲဆဲမှာ သတိမြဲဘို့ ဟောပြသွားတယ်။ နောက်ဆုံး 'ပစ္ဆိမဗုဒ္ဓဝစန' မိန့်ခွန်းတော်က

ဟာနံ့ ဒါနီ ဘိက္ခဝေ,
အာမန္တယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ,
အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ ရုပ်နာမ် နှစ်ဖြာဌ် တွယ်တာ နှစ်သက်ခြင်းမရှိတဲ့ ချစ်သမီး ချစ်သား ရဟန်းများတို့၊ ဟန္ဒငါတိုက်တွန်း၏၊ ဒါနိ ယခုအခါ၌၊ ဝေါတုမှာကံသင်ချစ်သားချစ်သမီးတို့အား၊အာမန္တယာမိ ငါဘုရားနောက်ဆုံး မိန့်ရန်ခေါ်တော်မူ၏ သင်္ခါရာ ကံစိတ်ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင် အပ်ကုန်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ ဝယဓမ္မာ ပျက်တတ်သော သဘောရှိကုန်၏၊အပ္ပမာဒေန ဖြစ်ခြင်းပျက်ခြင်းကို မမေ့လျော့သော သတိတရားနှင့်၊သမ္ပာဒေထ နေ့ရောညပါဘယ်ခါမစဲအမြဲနိစ္စ ပြည့်စုံရစ်ကြကုန်လော့။

အဲဒီ သတိမှ မုချ ဒိဋ္ဌိပြုတ်တဲ့ သတိဘဲ၊မေတ္တာ သတိနှင့် ဒိဋ္ဌိပြုတ်တဲ့ ရုပ်နာမ်ဖြစ်ပျက် သိတဲ့သတိကို ကွဲပြားအောင် နှလုံးသွင်းရမယ်၊ ဒိဋ္ဌိ အမှန် ပြုတ်ကြောင်းကို မြတ်စွာဘုရားသားတော်ရဟုလာကို ဟောတဲ့အခန်းမှာ အင်မတန် ထင်ရှားပါတယ်၊ ပထဝီဓာတ်ကိုဘဲ တွေ့တွေ့ တေဇောဓာတ်ကိုဘဲတွေ့

တွေ့ သို့မဟုတ် ဝါယောဓာတ်ကိုဘဲ တွေ့တွေ့ မုချဒိဋ္ဌိပြုတ်တယ် ဆိုတဲ့ အကြောင်း သံယုတ်ပါဠိတော်မှာ

> ပထဝီဓာတုံ ခေါရာဟုလ အနိစ္စတော ဇာနတော ပဿတော
> သက္ကာယဒိဋ္ဌိံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ရာဟုလ ချစ်သား ရာဟုလာ၊ ခေါ စင်စစ်၊ ပထဝီ ဓာတုံ ပထဝီဓာတ်ကို၊ ပထဝီဓာတ်ကိုတွေ့တော့ဘယ်လိုတွေ့မလဲ ဆိုလျှင် ပထဝီက မာတာနူးညံ့တာ ဆိုတော့ နူးညံ့ ပထဝီက မထင်ရှားလှဘူး၊ အမာဓာတ်နှင့် တွေ့တော့ နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ် တောင့်တယ် တင်းတယ် အဲတာ ဘယ်သူနှင့် တွေ့တာလဲ ကိုယ်နှင့်တွေ့တာ၊ ကိုယ်နှင့်တွေ့လို့ ကာယဝိညာဏ်ဆိုတဲ့ စိတ်နာမ်က သိတာပေါ့။

> ရာဟုလ ချစ်သား ရာဟုလာ၊ ပထဝီဓာတုံ ပထဝီဓာတ်ကိုအနိစ္စတော မမြဲဘူး ဟူ၍၊ ဇာနတော သိသောသူအား ပဿတော မြင်သောသူအား၊ သက္ကာယဒိဋ္ဌိကို ပဇဟတိ စွန့်၏၊ အဝိဇ္ဇာ အဝိဇ္ဇာကို၊ ပဟီယတိ ပယ်၏၊ ဝိဇ္ဇာ ဝိဇ္ဇာဉာဏ်သည်၊ ဥပ္ပဇ္ဇတိ ဖြစ်ပေါ်လာ၏။

အဲဒါ အမြဲမှတ်သားကြဘို့ဘဲ ဘယ်နည်းနှင့်မဆို ရုပ် နာမ် ဖြစ်ပျက်မသိသမျှ ဒိဋ္ဌိဘယ်အခါမှမပယ်နိုင်ဘူးဆိုတာ စွဲစွဲမြဲမြဲ မှတ်သားကျဘို့ပေါ့၊ ဒ ကြောင့်မေတ္တာသုတ်၌

> ဒိဋ္ဌိဉ္စ မိစ္ဆာဒိဋ္ဌိသို့လည်း၊ အနုပဂ္ဂမ္မ မကပ်မူ၍ ဒဿနေန
> သောတာပတ္တိမဂ်ဉာဏ်နှင့် သမ္ပန္နော ပြည့်စုံသည်ဖြစ်

ရှိ။ ကာမေသု တေဘုမ္မကာသင်္ခါရ တည်းဟူသော ဝတ္ထုကာမတို့၌၊ ဂေဓံ- ကာမစ္ဆန္ဒ တည်းဟူသော ကိလေသာကာမကို၊ဝိနယ ပယ်ဖျောက်၍၊ဇာတု ကော ပုန တဖန် ဂဗ္ဘသေယျံ အမိဝမ်း၌ ပဋိသန္ဓေနေခြင်း သို့၊ နဟိဧတိ မရောက်ရလတံ့။

အဲဒီ ပါဠိတော်ဟာ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ တရားကြီးဘဲ၊ ဒီတရားတော်ကို "သိဿာနု သိဿ" အစဉ်အဆက် ယခုတိုင်အောင်မြို့တိုင်း ရပ်တိုင်း အိမ်တိုင်း ဆိုသလိုသံဃာတော် အရှင်မြတ်များ အမြဲပြောဟော သော့ရှိ တယ်ဆိုတာ ဗုဒ္ဓဘာသာအယူရှိကြကုန်သော ပုဂ္ဂိုလ်တိုင်းသိရှိကြ ပါလိမ့်မယ်။

ဒါကြောင့် ယခု ဝိပဿနာတရားတော်ကြီးဟာ ဒိဋ္ဌိပြုတ် ပြီး သောတာပတ္တိ မဂ်ဉာဏ်နှင့် နိဗ္ဗာန်ကို မျက်မှောက် ပြုလျက် နောက်ဆုံး ရဟန္တာ အဖြစ်နှင့် နိဗ္ဗာန်ကို ကူးမြောက် သဖြင့် နောက်တဖန် အမှန် ပဋိသန္ဓေမနေရဘူးဆိုတာ မြတ်စွာဘုရား ဟောဘော်မူသဖြင့် ပဋိသန္ဓေမနေရတဲ့ နိဗ္ဗာန်ကို အမြန်ဆုံးနည်း နှင့် မျက်မှောက်ပြုနိုင်အောင် ရပ်တရား နာမ်တရားများကို ဤရိ ယာပုတ်လေးပါး၌ အလပ်မပေးဘဲ ဖြစ်ပျက် ဆိုတဲ့သတိတရား ဖြင့်အမြဲမပြတ် ပွားများ အားထုတ်ကြရန် တိုက်တွန်း အပ်ပါ သည်၊

## ပဓာန ငါးချက်

ဝိပဿနာ အလုပ် အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များမှာ ပ ဓာန ငါးချက်နှင့် ပြည့်စုံမှ အရိယာဝိဇ္ဇာလမ်း ပေါက်အောင်

အဘိုးထုတ်ကြမှာ ဒီပဓာန ငါးချက်က ဘယ်သူတွေပါလဲဆို လျှင်........

၁။ ဘုရား၌ယုံကြည်ခြင်း,
၂။ ကျန်းမာခြင်း,
၃။ စိတ်နှလုံးဖြောင့်စင်းခြင်း,
၄။ ဝီရိယထက်သန်ခြင်း,
၅။ ရုပ်နာမ်ခန္ဓာတို့၏ခဏအစဉ်အတိုင်းအဆင့်ဆင့် ဖြစ်ပွါး ချုပ်ကွယ်မှုတို့၌ ဉာဏ်၏ စူးရှခြင်း,

အဲဒီငါးချက်ဟာ အရေးကြီးဆုံးဘဲ၊ ဤအင်္ဂါ ငါးချက် နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အရိယာဝိဇ္ဇာလမ်းကိုမျက်မှောက် သော ဘဝ၌ပင် ပေါက်ရောက်နိုင်တယ်။

၁။ ဘုရား၌ ယုံကြည်ခြင်း

သဒ္ဓေါ ဟောတိ သဒ္ဒဟတိ တထာဂတဿဗောဓိံ၊
ပဉ္စင်္ဂုတ္တရပါဠိတော်။

သဒ္ဓေါ ထက်သန်သော သဒ္ဓါတရားနှင့်ပြည့်စုံသည် ဟောတိ ဖြစ်၏၊ တထာဂတဿ ငါဘုရား၏၊ဗောဓိံ အဟုတ် အမှန် ထိုးထွင်းသော ဉာဏ်တော်ကို သဒ္ဒဟတိ ယုံကြည်၏။

အဲဒီ သဒ္ဓါက ဘာကို ယုံကြည်သလဲဆိုလျှင် ဘုရား၌ မ ဘုန်မလှုပ်သက်ဝင်ယုံကြည်ခြင်း,သံဃာတော်၌သက်ဝင်ယုံကြည်

ငြင်ကို ခေါ်တယ်၊ ဒီသဒ္ဓါ က တမျိုးထဲမဟုတ်ဘူး လေးမျိုးရှိ ပြန်တယ်။

၁။ အဓိဂမသဒ္ဓါ၊

၂။ အာဂမသဒ္ဓါ၊

၃။ သြကပ္ပနသဒ္ဓါ၊

၄။ ပသန္နသဒ္ဓါ၊ဟုလေးမျိုးရှိတယ်၊

၎င်းလေးမျိုးတို့တွင် ၁ နံပါတ်ဖြစ်တဲ့ 'အဓိဂမသဒ္ဓါ'မျိုး ကိုပုဂ္ဂိုလ်တိုင်းမရနိုင်ဘူး၊ ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ရနိုင်သလဲဆိုလျှင် ဘုရားပစ္စေကဗုဒ္ဓါအစရှိသောအရိယာပုဂ္ဂိုလ်များမှရနိုင်တဲ့သဒ္ဓါ မျိုးဖြစ်တယ်။

အဲဒီ အဓိဂမသဒ္ဓါဆိုတာ လွန်ကဲသော သဒ္ဓါလို့ ခေါ်တယ်၊ ဘာ့ကြောင့်လဲဆိုလျှင် ထိုအဓိဂမသဒ္ဓါ ရရှိတဲ့ ပုဂ္ဂိုလ်မျိုးက နိဗ္ဗာန်ထိအောင် ဘယ်အခါမှမပျက်တဲ့သဒ္ဓါမျိုးဘဲ'အာဂမသဒ္ဓါ' မျိုးကိုလဲပုဂ္ဂိုလ်တိုင်းမရနိုင်ဘူး၊ ဘယ်လိုပုဂ္ဂိုလ်များရနိုင်သလဲဆိုလျှင် နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်း ပစ္စေကဗုဒ္ဓါအလောင်း ရဟန္တာအလောင်းများ ရနိုင်တယ်၊ အဲဒီ အာဂမသဒ္ဓါကလဲ ဖြစ်လေရာ ဘဝတိုင်းမှာပင် ဘယ်တော့မှ မပျက်တော့ဘူး၊ အယုတ်ဆုံး တိရစ္ဆာန်ဘဝ ရောက်နေတောင် သဒ္ဓါ ယုံကြည်ခြင်းမပျက်ဘူး၊ ဒါကြောင့်နိပါတ်တော်ထဲမှာ 'ဖျံရယ် မြေခွေးရယ် မျောက်ရယ် ယုန်ရယ်' အဲဒီတိရစ္ဆာန်လေးဦးဟာ ဘာသာချင်းမတူသော်လဲ အာဂမသဒ္ဓါရှိတဲ့ ပုဂ္ဂိုလ်ချင်း တူကြတယ်။

ပုဗ္ဗေ၀ သံနိ၀ါသေန,
ပစ္စုပ္ပန္န ဟိတေနဝါ၊
ဧဝံ တံ ဇာယတေပေမံ,
ဥပ္ပလံ၀ ယထောဒကေ။

ဓမ္မပဒ။

ပုဗ္ဗေ၀ သံနိ၀ါသေန-ရှေးရှေးဘ၀ အတိတ်ကာလက ဆွေ ဥာ တကာ တော်စပ် ခဲ့ဘူးသော ကြောင့်ရင်း ပစ္စုပ္ပန္နဟိတေနဝါ-ယခုဒိဋ္ဌပစ္စက္ခ၌ တယောက် သည် တယောက်အား အကျိုးစီးပွားကို လိုလားသော ကြောင့်ရင်း၊ ပေမံ-မြင်လျှင်မြင်ခြင်း တယောက် သည် တယောက်အား ချစ်ခင်ခြင်းသည်၊ ဇာယ တေ=ဖြစ်ပေါ်လာ၏။ ကိမိဝ- အဘယ်ကဲ့သို့နည်း ဟူမူကား၊ ဥပ္ပလံ-ကြာသည်၊ ဥဒကဥ္စ- ရေကိုရင်း၊ ကဒ္ဒမဥ္စ- ညွန်ကိုရင်း၊ ပဋိစ္စ-စွဲ၍၊ ဇာယတေယထာ- ပေါက် ရောက် ၍ လာသကဲ့သို့၊ ဧဝံတထာ- ထို့ အတူ၊ တံမေမံ- ထိုမြင်လျှင် မြင်ခြင်း တယောက် သည် တယောက်အား ချစ်ခင်သည့် မေတ္တာစိတ် သည်၊ ဇာယတေဖြစ်၏။

ဤသည့် ပါဠိတော်အရ -ဖျံရယ် မြေခွေးရယ် မျောက် ရယ် ယုန်ရယ် လေးဦးသား ချစ်ခင်စွာ ပေါင်းသင်းဆက်ဆံ နေထိုင်ကြတယ်၊ တနေ့သော အခါကျတော့ ‘ငိတ်ဆွေတို့ မနက်ဖြန်ခါ ဥပုသ်နေ့ ကြုံနေပါကလား’ လို့ တဦးက ပြော လိုက်ရင်ဘဲ ‘အေး.... ဟုတ်တယ်၊ ဥပုသ်နေ့ ကြုံလျှင် ဥပုသ်

စောင့်ကြမှာဘဲ’ တဲ့၊ ဒီတော့ တဦးသောပုဂ္ဂိုလ်က ‘ဥပုသ်စောင့် လို့ရှိလျှင် ဒါနလေးလဲ ပါမှ ကောင်းမယ်’ လို့ ပြောတယ်၊ ဒီတော့.... အသီးသီး လူစရာ ဒါနဝတ္ထု ရှာဖွေကြသတဲ့၊ ဒီလို ရှာဖွေတဲ့ အခါမှာ ဖျံက မိမိကျက်စားနေကျ ‘ဂင်္ဂါမြစ်’ ကမ်းနားလျှောက်ပြီး ရှာဖွေတဲ့အခါ တံငါသည်များ ကင်ထားတဲ့ ငါးကြင်းကင်ကို သွားပြီးတွေ့တယ်၊ ငါးကြင်းကင် သွားတွေ့တော့ ဒီ....ငါးကြင်းကင်ဟာ အရှင်ရှိသလား မရှိသလား ဆိုတာ ငါမသိဘူး၊ အရှင်ရှိလျှင်လဲ မယူဘူး၊ အရှင် မရှိမှသာလျှင် ယူမယ်’ လို့ သုံးကြိမ် တိုင်တိုင် ကြွေးကြော် လိုက်တယ်၊ အဲဒါ စဉ်းစားကြည့်၊ တိရစ္ဆာန်ပင် ဖြစ်သော်လဲ သူတပါး ပစ္စည်းကို ခိုးမယူဘူး၊ ဒီလိုသုံးကြိမ်တိုင်တိုင် ကြွေးကြော်လိုက်သော်လည်းအရှင်မပေါ်လာဘူး၊ အရှင်မပေါ်တော့မှ‘တော်လှပြီ မနက်ဖြန်ခါလှူဒါန်းရန် လှူဘွယ်ဝတ္ထုရပြီ’ လို့ အားရ ပါးရ ငါးကြင်းကင်ကို ယူပြီးသွားတယ်။

မြေခွေး ကလဲ သူ၏စားကျက် ဟိမဝန္တာတော သွားပြီး ဒါနဝတ္ထု ရှာဖွေတယ်၊ အဆင်သင့်ဘဲ မုဆိုးများကင်ထားတဲ့ အမဲကင်နှင့် နို့ဓမ်းအိုးကို တွေ့ဘယ်၊ ဒီလိုတွေ့တော့ အရှင်ရှိမရှိကို သုံးကြိမ်ကြွေးကြော်လိုက်တယ်၊ သုံးကြိမ်ကြွေးကြော်လိုက်လို့ အရှင်မပေါ်တော့မှ အားရ ဝမ်းမြောက်စွာ အမဲကင်နှင့် နို့ဓမ်းအိုးကို ယူသွားတယ်။

မျောက်က လဲဘဲ သစ်ပင် တောတောင်တွေကို လျှောက် ပြီး ကောင်းနိုးရာရာ သစ်သီးဝလံ လှည့်လည်ရှာဖွေရင်း ပျားများမစုတ်ဘဲပျံ့သွားတဲ့ ပျားလဘိုကြီးတွေတော့ အား ရပါးရ ပွဲသုကူ ရပြီဆိုပြီး ပျားလဘိုနှင့်သစ်သီးများကိုယူပြီးသွားဘယ်။

ယုန်ကတော့ 'အင်း....သူတို့ကတော့ အသီးသီး လှူစရာ ပစ္စည်းတွေရတယ်၊ ငါကတော့ မြက်စားတဲ့သတ္တဝါ၊ ငါ့မြက်ကို လှူလို့လဲ အလှူခံပုဂ္ဂိုလ်က ယူမှာမဟုတ်ဘူး၊ အကယ်၍ အလှူခံ ပုဂ္ဂိုလ်များ ပေါ်ပေါက်လို့ ရှိလျှင် ငါ၏ အသားကို အလိုရှိက ငါ့အသားကို လှူမယ်'လို့ ဒီလို စိတ္တုပ္ပါဒ် လိုက်တယ်၊ အဓိဋ္ဌာန် ပြုလိုက်တယ်ဆိုလျှင်ဘဲ တာဝတိံသာ နတ်ပြည်မှ သိကြားမင်း ပဏ္ဍုကမ္ဗလာ တင်းမာပူပြင်းလေတော့ လူ့ပြည်ကို ကြည့်လိုက်တဲ့အခါ လေးဦးသားရဲ့ အဓိဋ္ဌာန်ကို သိသဖြင့် သိကြားမင်းကိုယ်တိုင် ပုဏ္ဏားယောင်ဆောင်ပြီး အလှူခံ ဆင်းလာတယ်။

အဲဒီလို ပုဏ္ဏားကြီး အလှူခံလာတာ မြင်ရတော့ အားရဝမ်းမြောက်စွာနှင့် ပြောဆိုကြတယ်၊ "ပုဏ္ဏားကြီး ကျုပ်တို့ လေးဦးသား အလှူခံမျှော်နေကြတာ အဘော်ဘဲ" ဆိုပြီး ဖျံကလဲ သူရရှိလာတဲ့ ငါးကြင်းကင်လှူလို့, မျောက်ကလဲ အမဲကင်နှင့် နို့ဓမ်းအိုးကိုလှူလို့, မျောက်ကလဲ သစ်သီး များနှင့် ပျားလဘို့ကြီး လှူလို့, အသီးသီး လက်ခံရရှိလေတော့ ပုဏ္ဏားကြီးက "အေး-အေး ငါအလှူခံပါတယ်၊ သို့သော်လဲ မင်းတို့ရဲ့ ပစ္စည်းတွေ မင်းတို့ အနားမှာဘဲထားကြအုံး၊ ငါအလိုရှိတဲ့အခါမှ ယူမယ်"ဆိုပြီး ယုန်ရှိရာကိုသွားတယ်၊ ယုန်က 'အသင် ပုဏ္ဏားကြီး ကျွန်ုပ်မှာတော့ လှူစရာ ဘာမျှမရှိဘူး၊ သို့သော် အသင် ပုဏ္ဏား အလိုရှိပါက ကျွန်ုပ်အသားကို လှူပါမယ်လို့, ပြောတယ်၊ ဒီတော့ ပုဏ္ဏားက 'အသင်ယုန် အသင့် အသား ကို ကျွန်ုပ် အလိုရှိတာပေါ့'လို့ ပြောလိုက်တော့ ယုန်က 'ကောင်းပြီ အသင် ကျွန်ုပ်အသားကိုအလိုရှိလျှင် မီးဖိုပါ'လို့ ပြောလိုက်တယ်

ဖုဏ္ဏားကြီးကလဲ မီးဖိုလိုက်တာပေါ့၊ ဒီတော့မှ ယုန်ကလေးက သူရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ အညစ် အကြေး အလျှေး အမွှား တို့ကို ပယ်ရှားပြီး တခါတည်း မီးပုံထဲ ခုန်ဆင်းလိုက်တယ်။ အဲဒါ ယောဂီများ စဉ်းစားကြဘို့ဘဲ၊ မြတ်စွာဘုရားသခင်ဟာ သူ ဟောတဲ့တရားကို သူအမြဲကျင့်တယ်၊ မြတ်စွာဘုရားက ဘယ်လို ဟောသလဲဆိုလျှင်–

အတ္တာနဉ္စေ ပိယံဇညာ,
ရက္ခေယျ နံ သုရက္ခိတံ၊
တိဏ္ဏ မညတရံ ယာမံ,
ပဋိဇဂ္ဂေယျ ပဏ္ဍိတော။
ဓမ္မပဒ။

အတ္တာနံ- မိမိ ကိုယ်ကို၊ ပိယံ ချစ်မြတ်နိုးသည်၏ အဖြစ်ကို၊ စေဇညာ အကယ်၍သိငြားအံ့၊ သုရက္ခိတံ ကောင်းစွာ စောင့်ရှောက်အပ်သော၊ နံအတ္တာနံ ထိုမိမိကိုယ်ကို၊ ရက္ခေယျစောင့်ရှောက်ရာ၏၊ ပဏ္ဍိတော ပညာရှိသောသူသည်၊ တိဏ္ဏံ သုံးပါးသောအရွယ်တို့ တွင် အညတရံယာမံတပါးပါးသော အရွယ်ကိုပဋိဇ ဂ္ဂေယျ သုတ်သင်ရာ၏။

ဆိုလိုရင်း အဓိပ္ပါယ်က မိမိကိုယ်ကို ချစ်ရမယ်တဲ့၊ ကိုင်း စဉ်းစားစမ်း၊ ဘယ်ကိုယ်ကိုချစ်ရမလဲ၊ ယခုသူ့ကိုယ်ကိုသူချစ်လို့ မီးဖိုထဲခုန်ချပြီးအသက်ကို စွန့်လျက် အသားကိုလှူတယ်၊ အဲ့ဒါ သူ့ကိုယ်ကိုချစ်လို့လှူတာ၊ အဲ့ဒီအလောင်းတော် ယုန်မင်း နှင့် ဆက်စပ်ပြီးကြည့်စမ်း။

မြတ်စွာဘုရား အလောင်းတော်ဟာ သူ့ကိုယ်ကိုသူချစ်လို့ ဦးခေါင်းတော်ကိုဖြတ်ပြီး လှူခဲ့တာ မပျောက်မပျက် အောင်စုပုံထားမယ်ဆိုလျှင်မြင့်မိုရ်တောင်က နည်းအုံးမယ်၊ဦးခေါင်းတော်ကများမယ်တဲ့၊ မျက်လုံးတော်တွေကို လှူခဲ့တာလဲ မပျောက်မပျက်အောင်စုပုံထားမယ်ဆိုလျှင် ကောင်းကင်က ကြယ်တွေက နည်းအုံးမယ်၊ မျက်လုံးတော် တွေကများမယ်တဲ့ အသားတော်တွေ၊လှူတာကကော မဟာပထဝီမြေကြီးကနည်းမယ်၊အသားတော်တွေကများမယ်တဲ့ အသွေးတော်တွေ လှူတာကကော မဟာသမုဒ္ဒရာရေက နည်းပြီးအသွေးတော်တွေကများမယ်တဲ့။

အဲဒါစဉ်းစားဘို့ဘဲ၊ သူ့ကိုယ်ကို ချစ်တယ်ဆိုတဲ့ သဘောဟာ၊ မိမိရဲ့ခန္ဓာကိုယ်ကိုမငဲ့ဘဲ လှူတာတွေသူ့ကိုယ်သူချစ်လို့တဲ့ အဲ့ဒီ ဘုရားဟောအတိုင်း ယခုလူတွေဟာ မိမိကိုယ်ကိုဘယ်လောက်ချစ်ကြသလဲဆိုလျှင် မိမိကိုယ်ကိုချစ်သဖြင့် သူတပါးရဲ့အသက်ကို သတ်ပြီးတော့ကျွေးကြတယ်၊ သူတပါးဥစ္စာကို ခိုးပြီးကျွေးကြတယ်၊ 'မုသာဝါဒကံတွေ' နှင့် လိမ်လည်လှည့်ဖြား ပြီးတော့၊ စီးပွါးရှာကျွေးကြတယ်၊ အဲဒါမိမိကိုယ်ကိုမိမိချစ်လို့တဲ့။

ကဲ ဘုရားသခင်အလိုဘော်ကျနှင့် မည်မျှလောက် ကွာခြားနေသလဲ၊ စဉ်းစားကြည့်ကြစမ်း၊ မိမိကိုယ်ကို ချစ်ရမယ်လို့ ဘုရားသခင်ကဟောတယ်၊ ဘယ်ကိုယ်ကိုချစ်မလဲ မိမိကိုယ်ကို ငါလို့စွဲလမ်းရင်လဲ 'သက္ကာယဒိဋ္ဌိတွေ'။

ကိုင်းဒီလိုဆိုလျှင်ဘယ်လိုလုပ်ကြမလဲ၊မိမိကိုယ်ကို ချစ်ရမယ်ဟောတယ်၊ မိမိကိုယ်ကို ငါလို့စွဲလမ်းလျှင်လဲ သက္ကာယဒိဋ္ဌိတဲ့ အဲ့ဒါ အထူးစဉ်းစားဘို့ဘဲ။

မြတ်စွာဘုရားသခင်ဟာ ကိုယ်တော်တိုင် ကျင့်ပြတယ် မဟုတ်လား၊ မိမိကိုယ်ကို ချစ်လို့ ဦးခေါင်းလှူ မျက်လုံးလှူ အသားလှူ အသွေးလှူ အဲဒီလိုလှူတာ မိမိကိုယ်ကိုချစ်လို့တဲ့ ယခုလူတွေ မိမိကိုယ်ကိုချစ်တာက မကောင်းမှုနဲ့ရှာကြံပြီးတော့ အသက်မွေးကြတယ်၊ အချစ်ချင်းတော့ ကွာခြားနေပြီမဟုတ်လား၊ တကယ်ချစ်အပ်တဲ့ကိုယ်ကို မြင်တို့က ဥာဏ်စခန်းဖြစ်၍ 'ဥာဏ်စခန်း' ကိုရောက်အောင်ကြိုးစားကြ အားထုတ်ကြ။

ဘုရားအလောင်း ယုန်မင်းသည် သူ့အသက်ကို သူချစ်သဖြင့်၊ အသက်ကိုစွန့်၍အသားကိုလှူတာ၊ အဲဒီလိုမီးဖိုထဲခုန်ဆင်းလိုက်တော့ မီးကမလောင်ဘဲကိုး၊ ဒီတော့မှ ယုန်မင်းက 'ဘယ်နဲ့လဲ ပုဏ္ဏားကြီး၊ သင်ရဲ့မီးက ပူလဲမပူပါလား' လို့ဆိုတော့ ပုဏ္ဏားကြီးက 'ငါပုဏ္ဏားမှမဟုတ်ဘဲ၊ ဘယ်မီးပူလိမ့်မလဲ' ဟုပြောလိုက်ဘယ်၊ သင်ပုဏ္ဏားမဟုတ်လျှင် ဘာလဲလို့ မေးတော့ ငါသိကြားဘဲလို့ပြောတယ်၊ ဟင် သိကြားမင်းဒါဘာလုပ်တာလဲဟုမေးတဲ့အခါ၊ သိကြားမင်းက သင်၏အဓိဋ္ဌာန်ကို မှန်သလား မမှန်ဘူးလားဆိုတာ ငါစုံစမ်းတာဘဲလို့ ပြောလိုက်တယ် ဒီတော့အလောင်းတော်ယုန်မင်းက 'အို......သိကြားမင်း သင်လိုသိကြားမျိုး တယောက်မပြောနှင့် သိကြားတရာလာစုံစမ်းတောင် ကျွန်ုပ်အဓိဋ္ဌာန်မပျက်ဘူး'လို့ ပြောတော့ သိကြားမင်းကောင်းပြီ အသင်ယုန်မင်း သင်တို့ရဲ့အဓိဋ္ဌာန်ကို မြဲစွာထားပြီးကျင့်ကြပါတော့၊ အသင်၏ရုပ်ပုံကို ကမ္ဘာတည်အောင် လမှာ

တံဆိပ်ခတ်ခဲ့မယ် ဆိုပြီး လ,ထဲမှာ ယုန်ရုပ်ခတ်ခဲ့တာ၊ လ,ထဲမှာ ရှိတဲ့ ယုန်အရုပ်ဟာ ဘုရားအလောင်းယုန်မင်းရဲ့ အရုပ်လို့ နိပါတ်ထဲမှာ ဟောထားတယ်၊ အဲ့ဒါ အာဂမ သဒ္ဓါနှင့် ပြည့်စုံပုံကို ပြောပြတာ။

'သြကပ္ပသဒ္ဓါ ပသန္နသဒ္ဓါ' ကတော့ ပုထုဇဉ် **ပု**ဂ္ဂိုလ်**များ** ရနိုင်တဲ့ သဒ္ဓါတဲ့၊ ဘာကွာသလဲဆိုလျှင် သြကပ္ပသဒ္ဓါက **သမ္မ** ယုတ်သဒ္ဓါ·ဉာဏ်နှင့် ယှဉ်တယ်၊ ပသန္နသဒ္ဓါက ဝိပ္ပယုတ် သဒ္ဓါ ဉာဏ်နှင့်မယှဉ်ဘူး၊ သြကပ္ပန သဒ္ဓါက ယခုဘဝမှာ မပျက်**နိုင်** တော့ဘူး မြဲတယ်၊ ပသန္န သဒ္ဓါက မမြဲဘူး၊ ဖွဲပေါ်မှာ စိုက်ထားတဲ့ တုတ်လိုဘဲ၊ ခွေးတိုးလဲ့၊ လူတိုးလဲ့ မခိုင်ဘူး၊ ပသန္န သဒ္ဓါက ဗုဒ္ဓဘာသာသမှန်ရင် လူတိုင်းလိုဘဲ ရှိတယ်၊ သြကပ္ပ**န** သဒ္ဓါ လူတိုင်းမှာ မရှိဘူး၊ ယခု ဘုရားသာသနာမှာ သြကပ္ပ**န** သဒ္ဓါမျိုးရမှ လူဖြစ်ကျိုးနပ်မယ်၊ ဒါကြောင့် သြကပ္ပန သဒ္ဓါ မျိုးရအောင်ကြိုးစားရမယ်။ ယခုလို မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ကိုယ်တိုင်သိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သူ လာဖျက်ဖျက် မပျက်တော့ဘူး၊ အဲဒါ သြကပ္ပန သမ္မယုတ်သဒ္ဓါ ခေါ်တယ်။ ဒီ ခု ပြတာဟာ ပဓာနင်္ဂါးချက်က သဒ္ဓါ ပဓာန· ဘုရား၌ **ယုံ** ကြည်ခြင်းအချက်ဘဲ။

## ၂။ ကျန်းမာခြင်း

အပ္ပါဗာဓော ဟောတိ အပ္ပါတင်္ကော **သမဝေပါကိနိယာ** ဂဟဏိယာ သမန္နာဂတော **နာတိသီတာယ နစ္စုဏှာယ** မဇ္ဈိမာယ ပဓာနက္ခမာယ။

အပ္ပါဗာဓော- အနာကင်းသည်၊ အပ္ပာတင်္ကော- ရောဂကင်းသည်၊ ဟောတိ- ဖြစ်၏။ နာတိသီတာယ အလွန်မအေးလွန်းသော၊ နစ္စုဏှာယ- အလွန်မပူလွန်းသော၊ မဇ္ဈိမာယ- အခါခပ်သိမ်း မှတ ညီညွတ်စွာ ဇသော၊ ပဓာနက္ခမာယ- ကမ္မဋ္ဌာန်း တည်းဟူသော လုပ်ရပ်လမ်းကို ကြိုးပမ်းအားထုတ် ဇင်တွင် လုပ်ခြင်းငှာ ခံ့လှစွာသော၊ သမဝေပါကိနိယာ- မျိုမျိုသမျှ အာဟာရတို့ကို အညီအညွတ် ကျေကျက်စေခြင်းငှာ စွမ်းနိုင်ထသော၊ ဂဟဏိယာ- ပါစကဓါတ် မီးနှင့်၊ သမန္နာဂတော ပြည့်စုံ၏။

ယခုလို ဝိပ္ပတ္တိခေတ် ကာလ အပွင်းမှာ ကျန်းမာခြင်း ဆိုတဲ့ ဒုတိယ အင်္ဂါနဲ့ ပြည့်စုံခဲ့တယ်၊ ယခုလူများရဲ့ ပကတိ ဝမ်း မီးဟာ ကောက်ရိုးမီး ဖြက်မှိုက်မီး သစ်ရွက်မီးတို့နှင့် တူတယ်၊ ဤမီးစုဟာ ဇခွင့် ဆိုက်လျှင် ရုတ်တရက် တဟုန်တည်း ထပြီး တောက်တယ်၊ ဒီနီးအနားတွင် ရှိရှိသမျှသော ဝတ္ထုကို ခဏ ခြင်းလောင်ကျွမ်းစေတတ်တယ်။ သေခွင့် ဆိုက်လျှင် ခဏခြင်း အငြိမ်း သေတတ်တယ်၊ ဒီပါစကဓါတ်မီးက ထလွယ် သေလွယ် သောင်းကျန်း လွယ်သည့် အတွက်ကြောင့် ယခုကာလ မကျန်း လွယ် မမာလွယ် အိုလွယ် သေလွယ်ဖြစ်ကြတယ်။ အရပ်ဒေသ ကိုရွေးရ၊ အစာ အာဟာရကို ရွေးရ၊ နေမြေ ဥတုကို ရွေးရ၊ လုံ့လ ပယောဂမှုကို တိုင်းထွာရ၊ ညှာတာကြရတာ။

ဤပါစကဓာတ်မီးမလိမ်မာသည့်အတွက်ကြောင့်ရူပကာယ ခန္ဓာမကြည်လင်ခြင်းများရှိတယ်၊ရူပကာ ယခန္ဓာမကြည်လင်သည့်

အတွက်ကြောင့် စိတ်မှုကြည် ဥာဏ်မကြည် ရှိကြတယ်။ ဥပမာ ပြခဲ့တဲ့ ကောက်ရိုးမီး, မြက်မှိုက်မီး, သစ်ရွက်မီးတို့၏ ထလွယ် တောက်လွယ်မှု, သေလွယ် ပျောက်လွယ်မှုတွေမှာ ကောက်ရိုး မြက်မှိုက် သစ်ရွက် တို့သည် အနှစ် အမရှိတဲ့အတွက် ထ,လွယ် သေလွယ်ကြတာ။

ပြဆိုခဲ့ပြီးသော ပါဠိတော်လာ မဇ္ဈိမ ဓာတ်မီးနှင့် ပြည့်စုံ သောသူမှသာ အရပ်ဒေသ ရွေးချယ်ဘွယ်မရှိ၊ အစားအစာကို ရွေးချယ်စရာမလို၊ ရေဥတု, မြေဥတု, လေဥတု တို့ကို ရွေးချယ် စရာမလိုဘူး၊ မအိမသာ ရောဂါဥပါဒ် ဖြစ်လောက်အောင် ထကြွ သောင်းကျန်းမှု ယုတ်ညံ့ နှောက်ယှက်မှု မရှိဘူး၊ အခါ ခပ်သိမ်း ညီညွတ် မျှတပြီး ကိုယ်စိတ် နှစ်ပါး ချမ်းသာအောင် စောင့်ရှောက်သောဓါတ်မီးပေတည်း။

ဒီလိုဓာတ်မျိုးကို သမ္ပတ္တိကာလနှင့် တွေ့ကြုံတဲ့အခါမှာသာ ရကောင်းဘယ်၊ ဝိပ္ပတ္တိကာလမျိုးမှာ အလွန်ရခဲဘယ်၊ ရွေးဘုန်း ရွေးကံရှိလို့ ဆေးကောင်း ဝါးကောင်း ရရှိမှသာ ညီညွတ်နိုင် မယ်။

"သပ္ပာယ ဇရာယ ပဋိကမ္မံ ကာတုံ"

နေတ္တိပါဠိတော်။

ဇရာယ အချိန် အရွယ် ကျလျှင် အိုရခြင်း ဇရာ တရား ၏၊ ပဋိကမ္မံ မအိုရအောင် ကြံဆောင် တားမြစ်မှုကို၊ ကာတုံ ပြုခြင်းငှါ၊ သပ္ပာယ တတ်နိုင်ကောင်းသည် သာလျှင်တည်း။

ဤသည့်ပါဠိတော်၌ မအိုရအောင် တတ်နိုင်ကောင်း၏ဟု ဟောတော်မူသဖြင့် မနာရအောင် တတ်နိုင်ကောင်း၏ ဟူသော အနက်သည် တချက်တည်း ပါနေတော့၏။

**ရသာယန ဘေသဇ္ဇံပန သု စိရံပိကာလံ ဇီဝိတံ ပဝတ္တေတုံ သက္ကောတိယေဝ။**

မဟာဋီကာ။

ရသာယန ဘေသဇ္ဇံပန ရသာယနဆေးမျိုးသည်ကား သုစိရံပိကာလံ အနှစ် တရာတမ်းမှာ ငါးရာ တထောင် ကြာသော နှစ်အာဂပတ်လုံးလည်း၊ ဇီဝိတံ အသက်ကို ပဝတ္တေတုံ တည်စေခြင်းငှါ၊ သက္ကောတိယေဝ စွမ်းနိုင်တော့သည်သာလျှင်တည်း။

ဤရသာယန ဘေဇ္ဇဆေးမျိုးဟာ အသက် ရှည်စေ တတ်သော အာယုဝဍ္ဎန ဆေးမျိုးလို့ ခေါ်တယ်။ ရှေးဘုန်း ရှေးကံပင်နည်းသော်လည်း ဥဿာဟ်စွမ်းဝီရိယစွမ်းရှိလှ၍ ဤရသာ ယနဆေးမျိုးနှင့် မိမိရူပကာယ ခန္ဓာကိုယ် ရုပ်ပြောင်း၍ သွား အောင် တတ်စွမ်းနိုင်ပါမူကား တရာတမ်းမှာပင် တထောင် တသောင်း မက နေရသော သဘော နည်းလမ်းအမှန် ဖြစ် တယ်။

**အဘိဝါဒန သီလိဿ,**
**နိစ္စံ ဝုဍ္ဎာပစာယိနော၊**
**စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ,**
**အာယု ဝဏ္ဏော သုခံဗလံ။**

ဤဂါထာက မြတ်စွာဘုရားသခင်၏ အာယုဝဍ္ဎန ဆေး တော်ကြီးဘဲ၊ ဤဆေးတော်ကြီးကို အမြဲ မှီဝဲရမယ်၊ ပူဇော်

ထိုက်သူ, ရှိသေထိုက်သူ, ရတနာသုံးပါး, ဆရာ, မိဘ, ဂုဏဝုဍ္ဍ်ိ ဝယဝုဍ္ဍ်ိ ပုဂ္ဂိုလ်တို့အား အမြဲလေးစား ရှိသေသော ပုဂ္ဂိုလ်များ ဘေးရန်ကင်း၍ အသက်ရှည်ခြင်းဖြင့် တရားတော်ကို လေးစားစွာ အားထုတ်နိုင်ကြမှာ၊ ကိုယ် စိတ် နှစ်ပါး မချမ်းသာက တရားတော်ကို လေးစားစွာ အားမထုတ်နိုင်၊ ကိုယ်လက် ကြံ့ခိုင်မှ တရားတော်ကိုအားထုတ်နိုင်ကြမှာ၊ ဒါကြောင့် ကျန်းမာခြင်းပဓာနနှင့် ပြည့်စုံဘို့လဲ အရေးကြီးလှပါတယ်။

## ၃။ စိတ်နှလုံးပြောင့်စင်းခြင်း

**အသဌော ဟောတိ အမာယာဝီ၊ ယထာဘူတံ အတ္တာနံ အာဝိကတ္တာ သတ္ထရိဝါ ဝိညူသုဝါ သဗြဟ္မစာရီသု။**

အသဌော မစဉ်းလဲသည်၊ အမာယာဝီ လှည့်ပတ်ခြင်း မရှိသည်၊ ဟောတိ ဖြစ်၏၊ သတ္ထရိဝါ ငါဘုရား၌ သော်လည်း၊ ဝိညူသု မိမိထက် တရားကျမ်းဂန် အမြင် သန့်ကုန်သော၊ သဗြဟ္မစာရီသုဝါ အတူနေ သီတင်း သုံးဘော်တို့၌သော်လည်း၊ အတ္တာနံ မိမိကိုယ်ကို၊ ယထာ ဘူတံ ဟုတ်မှန်သော အတိုင်း၊ အာဝိကတ္တာ ထင်စွာ ပြုတတ်သည်၊ ဟောတိ ဖြစ်၏။

မိမိ၏ စိတ်သန္တာန်၌ရှိသော မကောင်းသော အကြံအစည် ဝါသနာ စရိုက် ကောင်းသော အကြံအစည် ဝါသနာစရိုက် တို့ကို မထိမ် မချန် ဖြောင့်မတ်စွာ လင်းရမည်၊ မသိဘဲနှင့်

အသိလုပ်ချင်မှု မပြင်းဘဲနှင့် အမြင် လုပ်ချင်မှု အနည်းငယ်ခန့် သိသည် မြင်သည်ကို အများလုပ်ချင်မှု အသိဥာဏ် မပါဘဲကို အပါလုပ်ချင်မှု ဒီလိုကောက်ကျစ်မှုကို အနည်းငယ်မျှ မရှိစေရဘဲ ဖြောင့်စင်းဖြူစင်သော စိတ်နှလုံးရှိရမယ်လို့ ဆိုလိုတယ်၊

## ၄။ ဝီရိယ ထက်သန်ခြင်း

အာရဒ္ဓဝီရိယောဝိဟရတိ အကုသလာနံဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ၊ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။

အကုသလာနံ အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ ယုတ်မာသော တရားတို့ကို၊ ပဟာနာယ-ပယ်ဖျောက်ခြင်းငှာ၊ ကုသလာနံ-ကုသိုလ် ဖြစ်ကုန်သော၊ဓမ္မာနံ- စင်ကြယ်ကောင်းမြတ်သော တရားတို့ကို၊ ဥပသမ္ပဒါယ ပြည့်စုံစေခြင်းငှာ အာရဒ္ဓဝီရိယော- အမြဲမပြတ် အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍၊ ဝိဟရတိ-နေ၏၊ ထာမဝါ-ထက်သန်သော စိတ်စွမ်းကိုယ်စွမ်းရှိ၏၊ ဒဠှပရက္ကမော- အပြင်းအထန် အလွန်သန်သော လုံ့လရှိ၏ ကုသလေသုဓမ္မေသု-ကုသိုလ်လေးပါး မြတ်တရားတို့၌ အနိက္ခိတ္တဓုရော- အခါခပ်သိမ်း မချသော ဝန်ရှိ၏။

ဝိပဿနာလုပ်ငန်းမှာ အဲဒီဝီရိယအရေးအကြီးဆုံးဘဲ၊ 'ဗောဓိပက္ခိယ' သုံးဆဲ့ခုနစ်ပါးတို့တွင် ဝီရိယသည် ကိုးဌာနလောက်

တပ်ထားတယ်၊ သမ္မပ္ပဓာန်လေးပါး, ဝိရိယိဒ္ဓိပါဒ်, ဝိရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, ဝီရိယမဂ္ဂင်,တဲ့၊ဘာကိုအားထုတ်ရလဲဆိုလျှင်–

ပါဠိတော် အလိုဘာ

ကောင်းမှု အကုသိုလ်မှန်သမျှ အလုံးစုံငယ်တို့ကို ဝီရိယနှင့်အားထုတ်ရမယ်၊ ကုသိုလ်ကံများကို မရ,ရအောင် လုံ့လဝီရိယ မလျှော့ဘဲ အားထုတ်ရမယ်၊ ကုသိုလ်လေးပါး အမျိုးတရားကို ဘယ်တော့မှ ဝန်မချဘဲ အားထုတ်ရမယ်တဲ့။

ဒီ ကုသိုလ်လေးပါး အမျိုးတရားကို ဘယ်တော့မှ ဝန်မချရဘူးဆိုလျှင် ဘယ်ကုသိုလ်ကို ယူမှာလဲဆိုတော့ ဝီရိယနှင့်ဆိုင်တဲ့ သမ္မပ္ပဓာန် လေးပါးဘဲ တွေ့တယ်၊ အဲဒီ သမ္မပ္ပဓာန်လေးပါးက–

ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော၊
အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော၊
အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော၊
ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။

မြန်မာလို အဓိပ္ပါယ်ကတော့။

ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ရမယ်။
မဖြစ်သေးသော အကုသိုလ်နောက်ထပ်မပြုရအောင်အားထုတ်ရမယ်။

မရဘူးသေးသော ကုသိုလ်ကို ရအောင်ရှာရမယ်။
ရပြီးသော ကုသိုလ်ကို လက်မလွှတ်ဘဲလွန်စွာ
ပွားရမယ်။

အဲဒီ လေးပါးဟာ ဝီရိယချည်းဘဲ၊ ဒီ လေးပါးထဲက ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ရမယ်လို့ ဟောထားတော့ ဒီ ဖြစ်ပြီးသော အကုသိုလ်ကံပေါင်းက နဲတာ မဟုတ်ဘူး၊ လွန်ပြီးသော အတိတ်ကာလက ပြုခဲ့ဘူးတဲ့ အကုသိုလ်ကံတွေဟာ ကာယကံနှင့် စပ်တဲ့ အကုသိုလ်, ဝစီကံနှင့် စပ်တဲ့ အကုသိုလ်, မနောကံနှင့် စပ်တဲ့ အကုသိုလ်, အပါယ်လေးပါးကို တကယ် တန်းကျမဲ့ အကုသိုလ်မျိုးကို ရေနှင့် လှဲနှင့် ဆေးဘော်နှင့် ဖင်လို့ကို မကုန်နိုင်ဘူး၊ အဲဒီကုသိုလ်ကံတွေဟာ အခွင့် မကြုံလျှင်နေ၊ အခွင့်ကြုံလျှင် စိတ်ချ အပါယ်လေးပါး မုချလွဲ တန်းကြမဲ့ အကုသိုလ် ကံတွေဘဲ၊ ဘာကြောင့်လဲဆိုလျှင် ဘုရားသခင်ကိုယ်တော်မြတ်က "အကုသလာ သာဝဇ္ဇ ဒုက္ခ ဝိပါက လက္ခဏာ" လို့ ဟောထားတယ်၊ အကုသိုလ်မှန်လျှင် အပြစ်နှင့် တကွ မကောင်းကျိုးကို ကေန်ပေးမှာဘဲ။

ဒီလိုဆိုလျှင် ယခုရှိသမျှ လူတွေ, နတ်တွေ, ဗြဟ္မာတွေ, ဟာ အကုသိုလ်ကံ တန်းလန်းနှင့်သာ နေကြမယ်ဆိုလျှင် ဘယ်နည်း နှင့်မျှ အပါယ် လေး ပါးက မလွတ်နိုင်ဘူး၊ ဒါကြောင့် မြတ်စွာဘုရားက အရေး တကြီး ဖြစ်ပြီးသော အကုသိုလ်ကံကို ပယ်ဘို့ ဟောတာ၊ ကောင်းပြီ အကုသိုလ်ကံကို ဘာနှင့်ပယ်ကြမလဲ၊ 'ဒါန' ကုသိုလ်ကံနှင့် ကော ပယ်နိုင် ပါ့မလား၊ သို့မဟုတ် သီလ ကုသိုလ်ကံ နှင့်ကော ပယ် နိုင် ပါ့ မလား၊ 'သမထ' ကုသိုလ်ကံနှင့်ကော ပယ်နိုင်ပါ့မလား၊ စဉ်းစားကြည့်

ဘယ်နည်းနှင့်မှ မပယ်နိုင်ဘူး၊ ဘာ့ကြောင့်လဲ ဒါနဆိုတဲ့ကုသိုလ်ကံကို လူ့ပြည်က ဗြဟ္မာ့ပြည် ထိအောင် စုပုံ၍ ပေးလှူသော်လည်း ဖြစ်ပြီးသော အကုသိုလ် မပယ်နိုင်ဘူး၊ သူ၏ သတ္တိက လူ ချမ်းသာ, နတ် ချမ်းသာကိုတော့ ကောန် အကျိုးပေးမယ်၊ ဤကုသိုလ် အရှိန်ကုန်လျှင် အပါယ်ဘဲ ကျမှာဘဲ၊ ကောင်းမြ သီလကိုလဲ ဝါဂွမ်းကဲ့သို့ အညစ်အကြေး မတင် စင်ဖြူအောင်စောင့်၊ သူကလဲ လူချမ်းသာ နတ်ချမ်းသာဘဲ အကျိုးခံစားရမယ်။ ဖြစ်ပြီးသော အကုသိုလ်ကို မပယ်နိုင်ဘူး၊ သမထကုသိုလ်ကကော သမထ ကုသိုလ်ပွါးလို့ ဈာန် အဘိညာဏ်တွေ ရပြီး ဗြဟ္မာ့ပြည်ကိုပင် လားရစေကာမူ ဖြစ်ပြီးသော အကုသိုလ်ကံကို မပယ်နိုင်ဘူး၊ ဒီ အကုသိုလ်ကံကို မပယ်နိုင်သမျှ တနေ့ အပယ်သေးပါးကို ကျမှာဘဲ၊ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်က-

ဥက္ကဋ္ဌာ ပုညတေဇေန,
ကာမ ရူပဂတိံ ဂတာ၊
ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ,
ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။

ဓမ္မပဒဝိဘင်းပါဠိတော်။

ပုညတေဇေန- ဒါန, သီလ, သမထ, ဟု ဆိုအပ်သော ကုသိုလ်ကောင်းမှုအဟုန်သည်၊ ဥက္ကဋ္ဌာ-မြောက်တင်အပ်သည် ဖြစ်သောကြောင့်၊ ကာမ ရူပ ဂတိံ-လူ့ပြည် နတ်ရပ် မြတ်သော ဗြဟ္မာ့ပြည်သို့၊ ဂတာ-ရောက်နေသော သူတို့သည်ရင်း၊ ဘဝဂ္ဂတမ္ပိ-အထက် ဘဝဂ်သို့၊

သမ္ပတ္တာပိ– ရောက်ကုန်ပြီးသော ဗြဟ္မာကြီးတို့သည်ရှင်း ပုန-တဘန်၊ ဒုဂ္ဂတိံ–ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ် လေးပါးသို့၊ ဂစ္ဆန္တိ– ဘဖန် ရောက်ကြ ပြန် သေး၏။

ထိုကိုရည်၍–

ဒိဋ္ဌမကွာ၊ ပုဂ္ဂိုလ်မှာ [illegible]ားလူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံ့ပါလည်း၊ ခန္ဓာ ပြိုကွဲ၊ ကုသိုလ်စဲက၊ ဒေါက်လွဲပါယ်ရွာ၊ ရောက်မြဲကာတည်း– ဟုစပ်ဆိုတော်မူထားလေသည်။

အဲဒါ စဉ်းစား နှလုံးသွင်း ကြည့်လိုက်မယ်ဆိုလျှင် ဘယ်လို ဒါနကောင်း, သီလကောင်း, သမထကောင်းတဲ့ဖြစ်ဖြစ် ဖြစ်ပြီးသော အကုသိုလ်ကံကို မပယ်နိုင်က ကုသိုလ်ကံ အရှိန် ကုန်လျှင် ဧကန် အပယ်သို့ ကျမှာဘဲ၊ ဘာနှင့် ဥပမာ ပြသလဲ ဆိုလျှင်–

အားရှိသော ယောကျ်ားသည် တုတ် ကျောက်ခဲစသည်ကို အားရှိသလောက် ကောင်းကင်ကို မြှောက်ပစ်တဲ့ အခါ အားအရှိန် ကောင်းတုန်း ကောင်းကင်သို့ တက်သွား နိုင်တာ၊ အရှိန်သေလျှင် မြေသို့ ဧကန် သက်ဆင်း ကျရောက်သလို ကုသိုလ်အရှိန် ကောင်းတုန်းသာ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်သို့ရောက်နိုင်တာ၊ ကုသိုလ်အရှိန် ကုန်လျှင် အမြဲဘမ်း ငရဲသို့ကျကြောင်းကို ဘုရားသခင်ကိုယ်တော်တိုင် ဟောတော်မူတာ၊

ယခု ကိုယ်ပိုင်ဉာဏ်နှင့် စဉ်းစားကြည့်ဘို့က ကမ္ဘာ မီး လောင်၍ ကမ္ဘာပျက်ခန်းမှာကြည့်၊ မီးက ခုနစ်ကြိမ် ၊ရေက တကြိမ် ရှစ်ကြိမ်မြောက်မှာ လေ တကြိမ်၊ အဲဒီလို ကမ္ဘာပျက်တဲ့အခါ မီး ဖျက် တဲ့ အခါမှာ ပဌမဈာန် သုံးဘုံကုန် အောင် လောင်တယ်၊ ရေ ဖျက် တဲ့ ကမ္ဘာမှာ ဒုတိယ ဈာန် သုံးဘုံ ကုန်အောင်လောင်တယ်၊ လေဖျက်တဲ့ကမ္ဘာမှာ တတိယ ဈာန် သုံးဘုံအထိ လောင်တယ်၊ ဒီလို ကမ္ဘာပျက်တဲ့အခါမှာ ငရဲပြည်, လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်မှာတောင် ကိုးဘုံ တိုင်အောင် ပျက်စီး လောင်ကျွမ်း သဖြင့် ယခု တွေ့ရှိနေရတဲ့ ငရဲသူသတ္တဝါ လူ့နတ် တွေဟာ ဘယ်ကို ရောက်နေကြတာလဲ ဆိုလျှင် ဗြဟ္မာကြီးတွေ ဖြစ်နေကြတာပေါ့၊ တဖန် ကမ္ဘာ တည်လာမှ နတ်ပြည်, လူ့ပြည်, ငရဲပြည်ကို ရောက်ကြရတာ·

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဖြစ်ပြီး သော အကုသိုလ်ကံ မပယ်နိုင်က အပါယ် လေးပါးကို ငါတ်· မချရသေးဘူးလို့ ဟောတာ၊ ကောင်းပြီ။ ဒါဖြင့် ထိုဖြစ်ပြီး သော အကုသိုလ်ကံကို ဘာနှင့်ပယ်မလဲ-။

(၇-ရက်စခန်း ပထမပိုင်းမှာ သမ္မပ္ပဓာန်လေးပါးဖြင့် ရှင်းခဲ့ပြီ)

ကျမ်းစာအရ သမ္မပ္ပဓာန် လေးပါးရှိလို့သာ လေးပါး ပြောတာ၊ သဘောအားဖြင့် နားလည်လျှင် တချက်တည်းနှင့် ပြီးနိုင်တယ်၊ ပြီးနိုင်ပုံမှာ အဲဒီ သမ္မပ္ပဓာန် လေးပါးငြည်းက–

မရဘူးသေးသော ကုသိုလ်ကို ရအောင် အားထုတ်ရမယ် တဲ့၊ ကောင်းပြီ မရဘူးသေးတဲ့ ကုသိုလ်က ဘာလဲ၊ ဒါနလဲ·

ပြုခဲ့ဘူးလှပြီ၊ သီလလဲ အခါခါ စောင့်ထိန်းခဲ့ဘူးလှပြီ၊ သမထ ဆိုတာတော့ မပြောနှင့်တော့ ဗြဟ္မာ့ပြည်ကို အခါခါအခေါက် ခေါက် ရောက်ခဲ့ကြရပြီ၊ ဒါဖြင့် မပြုဘူးသေးတဲ့ ကုသိုက-

အနတ္တလက္ခဏံ ဝိနာ၊ ဗုဒ္ဓုပ္ပါဒါ နပညာယတိ။
နဝကနိပါတ်။

ဗုဒ္ဓုပ္ပါဒါ-ဘုရားပွင့်သော ခေတ်ကာလကို၊ ဝိနာ-ကြဉ် ၍၊ အနတ္တလက္ခဏံ-အနတ္တလက္ခဏာကို၊ န ပညာယတိ-မသိ မမြင် မထင်နိုင်ချေ။

ဘုရားပွင့်တဲ့ သာသနာခေတ်အတွင်းကို ချန်လှပ်၍ သာသ နာပ အခါကာလမှာ ဘယ်တော့မှမမြင်ကောင်း မတွေ့ကောင်း တဲ့ တရားဟာ 'အနတ္တကုသိုလ်'လို့ မှတ်၊ ကောင်းပြီ အနတ္တ ကုသိုလ် တွေ့ဘာနှင့် ဖြစ်ပြီးသော အကုသိုလ်ကို ပယ်နိုင်ရော လားလို့ မေးဘွယ် ရှိနေသယ်၊ ဟုတ်သယ် အနတ္တကို ဝိဇ္ဇာ ဉာဏ်နှင့်အမှန်သိရင် အကုသိုလ်ကိုပယ်နိုင်တယ်၊ ဘယ်လို ပယ် နိုင်သလဲဆိုလျှင် သေသေချာချာ မှတ်၊ အနတ္တကို တွေ့တာက ဝိဇ္ဇာ၊ အနတ္တကိုမတွေ့၍ အတ္တကိုစွဲနေတာကအဝိဇ္ဇာ၊ အဝိဇ္ဇာ နှင့် ဝိဇ္ဇာ ရှင်းရှင်း မှတ်ထား၊ အဝိဇ္ဇာက အမှောင် ခေတ်၊ ဝိဇ္ဇာက အလင်းခေတ်၊ အမှောင်နှင့် အလင်း ဥပမာ၊ အဝိဇ္ဇာ မှောင်ဟာ ဘယ်မျှလောက် ကြီးသလဲဆိုလျှင်=

"သန်းခေါင် လကွယ် တောအုပ် လယ်၌ ရှစ်နယ်
ပတ်လုံး အပြည့်ဖုံးသည့် မိုးသုံးလုံး တိမ်တိုက် လျှပ်
မကြိုက်သား အမိုက်အပြား ဤလေးပါးထက်
နှင်ကားရာထောင် မဟာမှောင်၏"တဲ့၊

လကွယ်နေ့ ည သန်းခေါင်အခါ တခဲနက်သော တော အုပ်အလယ် မိုဃ်းတိမ် ဖုံးအုပ်နေတဲ့အခါ ဒီအင်္ဂါရပ် လေးပါး နှင့် ပြည့်စုံသော အမိုက်မှောင်က နည်းသေးတယ်၊ ထိုအခမှောင် ထက် 'မောဟအဝိဇ္ဇာ' မှောင်က ကြီးတယ်တဲ့၊ အဲဒီ အမှောင် ကို အလင်းရောင် ဝိဇ္ဇာ ဉာဏ်က အမှန် ပယ်ဖျက် နိုင် တယ်၊ အဝိဇ္ဇာကို ဝိဇ္ဇာက ပယ်တာတော့ သဘောကြပြီ၊ ဖြစ်ပြီးသော ကုသိုလ် ပယ်တာကဘယ်လိုလဲဆိုလျှင်--

(၇-ရက်စခန်း ပဥ္စမပိုင်းမှာ ပယ်ပုံဥပမာနှင့် တကွ ရှင်းပြခဲ့ပြီ)။

မရဘူးသေးသော ကုသိုလ်ကို ရလို့ ဖြစ်ပြီးသော အကုသိုလ်ကံတွေကို ပယ်နိုင်တယ်ဆိုတာ သဘောကျလောက်ပြီပေါ့။

မဖြစ်သေးတဲ့ ကုသိုလ်ကို ပယ်ရမယ်ဆိုသော ပြဿနာ ပုံသဘော ဖြစ်တဲ့ အပယ်ကျကြောင်း အကုသိုလ် ကာယကံ၊ ဝစီကံ၊ ဘော ကို ဘယ်လို ပယ်မလဲဆိုလျှင် ဟုတ်တယ်၊ ယခု ဝိဇ္ဇာဉာဏ်နှင့် တွေ့တဲ့ အနုတ္တကုသိုလ်ဟာ အမှန်သာ ဟုတ်ပါစေ၊ အနုတ္တတု အနုတ္တယောင် မဟုတ်ဘူးနော်၊ တကယ်အစစ် ဝိဇ္ဇာအနုတ္တကို ပြောတာ။ အနုတ္တ အစစ်သာမှန်ရင် အပယ်ကျကြောင်း အကုသိုလ်ကံများကို နှင်ပြုလျှင်ပြု၊ နှင်မပြုလျှင် နှင့်ကိုသတ်မယ်လို့ ဂုတ်ပေါ်က ဒါးမိုးပြီး ခြိမ်းခြောက်ကြည့်၊ မိမိအသက်သာအသေ ခံသွားမယ်၊ ဘယ်နည်းနှင့်မျှ အပယ်ကျကြောင်းအကုသိုလ် ကံ များ မကျူးလွန်ဘူးဆိုတာ တထစ်ချမှတ်ပါ။

## ခုဇ္ဇုတ္တရာ

ထင်ရှားစေအံ့။ ဘုရားသခင်သက်တော် ထင်ရှားအခါက သာမာဝတီ မိဖုယားရဲ့ကျွန်မ 'ခုဇ္ဇုတ္တရာ'ဟာ သာမာဝတီ မိဖုယားအား နေ့စဉ်နေ့တိုင်း ပန်းဝယ်ပြီး ဆက်သရတယ်၊ နေ့စဉ် ရှစ်သပြာသော ငွေကိုပေးသော်လဲ လေးသပြာဘိုးသာလျှင် ဝယ်၍ ပန်းများဆက်သနေစဉ် တနေ့သ၌ သုမန ပန်းသည်အိမ်ကို ပန်းဝယ် သွားရင်း ဘုရားသခင် ကိုယ်တော်မြတ် တရားဟောနေတာနှင့်ကြုံကြိုက်ပါသဖြင့် တရားတော်များကို နာယူမှတ်သားရတဲ့အခါ 'အနုတ္တလက္ခဏာ' ကို ဝိဇ္ဇာဉာဏ်ဖြင့် ထိုးထွင်း၍ တွေ့မြင်သွားတယ်။

အဲဒီတရားတော်များကို နာယူပြီးတဲ့နောက် ပန်းများကို ရှစ်သပြာဘိုး လုံးပင် ဝယ်ယူပြီးတော့ သာမာဝတီ မိဖုယားအား ဆက်သတဲ့အခါ နေ့တိုင်းထက် ပန်းများပိုမိုလာသည့်အတွက်ကြောင့် သာမာဝတီ မိဖုယားက ခုဇ္ဇုတ္တရာအား ဟဲ့.... ခုဇ္ဇုတ္တရာ နင့်ပန်းတွေက နေ့တိုင်းနှင့် မတူ ကနေ့ များလှပါကလား၊ ပန်းသည်က နင့်ကို မေတ္တာရှိလို့ ပိုပေးလိုက်တာလားလို့ မေးတော့ ဒီနေရာမှာ ခုဇ္ဇုတ္တရာက ပြန်ပြောပုံကို စဉ်းစားကြည့် 'ဘာဟုတ်မလဲ သခင်မ နေ့တိုင်းနေ့တိုင်း သခင်မရဲ့ ပန်းဘိုးကို တဝက် တဝက်ဖြတ်၍ အမြဲပင် ခိုးပြီး သုံးစွဲခဲ့ဘယ် ကနေ့တော့ ဘုရားသခင်ရဲ့ တရားတော်ကို နာကြားရရှိခဲ့ရတဲ့ အတွက် မခိုးတော့ဘဲ ရှစ်အသပြာဘိုးလုံး အပြည့် ဝယ်ခဲ့လို

ပန်းတွေ များလာပါတယ်' ဟု ပြန် ပြော တယ်၊ ဒီနေရာမှာ မုသားပြောလဲဖြစ်ထာပေါ့ မပြောဘူး၊ ဘုရားသခင်ရဲ့တရား တော်ကိုနာရတော့ အနတ္တဝိဇ္ဇာဉာဏ် ထင်မြင်လာတဲ့အတွက်လဲ 'ငွေစားမှုကြီး' ကိုပင် ရဲဝံ့ စွာ ဝန်ခံလိုက်တယ်၊ သတ်မှာလဲ မကြောက်တော့ဘူး၊ အဲ့ဒါသာ တွေးကြည့်၊ ဒီတော့သာမာဝ တီ မိဖုယားကလဲ ပါရမီရင့်ပြီး ပုဂ္ဂိုလ်ဖြစ်လေသော စိတ်မဆိုး ထဲ့ပြင် 'ခုဇ္ဇုတ္တရာ-ဒီလိုဆိုလျှင် သင်နာယူခဲ့ရတဲ့ ဘုရားသခင်ရဲ့ တရားတော်ကို တဆင့် ပြန်ဟောပြပါလို့ ဆိုတော့ ကောင်းပြီ ဟောပါ့မယ်လို့ ဝန်ခံလိုက်တယ်ဆိုလျှင်ဘဲ သာမာဝတီမိဖုယား က ခုဇ္ဇုတ္တရာအား ကောင်းမွန်စွာ နံ့သာရေများ ချိုးစေပြီး အဝတ်တန်ဆာတွေ ဆင်မြန်းလို့ မြင့်သော နေရာမှာ ထိုင်စေ လျက် သာမာဝတီနှင့် တကွ ငါးရာသော မောင်းမအပေါင်း ဟာ ခုဇ္ဇုတ္တရာ ထံမှတဆင့် ဘုရားသခင်ရဲ့ တရားတော်ကို နာ ယူကြရတယ်၊ ခုဇ္ဇုတ္တရာ က တ ရား တော် ကို ပြန်ပြီး ဟောပြ လို့ နာယူရတော့ သာမာဝတီနှင့် တကွ ငါးရာသော မောင်း မအပေါင်းဟာ အကုန်လုံးပင် အနတ္တ ဝိဇ္ဇာဉာဏ် ထင်မြင်လျက် အရိယာ ဖြစ်ကုန်ကြတယ်။

အဲဒီ သာဓကကိုကြည့်ပြီး အနတ္တ ဝိဇ္ဇာ ဉာဏ်သာထင် မြင်ပါစေ၊ ဖြစ်ပြီးသောအကုသိုလ် ကံတွေကိုလဲ ပယ်နိုင်တယ်၊ နောက်ထပ်လဲ အပါယ်ကျကြောင်း အကုသိုလ်ကို မပြုရဲတော့ ဘူး၊ ရပြီးသော ကုသိုလ်ကို လွန်စွာပွါးခြင်း ဆိုတာမှာလဲစိတ် ချ၊ ဒီကုသိုလ်မမှန်ဘူးမပွါးနှင့်လို့ ဓါးမိုးထားတောင် ဘယ် တော့မှ မရဘူး၊ အမြဲပွါးနေမယ်ဆိုတာ မှတ်ထား။ ဒါကြောင့် ဝိရိယ,ဟာလဲ အလွန် အရေးကြီးတဲ့ ပဓါနတရပ်ပါဘဲ။

## ၅။ ဉာဏ်၏စူးရှခြင်း ပညာပဓာန

ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိ နိယာ။

ပညဝါ- ပညာရှိသည်၊ ဟောတိ- ဖြစ်၏၊ ဥဒယတ္ထဂါမိနိယာ- မိမိခန္ဓာ သူတပါး ခန္ဓာတို့၌ ရုပ်တရား နာမ်တရားတို့၏ ခဏမစဲ တသဲသဲ ဖြစ်ပေါ်၍နေမှု ခဏမစဲတသဲသဲချုပ်ကွယ်၍ နေမှုတို့ကို အမှီလိုက်နိုင်စွာထသော၊ အရိယာယ- ပုထုဇဉ်သာမန် လူသာမန် နတ်သာမန်တို့နှင့် မတန်မရာ မွန်မြတ်စွာ ထသော နိဗ္ဗေဓိကာယ- ကျောက် အတိပြီးသော တောင်အထွဋ် တောင်အထုတို့ကို မှုန့်မှုန့်ညက်ညက် ရက်ရက်ရဲရဲ ဝက်ဝက် ခွဲနိုင်သော ဝရဇိန်မိုးကြိုး၏ အစွမ်းလည်း ရှိထသော၊ သမ္မာ-မချွတ်မယွင်း၊ ဒုက္ခက္ခယ ဂါမိနိယာ- ဝဋ်ဒုက္ခ၏ ကုန်ရာ စခန်းသို့ တန်းတန်း ဖြောင့်ဖြောင့် မထောင့်မတွေ့ ချမ်းမြေ့ပိုင်ပိုင် ဆိုက်ရောက် နိုင်စေထသော၊ ပညာယ-ဉာဏ်ပညာ အထူးနှင့်၊ သမန္နာဂတော-ပြည့်စုံ၏။

ဤ ပဓာန အင်္ဂါ ၅-ပါး တို့တွင် ယခုပြမဲ့ ပဉ္စမ ပညာပဓာနမှာ ယောဂီပုဂ္ဂိုလ်များအတွက် လိုရင်းဖြစ်တယ်၊ ဒီပညာ

မျိုးနှင့် မညီမညွတ်နှင့် ဘယ်နည်းနှင့်မျှ ဝိပဿနာဉာဏ် အစစ် မရနိုင်ဘူး၊ အတုအယောင်မျှဘဲ ဖြစ်မယ်၊ ကျန်းဂန်အဓိပ္ပါယ် နှင့် မိမိကိုယ်တွေ့ကိုက်ကြည့်၊ "ပညဝါ-ပညာရှိသည်၊ ဟောတိ ဖြစ်၏"တဲ့၊ အဲဒါ ဘယ်ပညာမျိုးလဲ လောကမှာ သုံးစွဲနေတဲ့ ပညာတွေက အိုင်အေ-ဘီအေ စသည့် ပညာမျိုးတွေ အနန္တဘဲ၊ ဒီပညာတွေဟာ အစစ်မဟုတ်ဘူး၊ ပညာအစစ်က-

> 'ဗညိန္ဒြိယေန- အနိစ္စ အစရှိသော အစွမ်းဖြင့် ထိုးထွင်း သိသည် ဖြစ်၍ ထိုသို့သိခြင်း၌ အစိုးရခြင်း လက္ခဏာရှိသည်၏အဖြစ်ကြောင့် ပညိန္ဒြေ အမည်ရှိသော အမောဟစိတ္တာဉာဏ်'တဲ့၊

အဲဒါမှ ပညာအစစ်ဖြစ်တယ်၊ ကောင်းပြီ ဒီအနိစ္စ လက္ခဏာစစ်ဖြစ်တဲ့ ပညာကို ဘယ်က ရမလဲ၊ သေသေချာချာကြည့် 'ဥဒယတ္ထဂါမိနီယာ-မိမိခန္ဓာ သူတပါးခန္ဓာတို့၌ ရုပ်တရား နာမ် တရားတို့သည် ခဏမစဲဘဲသဲသဲဖြစ်ပေါ်၍နေမှု၊ ခဏမစဲတသဲသဲ ချုပ်ကွယ်၍ နေမှုကို အမှီလိုက်နိုင်စွာထသော' ပစ္စုပ္ပန်သက်သက် မိမိခန္ဓာ အတွင်းမှာရှိတဲ့ ရုပ်တွေ နာမ်တွေ ဓာတ်တွေ ကလာပ် တွေ ဟာ ခဏမစဲ အမြဲတမ်းဖြစ်ပျက်ပြီးနေတာကို ကိုယ်တိုင်မ တွေ့သမျှ ဘယ်နည်းနှင့်မှ အနိစ္စဆိုတဲ့တရားကို မသိဘူးလို့ ဆို တာ အထစ်ချ မှတ်သားဘို့ဘဲ။

မိမိကိုယ်မှာ တကယ်ဖြစ်ပျက်နေတဲ့ ဥဒယဗ္ဗယကို သိနေ လျှင် သက်ရှိသက်မဲ့အလုံးစုံ ရုပ်တုံး ရုပ်ခဲ ဟူသမျှမိမိကဲ့သို့ ဖြစ် ပျက်နေတယ် ဆိုတာ မှချသိနိုင်တယ်၊ **အဲဒါကို** ကိုယ်တိုင်မသိ**ဘဲ**

ဥဒယဗ္ဗယဉာဏ်ကိုမရဘူး၊ ဥဒယဗ္ဗယဉာဏ်ကို မရဘဲနှင့် အနိစ္စ သိပါတယ်ဆိုတာ ဘယ်နည်းနှင့်မျှ မဟုတ်နိုင်ဘူး၊ အဲဒီလို ဥဒယဗ္ဗယဉာဏ်မှသာလျှင် ပညာအစစ်ဖြစ်တယ်၊ ကောင်းပြီဒီပညာမျိုးကို ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ရမလဲဆိုလျှင် ပါဠိတော် အလိုက 'အရိယာ' အရိယာပုဂ္ဂိုလ်မျိုးမှရမယ်၊ ဒါကြောင့် 'အရိယာယ-ပုထုဇဉ်သာမန် လူသာမန် နတ်သာမန်တို့နှင့်မတန်မရာ မွန်မြတ်စွာထသော' တဲ့၊ ကိုင်းသေသေချာချာစဉ်းစားကြည့်၊ ဖြစ်ပျက်ဖြစ်ပျက် နေတဲ့ရုပ်ခဏ်တ် နာမ်ခဏ်တ်တို့ကို ပုထုဇဉ် သာမန် လူသာမန် နတ်သာမန် ပြဟ္မာသာမန် မမြင်နိုင်တဲ့ ခဏ်တ်တရားတွေ အလွန်သိမ်မွေ့တာ မလွယ်ဘူး၊ ဒီလိုရုပ်ခဏ်တ်နာမ်ခဏ်တ်တွေဖြစ်ပျက် ဖြစ်ပျက်နေတာ ဘယ်လိုထိအောင် သိရမလဲဆိုလျှင် 'နိဗ္ဗေဓိကာယ' တဲ့၊ အဲဒါဥပမာနှင့်ပြတာ မြန်မာလိုဆိုလျှင်ကျောက်အတိပြီးသော တောင်အထွဋ်ရှိ တောင်အထုတ်ကို မွန်မွန်ညက်ညက် ကျက်ရက်ရဲရဲ ခက်ဝက် ခွဲနိုင်သော ဝရဇိန်မိုးသီးကြိုးအလားကဲ့သို့တဲ့၊ ဝရဇိန်လက်နက်ဟာကျောက်တောင်ကြီးကို ပစ်ချလိုက်လျှင် မွန်မွန် ညက်ညက် ကျေသွားတာကို ယောဂီပုဂ္ဂိုလ်၏ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်ဟာ ဦးခေါင်းက အစခြေဖျားတိုင်အောင် အာရုံပြုလိုက်လျှင် တကိုယ်လုံး ဘယ်နေရာမှာမှခိုင်မြဲတာမရှိဘဲ ခဏမစဲ ဖြစ်ပျက်ဖြစ်ပျက် နေတာကိုတွေ့ရမယ်တဲ့။

အဲဒီလိုတွေ့လျှင် ဘာဖြစ်မလဲ စိတ်ချ ပေတော့တဲ့၊ ပါဠိတော်က 'သမ္မာ' တဲ့၊ သမ္မာဆိုတာ အစိပ္ပါယ်က မချွတ်ယွင်းတဲ့၊ ဘာမချွတ်မယွင်းလဲဆိုလျှင် မြေကြီးကို လက်ဝါးနှင့်ပုတ်

လွဲ၊ လွဲမှသာ၊ မုချမလွဲတော့ဟု ဆိုတာ ဘယ်လိုဟာ မလွဲရမှာလဲ ဆိုလျှင် 'ဒုက္ခက္ခယ ဂါမိနီယာကဲ့'၊ အဲဒီ ဒုက္ခက္ခယ ဂါမိနီယာ ဆိုတာက ဒုက္ခ၏ ကုန်ရာစခန်းသို့ တန်းတန်း ဖြောင့်ဖြောင့် မထောင့်မတွေ့ ချမ်းမြေ့ ပိုင်ပိုင် ဆိုက်ရောက်စေနိုင်ထသော ဆိုတယ်။ အဲဒါတာလဲ-လောကမှာ ဒုက္ခဆိုတဲ့ တရားအပေါင်း မှ လွတ်မြောက်ရာ 'နိဗ္ဗာန်'ဆိုတဲ့ အမြိုက်တရားကို ကေန်မလွဲဘဲ ရတော့မယ်လို့ ဆိုတာ၊ ဒါကြောင့် 'ပညာယ-ဉာဏ် ပညာ အထူးနှင့်၊ သမဒ္ဒါဂတော-ပြည့်စုံ၏'တဲ့၊ ယောဂီ ပုဂ္ဂိုလ် မှန်သမျှ ဤပဓာနင်္ဂါးချက်နှင့် ညီညွတ်မှ ဝိပဿနာအစစ်လို့ ဆိုတာ မြဲမြဲစွဲစွဲ မှတ်သားကြဘို့ဘဲ။

---

## သီလ လေးမျိုး

ယခုကာလ ပုဂ္ဂိုလ်များ ရှစ်ပါးသော အင်္ဂါဥပေါသထ သီလများ ဆောက်တည် ကျင့်သုံးနေကြတယ်၊ ဘာ့ကြောင့် ဒီသီလကို စောင့်သုံး နေကြတာလဲလို့ မေးလျှင် လွယ်လွယ်ဘဲ ဖြေကြမှာပေါ့၊ နိဗ္ဗာန်ကို လိုချင်လို့ဟု ဒီအတိုင်း ဖြေဆိုကြမှာ ပါဘဲ၊ တကယ်တမ်း နိဗ္ဗာန်ကို အကျိုးပေးနိုင်တဲ့သီလကို ကိုယ် တိုင်သိအောင် အားထုတ်ဘို့ အရေးကြီးတယ်၊ တကယ်တမ်း နိဗ္ဗာန်အရောက် အကျိုးပေးနိုင်တဲ့ သီလက ရှစ်ပါးသီလပင် မှန်ပေ သော်လဲ အမည်အားဖြင့် ခွဲခြားလိုက်လျှင်–

ဟာန-ဘာဂိယ သီလ,
ဌိတိ-ဘာဂိယ သီလ,
ဝိသေသ-ဘာဂိယ သီလ,
နိဗ္ဗေဓ-ဘာဂိယ သီလ,

လေးမျိုးဖြစ်လာတယ်၊ ဒီ သီလ လေးမျိုး စလုံးဟာ ကုသိုလ် ရတဲ့ သီလတွေချည်းဘဲ၊ ကုသိုလ်တော့ မှန်တယ် နိဗ္ဗာန်ရမှာလား ဆိုတော့ သီလတိုင်း မရနိုင်ဘူး။

## ဟာန ဘာဂိယသီလ

ဟာနဘာဂိယ သီလဆိုတာ ရှစ်ပါးသီဘဲ၊ ဘယ်သို့စောင့် တာလဲဆိုလျှင် ရှစ်ပါးသီလ ခံယူပြီးနောက် 'မနောကံ'ကို မနိုင် တဲ့ သီလသည် ပုဂ္ဂိုလ်များဟာ မေထုန်ငယ် ၇-ပါးနှင့် တွေ့ ကြုံတတ်တယ်၊ မေထုန်ငယ် ဆိုတာဟာ လွယ်လွယ်ကလေးရယ်၊ သီလ ပျက်လောက်တဲ့ အင်္ဂါ မဟုတ်ဘူး။

မိန်းကလေးက ယောကျ်ားကလေး၏ ရူပါရုံကို မြင်၍ နှစ် သက်သော စိတ်ဖြင့် ကြည့်ခြင်း,

ယောကျ်ားကလေးက မိန်းကလေး၏ ရူပါရုံကို မြင်၍ သာ ယာသောစိတ်ဖြင့်ကြည့်ခြင်း,

မိန်းကလေးနှင့် ယောကျ်ား ကလေးများ တယောက်သည် တယောက်အား အသံကို ကြား၍ သာယာသောစိတ်ဖြင့် အာ ရုံပြုခြင်း,

ရှေးက ဆက်ဆံဘူးသည်ကို အာရုံပြု၍ သာယာခြင်း,

တပါးသော သူတို့ အချင်းချင်း ဆက်ဆံကြသည်ကို မြင်၍ သာယာခြင်း,

တယောက်သည် တယောက်အား ရာဂဖြင့် ကပ်ငြိ၍ စကားပြောခြင်း ကျီစယ်ခြင်း,

တယောက်သည် တယောက်အား ကိုင်တွယ်ခြင်း ထိပါးခြင်း,

ဤတရားစုများဟာ ရာဂနှင့်စပ်ယှဉ်၍ မေထုန်ငယ်နှင့် စပ်နေသောကြောင့် သီလ၏ ဆုတ်ယုတ်ခြင်းဖြစ်၍ ဟာနဘာဂိယ သီလလို့ ခေါ်တယ်၊ ဒီလို ဟာနဘာဂိယ သီလမျိုးက ကုသိုလ်ဖြစ်တယ်၊ သီလမပျက်ဘူး ဆိုသော်လဲ နိဗ္ဗာန်ကို ဘယ်နည်းနှင့်မျှ အကျိုးမပေးနိုင်ဘူး။

## ဌိတိဘာဂိယ သီလ

ရှစ်ပါးသီလ ဆောက်တည်ပြီး သစ်တပင်ရင်း ဝါးတပင်အောက် ဆိုတာလို တကိုယ်ယေ တကာယ တယောက်ထည်းထည်း မည်သူနှင့်မျှအား တွမခံဘဲ သီလမှ မည်သို့းနွမ်းရလေအောင် ဆောက်တည် ကျင့်သုံးသော သီလမျိုးကို ဌိတိဘာဂိယသီလလို့ ခေါ်တယ်၊ ဒီသီလကကော နိဗ္ဗာန်ကို အကျိုးပေးနိုင်သလား ဆိုလျှင် မပေးနိုင်ဘူး၊ သူ၏ သီလ တန်ခိုးကြောင့် အမျိုးမျိုးသော အကျိုးတွေ ကေန်ခံစားရတယ်၊ နိဗ္ဗာန်ကိုတော့ အကျိုးမပေးနိုင်ဘူး။

## ဝိသေသ ဘာဂိယသီလ

ရှင်ပါးသီလ ဆောက်တည်ပြီး ငနော်ကံ မနိုင် နိုင်အောင် သမထ လုပ်ငန်းကို အကြိမ်ကြိမ် စီးဖြန်းပြီး နေတဲ့ ပုဂ္ဂိုလ်များဟာ ဝိသေသ အထူးသဖြင့် စောင့်ထိန်းတဲ့ သီလပေါ့၊ ဤမျှလောက် စောင့်ထိန်းတဲ့ သီလကကော နိဗ္ဗာန်အကျိုးပေးနိုင်သလား၊ မပေးနိုင်ဘူး၊ သူ၏စွမ်းရည်ကြောင့် ဈာန်တွေ အသိဉာဏ်တွေရလို့ မြေလျှိုးမိုးပျံနေနိုင်သော်လဲ သတ္တိအလွန်ကောင်းလျှင် ဗြဟ္မာပြည်လောက်ဘဲ အကျိုး ပေး နိုင် တယ်၊ နိဗ္ဗာန်နား မကပ်နိုင်သေးဘူးတဲ့၊ အဲသီလသုံးမျိုးရှိသွားပြီ။

## နိဗ္ဗေဓ ဘာဂိယသီလ

နိဗ္ဗေဓ ဘာဂိယ သီလမျိုးက လူတရာမှာ တ ယောက် လူတထောင်မှာ တယောက် ဆိုတာလို အလွန်စောင့်နိုင်ခဲတယ်၊ ဒါကြောင့် ယခု ဝိမဿနာကို တကယ်တမ်း အားထုတ်ကြတဲ့ ယောဂီပုဂ္ဂိုလ်များဟာ 'ဝိဇ္ဇာဉာဏ်'ကိုရပြီး ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ကိလေသဝဋ်၊ ဆိုတဲ့ သံသရာဝဋ်ဆိုးကြီးတွေကို ကိုယ်တိုင်တွေ့ ကိုယ်တိုင်သိပြီး သူများ ပြောသံကြားမဟုတ်ဘဲ မိမိကိုယ်တိုင် လောက ဒုက္ခဆိုးကြီးကို တကယ်မြင်ပြီး တကယ်ငြီးငွေ့ လို့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးလျှင် စောင့်သုံးတဲ့ သီလမျိုးကိုနိဗ္ဗေဓ ဘာဂိယ သီလလို့ ခေါ်တယ်၊ အဲဒီ နိဗ္ဗေဓဘာဂိယ သီလမျိုးမှ တကယ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တာ၊ သီလစောင့်ခြင်းတူပါလျက် ဘာမှာ ကွာခြားနေသလဲ၊ စေတနာမှာ ကွာခြားနေတယ်၊ ဒီနိဗ္ဗေဓ ဘာဂိယ သီလမျိုးကို ရဘို့ရာ မလွယ်လှဘူး၊မိမိ

ကိုယ်တိုင် ရုပ်ဓာတ် နာမ်ဓာတ်တရားတွေ တွေ့ပြီး လောကကြီးရဲ့ အပြစ်အာဒီနဝ မြင်လာမှ 'နိဗ္ဗိန္ဒာဉာဏ်' ရနိုင်တာ၊ ယောဂီအစစ်ဖြစ်တဲ့ ဝိပဿနာ ပုဂ္ဂိုလ်မျိုးမှ မြင်နိုင်တဲ့ ဘုရားဖြစ်တယ်၊ ဒီလို ဝိပဿနာဉာဏ်မျိုးကို သာသနာပ အခါမျိုးမှာ ဘယ်လိုပင် လိုချင်ကြငြားသော်လဲ ရနိုင်ဘို့ရာ အလွန်ဝေးတယ်၊ သာသနာတွင်းအခါမျိုးသာ ရကောင်းတယ်။

ဒါကြောင့် သာသနာတော်နှင့် ကြုံကြိုက်တဲ့အခါမှာ ကြုံရကျိုးနပ်အောင် သာသနာပ အခါမှာ ရကောင်းတဲ့ တရားတော်များနှင့် ရောင့်ရဲတင်းတိမ် မနေကြဘဲ သာသနာတွင်းအခါမှာ ရသင့်ရထိုက်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို အသိဉာဏ်အမြင်စင်ကြယ်အောင် ကြိုးစားအားထုတ်ရမယ်ဆိုတဲ့ စိတ်ဓာတ်နှင့် ဝိပဿနာ တရားတော်ကို မြင့်လုံးထွားအောင် ပွားများမှုသည်ကား နိဗ္ဗာန်ရောက်ကြောင်း ခရီးဟောင်း အမျိုးမျိုးတွင် လမ်းတို လမ်းဖြောင့်သာ ဖြစ်တယ်၊ သို့ပင် ဖြစ်ပါ သော်လည်း ဉာဏ်၏ အလုပ် ဖြစ်သောကြောင့် လူတိုင်းနားမလည်နိုင်ဘူး၊ နားလည်သော်လည်း နိဗ္ဗိန္ဒ အလုပ် ဖြစ်သောကြောင့် လူတိုင်း မလုပ်နိုင်၊ သို့ဖြစ်၍ မျောက်အုန်းသီးရသကဲ့သို့ ခွဲ၍လည်းမစားတတ်၊ အရသာကိုလည်းမသိ၊ အကြံကလည်းမထိ၊ ဉာဏ်ကလည်း တုံးတိ၊ ဗာလာနံ-အကန်းအတိဖြစ်ကြ၍ ဓမ္မနှင့်ဝေး သံသရာ စျေးကြောင်းပေါက် ရှေ့မသောက် နောက်မမျှော် အဖော်တရုံးရုံးနှင့် တပြုံးပြုံးပျော်မြူး၍ မူးမေ့ခါ နေကြလေတယ်၊ အများပင် မူးကြသော်လည်း ကိုယ်ကရော၍ မရှူးလေနှင့်ဟု ဆိုလိုသည်။ ထိုကြောင့်–

လမ်းဖြောင့်တရား တွေ့ပါသားနှင့် အများမူးတိုင်း နှင်မရှူးနှင့်၊ ထူးသည့်အခါ ဝိပဿနာကို ခါခါပွားမှ သွားမည့်သံသရာ အစဥ်ပါမည် နစ်သာ သတိ ထားဟု- ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့တယ်။

နာမ် ရုပ် ဓမ္မ သဘာဝကို ဒိဋ္ဌမြင်ရန် ကြံဖန်စေ့ငုစပ်၍ ရှုသော ဝိပဿနာ အလုပ်ကား နိဗ္ဗာန်ရောက်ကြောင်း တရားတွင် မဂ်တံခါးအဖွင့် အကျင့်တွင် အချုပ်အလုပ်ဘွင် အသာပါရမီတွင် အမြတ်ဆုံး ဤကဲ့သို့ နှလုံးထားဘော်မူ၍ ဘုရားရှင် အလိုတော်ကျ သိုတ္တနိပါတ် အဋ္ဌကထာဆရာကလဲ-

ပညဝါ ဟိ ပုရိသော ဝိပဿနံ ဝဍ္ဎေတွာ အရိယမဂ္ဂဒွါရံ ဝိဝရိတွာ အမတနိဗ္ဗာနံ ပဝိဘိဿတိ၊ သာဝကာ- ပါရမိမ္ပိ ပစ္စေကဗောဓိမ္ပိ သမ္မာသမ္ဗောဓိမ္ပိ ပဋိဝိဇ္ဈိဿတိ၊ အမတမဟာနိဗ္ဗာန သမ္ပာပကေသုဟိ ဓမ္မေသု ပညာဝသေဋ္ဌာ၊ အဝသေသာ တဿ ပရိဝါရာဟောန္တိ။

ဟိ-ထင်စွာပြဦးအံ့၊ ပညဝါ- ပညာရှိသော၊ ပုရိသော- ယောကျ်ားသည်၊ ဝိပဿနံ- ဝိပဿနာ တရားကို၊ ဝဍ္ဎေ- တွာ-ပွားစေ၍၊ အရိက မဂ္ဂဒွါရံ-အရိယာမဂ် တည်းဟူသော တံခါးကို၊ ဝိဝရိတွာ - ဖွင့်လှစ်၍ အမတ နိဗ္ဗာနံ အမြိုက် နိဗ္ဗာန်သို့၊ ပဝိသိဿတိ-ဝင်လတံ့၊ သာဝက ပါရမိမ္ပိသာဝကပါရမီ ဉာဏ်ကိုရင်း၊ ပစ္စေက ဗောဓိမ္ပိ-ပစ္စေကဗောဓိ ဉာဏ်ကိုရင်း၊ သမ္မာသမ္ဗောဓိမ္ပိ- သမ္မာသမ္ဗောဓိဉာဏ်တော်ကြီးကိုရင်း၊ ပဋိဝိဇ္ဈိဿတိ- ထိုးထွင်း

၍ သိရလတံ့၊ ဟိသစ္စံ-မှန်၏၊ အမတ,မဟာ နိဗ္ဗာန သမ္မာပကောသု အမြိုက် နိဗ္ဗာန်သို့ ရောက် စေ တတ် ကုန်သော၊ ဓမ္မေသု-တရားတို့တွင် ပညာဝ-ဝိပဿနာပညာ ပါရမီသာလျှင် သေဋ္ဌာ-အမြတ်ဆုံးပေဟည်း၊ အဝသေသာ-ကြွင်းကုန်သော ပါရမီတို့သည်၊ တဿ-ထိုဝိပဿနာ ပညာပါရမီ၏၊ ပရိဝါရာ-အခြံအရံတို့သည်ဟောန္တိ-ဖြစ်ကုန်၏။

မြန်မာလို သက်သက် ပြောရလျှင် ဝိပဿနာ အလုပ်သည် သာသနာအတွင်းမှာ ခေါင်းဆောင် ထိပ်တန်းက နေကြောင်းကို လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာပြထားပါတယ်၊ အဲဒါကြောင့် ရုပ် နာမ် ဓမ္မ သင်္ခါရ တရားတို့ကို ကိုယ်တွေ့ဉာဏ်မြင် အစစ်အမှန်သိရှိရန် ဆရာကောင်းထံ နည်းခံ၍ ကျနစွာ အားထုတ်နေကြသော ယောဂီအပေါင်း သူတော်ကောင်းတို့သည် အထက်ပါ ဒေသနာတော်ကြီးက အခိုင်အမာ ဟောပြထားသဖြင့် နိဗ္ဗာန်ရောက်နိုင်တဲ့ နိဗ္ဗေဓဘာဂိယသီလကို ဆောက်တည်နိုင်သော ဝိပဿနာ အလုပ်ကို ဘာဝနာမယဉာဏ် အစစ်အမှန် ရင့်သန်သည်ထက် ရင့်သန်ပြီး အနုတ္တလက္ခဏာ ပိုင်နိုင်အောင် မနားမနေ ကြိုးစား အားထုတ်ကြ ရန် တိုက်တွန်းပါသည်။

## သာသနာတွင်းနှင့် သာသနာပ

တရားတော်ဆိုတာ သာသနာတွင်းအခါလဲ ရှိတယ်၊ သာသနာပအခါမှာလဲ ရှိတယ်၊ ဒါန,သီလ,သမထ,တရားမျိုးက သာ

သနာတွင်း အခါမှာလဲ ရှိတယ်၊ သာသနာပ အခါမျိုးမှာလဲ ရှိတယ်၊ ဘယ်လိုကွာခြားသလဲဆိုလျှင်-

သာသနာပအခါမှာ ပြုလုပ်တဲ့ ဒါန,သီလ,သမထ, တရားမျိုးဟာ များသောအားဖြင့် 'အဝိဇ္ဇာ'ဦးစီးတယ်၊ ကမ္မသကတာသမ္မာဒိဋ္ဌိ မရှိဘူးလားဆိုလျှင် ရှိတော့ရှိတယ်၊ သို့သော်အဝိဇ္ဇာဦးစီးခံရတော့ မဂ်တရား ဖိုလ်တရားကို မရနိုင်ဘူး။

သာသနာတွင် အခါမှာ ပြုလုပ်တဲ့ဒါန,သီလ,သမထ, မျိုးကများသောအားဖြင့် 'ဝိဇ္ဇာဉာဏ်'ဦးစီးတယ်၊ ဝိဇ္ဇာဉာဏ်ရှေ့တော်ဆောင်တဲ့ ဒါနမျိုး သီလမျိုး သမထမျိုးက မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင်တယ်။

အထူး ဝိသေသကတော့ သာသနာပ အခါမှာ အနတ္တလက္ခဏာဆိုတဲ့ ဝိဇ္ဇာဉာဏ်မျိုးကို မရနိုင်ဘူး၊ ဒီလို အနတ္တလက္ခဏာဆိုတဲ့ ဝိဇ္ဇာဉာဏ်ကို သာသနာတော် အတွင်းမှာသာရကောင်းတယ်၊ ယခုလို ဝိဇ္ဇာဉာဏ် ကုသိုလ်မျိုးဦးစီးပြီးတော့ဒါနမှု သီလမှု ဘာဝနာမှုကို ပြုခဲ့ရင် အမှန်ဘဲ မဂ်ဉာဏ်ဖိုဉာဏ်ကို ရနိုင်တယ်၊ ဘာကြောင့်လဲဆိုလျှင် 'အတ္တ'မပါလို ၊ ဒါနပြုလဲငါမပါတော့ဘူး၊ သီလဆောက်တည်လဲ ငါမပါတော့ဘူး၊ ဘာဝနာအားထုတ်ရင်လဲ ငါမပါတော့ဘူး။

အဝိဇ္ဇာဦးစီးခဲ့ရင် ဒါနပြုလဲ ငါပါလာပြီ၊ လောကဂုဏ်,ပကာသနတွေ မက်မောပြီး ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိတွေတောင်းတ၍ လူ့ဒါန်းသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဝေးသွားတာ

ပေါ့၊ သီလ ဆောက်တည်ပြန်လျှင်လဲ ထိုနည်းတူစွာ အဝိဇ္ဇာ အနှောက်အယှက် ခံရလို့ ငါ သီလ ဆောက်တည်တယ်၊ ငါ၏ သီလကြောင့် လောကကောင်းကျိုးတွေ မက်မောလာတတ်တယ်၊ ဒီလို လောကီအာရုံ ကာမဂုဏ် တရားတွေ မက်မောနှစ်သက်တဲ့ အတွက် မဂ်ဖိုလ်နှင့် ဝေးသွားရတယ်၊ ဘာဝနာကကော လူတိုင်း သိနေကြတဲ့ သမထ ဘာဝနာ သမားတွေဟာ မည်မျှလောက် အဝိဇ္ဇာကြီးတယ်ဆိုတာ စဉ်း စား ကြည့် လိုက် စမ်း၊ ပုတီးစိပ်နှင့် တဖုံ ပါးစပ်က ရွတ်ဆိုနေကြတာက တမျိုးနှင့် ယခု လက်ငင်း ကုန်ရောင်းကောင်းအောင် စီးပွား တိုးတက်အောင် အသက်ရှည်အောင်ဆိုပြီး အမျိုးမျိုးကျင့်နေကြတာ မြင်တွေ့ကြမှာပေါ့၊ နောင်သံသရာရေးကို ဘေးဖယ်ပြီး 'ယခု ပစ္စုပ္ပန်'ကို ကြည့်လျက် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လိုချင်၍ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေထက် အဆအရာ အဆ အထောင်မက များပြားနေကြတယ်၊ အဲဒါ ဘာ့ကြောင့်လဲဆိုလျှင် အဝိဇ္ဇာ၏ လှည့်ပတ်မှု အဝိဇ္ဇာ၏ ဖြားယောင်းမှုပေါ့၊ အဝိဇ္ဇာက မှန်ရာကို မသိအောင် ကာကွယ်ပေးလိုက်တော့ ဘယ်မှာ ကောင်းစွာ ခွဲခြားပြီး သိနိုင်တော့မှာလဲ၊ အဝိဇ္ဇာ၏စွမ်းအင် သတ္တိကြောင့် ဒုက္ခမှန်သမျှ မမြင်ရအောင် ကာကွယ်ထားလိုက်တော့ သမုဒယဆိုတဲ့ တဏှာလောဘက လောကအကျိုးကိုသာ တောင့်တပြီး ကုသိုလ် အမျိုးမျိုးကို ပြုကြတာပေါ့၊ အဝိဇ္ဇာ အုပ်စိုးပြီး အကုသိုလ်အမှုကိုပြုတဲ့ ပုဂ္ဂိုလ်တွေနှင့် စာလျှင်တော့ ကုသိုလ်ပြုတဲ့သူက တော်သေးတာပေါ့၊ သို့သော်လဲ သာသနာတော်တွင်း အခါမှာ ကြုံပါလျက်နှင့် သာသနာတော်တွင်း အခါတွင် ရကောင်းတဲ့တရားကို မရရှိဘဲ သာသနာပတရားမျိုး

နှင့်တင်းတိမ်ရောင့်ရဲပြီး အလွဲအမှား ဖြစ်သွားကြမှာတော့ အလွန်သနားစရာကောင်းတာဘဲ။

သာသနာတော်အတွင်းမှာ ရရှိကောင်းတဲ့ ဝိပဿနာ ဘာဝနာအလုပ်နှင့် တကာယ်တမ်း အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကိုတော့ အလွန့်အလွန် အားကျစရာကောင်းတယ်၊ ဘာ့ကြောင့်လဲဆိုလျှင် ဘုရားသခင် ကိုယ်တော်မြတ်က ဝိဇ္ဇာဉာဏ်ဖြင့် ရုပ်နာမ်ကိုသာ သိပေစေ မုချ ၊အရိယာဖြစ်နိုင်တယ်လို့ ဟောထားတယ်။

## စူဠသောတာပန်

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ ။

ဝိသုဒ္ဓိမဂ် ကင်္ခါဝိတရဏာ ဝိသုဒ္ဓိ နိဒ္ဒေသ။

ဣမိနာ ပန ဉာဏေန-ဤနာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ်နှစ်ပါးနှင့် သမန္နာဂတော - ပြည့်စုံသော၊ ဝိပဿကော-ဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ဗုဒ္ဓသာသနေ မြတ်စွာဘုရား သာသနာတော်၌၊ လဒ္ဓဿာသော-ရအပ်သော သက်သာရာ ရှိသည် ဖြစ်၍ လဒ္ဓပတိဋ္ဌော ရအပ်သော ထောက်ရာ တည်ရာ ရှိသည်ဖြစ်၍ နိယတဂတိကော အပါယ်လေးပါးသို့ မလား သူတော်ကောင်းတို့

လားအပ်သော မြဲသောဂတိရှိသည်ဖြစ်၍ စူဋ္ဌသောဘာ
ပန္နောနာမ စူဋ္ဌသောတာပန်မည်သည်၊ ဟောတိဖြစ်၏။

ယခုပြလိုက်တဲ့ အဌကထာအရဆိုလျှင် နာမ်နှင့် ရုပ်ကို သိခြင်း ထိုနာမ်နှင့် ရုပ်တို့၏ အကြောင်းတရားတို့ကို သိခြင်းဖြင့် စူဋ္ဌသောတာပန်လို့ ဆိုတယ်၊ ဒီလို နာမ်ရုပ်ကိုသိရင် စူဋ္ဌသောတာပန်လို့ဆိုတော့ အချို့အချို့သော ပရိယတ္တိ အရှင်များက တို့လဲ နာမ်ရုပ်ကို သိနေတာဘဲ တို့ဘာပူစရာရှိသလဲလို့ ဘဝင်မြင့်နေကြတယ်၊ အချို့သော ပုဂ္ဂိုလ်များကလဲ နာမ်ရုပ်ကို သိရမယ်ဆိုတယ် နာမ်ရုပ်ကို သိမှဖြစ်မယ်လို့ဆိုပြီး နာမ်တရား ရုပ်တရားတွေကို မရရအောင် ကျက်မှတ်ကြတာဘဲ၊ သူတို့ ကျက်မှတ်တာ နာမ်တရား ရုပ်တရာ; မဟုတ်ဘူးလားလို့ဆိုတော့ ဟုတ်တာပေါ့၊ နာမ်တေပညာသ ငါးဆယ်သုံးပါး၊ ရုပ်အဌဝီသ နှစ်ဆယ့်ရှစ်ပါး မှန်တာပေါ့၊ သို့သော်လဲ ဘာနှင့်တူသလဲဆိုလျှင်၊

ဥပမာ- ဆလိမ်ရေးချ ဝစ်စနှစ်လုံး ပေါက်တော့ ဆား ပေါ-
စာထဲ ရေးသားတာလဲ ဆားဘဲ၊ ပကတိ စားရတာလဲ
ဆားဘဲ၊ ဆားချင်းတော့အတူသားပေါ့၊ ဒါပေမဲ့ စာ
ထဲမှာရှိတဲ့ ဆားက စားမှမစားရဘဲ၊ အငန် အရသာကို
ဘယ်မှာသိမှာလဲ ဆားငန်တယ်လို့ ပြောတာ ကိုယ်တိုင်
စားကြည့်လို့ လျှာပေါ်ကို ရောက်မှ ငန်တဲ့ အရသာ
တကယ်သိမှာပေါ့။

ထိုဥပမာ ကဲ့သို့ဘဲ စာထဲမှာ ကျက်မှတ် ထားတဲ့ ရုပ်တရား နာမ်တရား[illegible] မှန်တယ်၊ ယောဂီများ ကိုယ်တိုင်အားထုတ်လို့

တွေ့တဲ့ရုပ်တရား နာမ်တရားဟာလဲ မှန်တယ် စာထဲကရုပ်နာမ်က ဖြစ်ပျက်ဆိုတဲ့ ဥဒယဗ္ဗယကို တွေ့ပါ့မလား၊ ဘယ်နည်း နှင့်မျှ မတွေ့ဘူး။

ဒီ ရုပ်နာမ်ဟာ မမှန်လို့လားဆိုလျှင် မှန်တယ်၊ သို့သော်လဲ စာထဲက ဆားကို လျက်ကြည့်လို့ မငန် သလိုပေါ့၊ စာထဲမှာ ရှိတဲ့ ရုပ်နာမ်က ဖြစ်ပျက်မတွေ့တော့ အနိစ္စမှု, ဒုက္ခမှု, အနတ္တမှု ဆိုတဲ့ တရားအစုကို ဘယ်တော့မှမတွေ့နိုင်ဘူး၊ ဒီလို ယထာဘူတ ဟုတ်တိုင်း မှန်စွာ မသိခဲ့လျှင် ဘယ်မှာ စူဠသောတာပန် မျိုး ဖြစ်နိုင်မလဲ၊ ဘယ်လိုနည်းနှင့်မျှမဖြစ်နိုင်ဘူး၊ ယခု ယောဂီများ ကိုယ်တိုင်တွေ့တဲ့ ရုပ်နာမ်ကိုကြည့်လိုက်စမ်း။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။
သံယုတ်ပါဠိတော်။

သေသေချာချာ စဉ်းစားကြည့်၊ ကာယဉ္စ ဆိုတဲ့ အပ်နှင်း ထိုးဆွနေရာကျင်တတ်တဲ့ ကိုယ်နှင့်ဖောဋ္ဌဗ္ဗဆိုတဲ့ "ပထဝီ ဖောဋ္ဌဗ္ဗ, တေဇောဖောဋ္ဌဗ္ဗ, ဝါယောဖောဋ္ဌဗ္ဗ" ဆိုတဲ့ ဖောဋ္ဌဗ္ဗ ရုပ်နှင့် တွေ့ကြတော့ ကိုယ်ပိုင် ဉာဏ်ကလေးနှင့် အာရုံ စိုက်ကြည့်လိုက် စမ်း၊ ပထဝီဖောဋ္ဌဗ္ဗက မာတယ်၊ နူးညံ့တယ်၊ အဲဒီလို အမာနှင့် ကိုယ်နှင့် တွေ့လျှင် ကာယ ဝိဉာဏ် ဆိုတဲ့ သိလုံး နာမ် တရားက ဘယ်လိုသိမလဲ၊ မာတာနှင့်တွေ့လျှင်နာမယ်၊ကျင်မယ်၊ကိုက်မယ်၊ ခဲမယ်၊ တောင့်မယ်၊ တင်းမယ်၊ အဲဒါဘယ်သူနှင့်ဘယ်သူ ထိခိုက် လို့ဖြစ်တာလဲ၊ အမာပထဝီ ဖောဋ္ဌဗ္ဗနှင့်ကိုယ်နှင့်တွေ့လို့ ကာယ ဝိဉာဏ်က သိတာမဟုတ်လား၊ နူးညံ့ပထဝီကတော့ မထင်ရှား

ဘူး၊ ဒီလိုကိုယ်နှင့်တွေ့ရတဲ့ ကိုယ်ရုပ် အတွေ့ရုပ် တွေ့သိနာမ် ရုပ်နာမ်နှစ်ပါးဘဲ မဟုတ်လား၊ ကိုင်း, ယောဂီများ တကယ်တွေ့လို့ တကယ်သိရတဲ့ ရုပ်တရားနာမ်တရားတွေဟာ အခိုင်အမြဲငြိမ်သက် တည်ကြည်နေတာကို တွေ့ရဲ့လား၊ ဘယ်နည်း နှင့်မျှ အခိုင်အမြဲ မရှိဘူး၊ ဒီလို မခိုင်မမြဲဘဲ အမြဲ ဖြစ်ပျက်နေတဲ့ ရုပ်တရား နာမ်တရားမှ အမှန်၊ အဲဒီလို ရုပ်နာမ်ကို တကယ်တွေ့လို့ တကယ် ဖြစ်ပျက်သိနေတဲ့ ယောဂီမှာ ဥဒယဗ္ဗယဆိုတဲ့ ဉာဏ်အစင်ကိုရလို့ စူဠသောတာပန် ခေါ်တာ၊ အခုပြခဲ့တာက ပထဝီဖော်ဋ္ဌဗ္ဗ ဓါတ် ရုပ်နှင့် တွေ့လို့ သိတဲ့အကြောင်းကို ပြောတာ၊ ကောင်းပြီ တေဇောဓါတ် ရုပ်တေဇော ဆိုတဲ့ ဖော်ဋ္ဌဗ္ဗနှင့် တွေ့ရင်ကော တေဇောက စာဆိုမှာ ပူတဲ့သဘောအေးတဲ့သဘောတဲ့၊ ပူတာ အေးတာ စာနှင့်သိမလား ဆိုလျှင် မသိဘူး၊ ပူဘာ အေးတာ ကိုယ်နှင့် ပူခြင်း အေးခြင်းဆိုတဲ့ ဖော်ဋ္ဌဗ္ဗနှင့် တွေ့မှ ကာယ ဝိဉာဏ်ဆိုတဲ့ နာမ်တရား ပေါ်လာပြီး ပူတယ်ဟေ့ အေးတယ် ဟေ့လို သိကြတာ၊ ကိုင်း ကိုယ်ရုပ် အတွေ့ရုပ် တွေ့သိနာမ် ရုပ်နာမ် နှစ်ပါး အမှန် မဟုတ်လား၊ အဲဒီ ရုပ်နာမ် နှစ်ပါး တွေ့ကထည်းက သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်ရနေပြီမဟုတ် လား၊ ဒါက တေဇောရုပ်ကို တွေ့လို့ သိရတဲ့'ရုပ်နာမ်။

ဝါယော ရုပ်ကကော လှုပ်ရှား ဝါယော ထောက်ကန် ဝါယောလို့ စာကဆိုတယ်၊ ကိုယ်နှင့် တွေ့တော့ ထောက်ကန် ဆိုတဲ့ ဝါယောက အလွယ် နှင့် မထင်ရှားဘူး၊ ဉာဏ်သက်သက် ဖြင့် သိနိုင်တယ်၊ ဘယ်လိုသိမလဲဆိုလျှင် ငြိမ်သက်စွာ ထိုင်နေ နိုင်ခြင်း၊ ငြိမ်သက်စွာ ရပ်နေနိုင်ခြင်း၊ ငြိမ်သက်စွာ အိပ်နေနိုင်

ခြင်းဟာ ထောက်ကန် ဝါယောသဘောပေါ့၊ ဝိပဿနာနှင့် တော့ အလွယ်ထင်ရှား မသိကြဘူး၊ ဤလုပ်ရှား ဝါယော ကျတော့ သေသေချာချာ 'သမ္မာဒိဋ္ဌိ' မဂ္ဂင်ဉာဏ်နှင့် အာရုံစိုက် ပြီး နှလုံးသွင်းလိုက်လျှင် ဦးခေါင်းမှ အစ ခြေဖျားအထိ တ ကိုယ်လုံးမှာ ကကိုယ်လုံး တဒိတ်ဒိတ် တရိပ်ရိပ် တရွရွ ခဏမစဲ ကေန် ဝိပဿနာ ယောဂီမှန်လျှင် တွေ့ကြတာဘဲ၊ ဒီလိုတွေ့ကာထဲ က ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ ဥဒယဗ္ဗယကို အမှန်တွေ့သဖြင့် မမြဲ သော အနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ အစိုးမရသော အနတ္တကို တွေ့နေရတဲ့ အတွက် ဉာတ ပရိညာ, တီရဏ ပရိညာ, ပဟာန ပရိညာ တို့နှင့် ပြည့်စုံနေပြီ မဟုတ်လား၊ အဲဒီလို အမှန်အစစ် ဖြင့်တဲ့ ရုပ်တွေ, နာမ်တွေကို ဝိပဿနာဉာဏ်နှင့် အမှန် တွေ့နေ တဲ့ပုဂ္ဂိုလ်ကိုသာစူဠ သောတာပန်၊အပါယ်မလားနိုင်တဲ့ပုဂ္ဂိုလ်လို့ ကျမ်းဂန်များက ဆိုတာ၊ယခုပြတဲ့တရားက စူဠ သောတာပန်ကို ဘယ်လိုပေါ်သလဲဆိုလျှင်-

## မဟာ သောတာပန်

> တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ၊
> အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိ ပရာယနော။
>
> အင်္ဂုတ္တိုရ်။

တိဏ္ဏံ သံယောဇနာနံ- သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗ တ ပရာမာသဟု ဆိုအပ်သော သုံးပါးသော သံယော ဇဉ်တို့၏ ပရိက္ခယာ-ကုန်ခြင်းကြောင့်၊ သောတာပန္နော-

မြင့်မြတ်ရာသို့သာတဖြောင့်တည်း ဆန်တက်သော သီလ, သမာဓိ,ပညာဟုဆိုအပ်သော ဓမ္မသောတ,မြင့်မြတ်သော ပဋိသန္ဓေအစဉ် ဘုံအစဉ်ဟု ဆိုအပ်သော ဘဝသောတသို့ ရှေးဦးစွာ ဆိုက်ရောက်သော သောတာပန်သည် ဟောတိ-ဖြစ်၏၊ အဝိနိပါတဓမ္မော-ဝိနိပါတ ဘေးကြီးမှ အပြီးတိုင် ကင်းလွတ်၏၊ နိယတော-ဘဝ အဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်သော သီလ,သမာဓိ,ပညာနှင့် ပြည့်စုံ၏၊ သမ္ဗောဓိပရာယနော-အထက်မဂ် အထက်ဖိုလ် ကိုသာလျှင် လိုခါ ရကြောင်း မတိမ်းစောင်းနိုင်သော လည်းလျှောင်းရာ ရှိ၏။

အဲဒီ ပါဠိတော်အရ မဟာ သောတာပန်, နှင့် စူလသော ပန်, နိုင်းယှဉ်ပြီး ကြည့်၊ ဒီ မဟာ သောတာပန်က "တိဏ္ဏံ သံယောဇနာနံ"- သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗ ပရာမာသ-ဟု ဆိုအပ်သော သုံးပါးသော သံယောဇဉ်တို့၏၊ ပရိက္ခယာ-ကုန်ခြင်းကြောင့်"တဲ့၊ ကိုင်း ကိုယ်ပိုင်ဉာဏ်နှင့် စဉ်းစားကြည့်လိုက်စမ်း၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသဆိုတဲ့ သံယောဇဉ် သုံးပါး လုံးလုံးမရှိ ကင်းပြတ်သွားလို့ သောတာပန်ဟု ခေါ်တယ်၊ ကောင်းပြီ- ယခု ဝိဿနာကို တကယ်တန်း အားထုတ်လို့ ရုပ် တရား နာမ် တရားတို့၏ ဖြစ်မှု ပျက်မှုကို သိနေတဲ့ပုဂ္ဂိုလ်ကတော့ သက္ကာယဒိဋ္ဌိ မကုန်ဘူးတဲ့လား၊သေသေချာချာ ဝေဘန်ကြည့်၊ ဘုရား ရှင် ကိုယ်တော်မြတ်က-

ပဌမံဓာတုံ ခေါ ရာဟုလာ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ +သံယုတ် ပါဠိပေ-၁။

ရာဟုလ-ချစ်သား ရာဟုလာ၊ ခေါ-စင်စစ်၊ ပထဝီဓာတုံ ပထဝီဓာတ်ကို၊ အနိစ္စတော- မမြဲ ဟူ၍၊ ဇာနတော-သိသောသူအား၊ ပဿတော- မြင်သောသူအား၊ သက္ကာယဒိဋ္ဌိံ- သက္ကာယ ဒိဋ္ဌိကို၊ ပဇဟတိ- စွန့်၏၊ အဝိဇ္ဇာ-အဝိဇ္ဇာကို၊ ပဟီယတိ- ပယ်၏၊ ဝိဇ္ဇာ- ဝိဇ္ဇာဉာဏ်သည် ဥပ္ပဇ္ဇတိ ဖြစ်ပေါ်လာ၏။

ဤကဲ့သို့ ဘုရားသခင်က 'ရာဟုလာ' ကို ထင်ထင်ရှားရှား ဟောထားတာကို တွေ့ရတော့ ယခုအားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်များဟာ ပထဝီဓာတ် ဆိုတဲ့ တောင့်တင်း ညောင်းညာနာကျင် ကိုက်ခဲခြင်း တို့ကိုလဲ ထင်ထင်ရှားရှား တွေ့နေကြပြီ တဇော ဆိုတဲ့ ပူမှုအေးမှုတွေကိုလဲ တွေ့နေကြပြီ၊ ဝါယော ဆိုတဲ့ လှုပ်ရှားမှု ထောက်ကန်မှုတွေကိုလဲ ကိုယ်တိုင်ဒိဋ္ဌတွေ့နေကြလေတော့ 'သက္ကာယဒိဋ္ဌိ ပြုတ်,မပြုတ်ကို ကိုယ်တိုင် သိကြပြီ မဟုတ်လား၊

ဒီတော့ကာ မဟာသောတာပန်မှာ သက္ကာယဒိဋ္ဌိပြုတ်ပြီလို့ အထင်အရှား ဟောထားလို့ သိရသဖြင့် စူဠသောတာပန် ဝိပဿနာယောဂီပုဂ္ဂိုလ်များမှာကော ပြုတ်နေပြီဘဲ မဟုတ်လား၊ ဝိစိကိစ္ဆာကကော ဒိဋ္ဌိ ပြုတ်လျက်သားနှင့် ဝိစိကိစ္ဆာက နေနိုင်ပါ့အုံးမလား၊ ဘုရားသခင် ဟောတော်မူတဲ့ ဒေသနာတော်နှင့် အမှန် ကိုက်ညီနေလို့ ကိုယ်တိုင် သိနေပြီ မဟုတ်လား

ဘုရား တရားတော်က မှန်တယ်ဆိုကထဲက 'ဘုရားဟုတ်မှ ဟုတ်ပါလေစ' ဆိုတဲ့ သံသယမျိုး ရှိပါအုံးမလား၊ ဘယ်နည်းနှင့်မျှ မရှိတော့ဘူးပေါ့၊ ဒီတော့ ဘုရားမှာလဲ ယုံမှားခြင်း ကင်းသွားပြီ၊ တရားတော်မှာလဲ ယုံမှားခြင်းကင်းသွားပြီ၊ သံဃာမှာကော ဘုရားသခင်ရဲ့ ဩဝါဒကို လိုက်နာ ကျင့်ကြံ နေကြတဲ့ သံဃာကောဖြင့်နိုင်ပါ့မလားဆိုတဲ့ သံသယမျိုး ပျောက်သွားပြီ၊ မိမိတို့ ကျင့်နေတဲ့ သီလ, သမာဓိ, ပညာ ဆိုတဲ့ သိက္ခာပုဒ်က ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ သံသယမျိုးလဲ ပျောက်သွားပြီ၊ မိမိ ကိုယ်တိုင် ချုပ်, တရား နာမ်တရားတွေ ဖြစ် ပျက် မစဲ တွေ့နေလျက်သားနှင့် သတ္တဝါ အသေခံတယ်ဆိုတဲ့ သံသယမျိုးကော ဘယ်နည်းနှင့်မျှ မရှိနိုင်တော့ဘူး၊ အကြောင်းတရားကြောင့် အကျိုးဖြစ်တယ်ဆိုတာလဲ ကိုယ်တိုင်သိနေပြီ၊ အဲဒါ 'ဝိစိကိစ္ဆာ' ကင်းနေတာ မဟုတ်လား။

'သီလဗ္ဗတပရာမာသ' ဆိုတဲ့ ဘိက္ခုတို့၏ ဖေါက်ပြန်တဲ့ အကျင့်မျိုးကို ကျင့်အုံးမှာလား ဘယ်နည်းနှင့်မျှမကျင့်ဘူး၊ဒီတော့ စူဠသောတာပန်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးများလဲ ဒီ သံယောဇဉ် သုံးပါး ပြတ်နေပြီဘဲ မဟုတ်လား၊ မဟာသောတာပန်က သီလ,သမာဓိ, ပညာ,ဟု ဆိုအပ်သော မဟာသောတတဲ့၊ မဟာသောတာပန်များသာ သီလ, သမာဓိ, ပညာ, ရှိတာမဟုတ်ဘူး၊ စူဠသောတာပန် ဖြစ်တဲ့ ယောဂီပုဂ္ဂိုလ်များမှာလဲ နာမ် ရုပ် ဖြစ်ပျက်ကို သိနေရ ကထဲက ဒီ သီလ, သမာဓိ, ပညာ, ပြည့်စုံပြီး ဖြစ်နေပြီ၊ မြင့်မြတ်သော ပဋိသန္ဓေအစဉ် ဘုံအစဉ်ဟု ဆိုအပ်သော ဘဝသောတလို့ မဟာသောတာပန်မှာ ဆိုတယ်၊ စူဠသောတာပန် ဆိုတဲ့ ပုဂ္ဂိုလ်များမှာလဲ သူတော်ကောင်းတို့ လိုလားအပ်သော

မြဲသော ဂတိရှိသောလို့ ဆိုသားလေတော့ သောတာပန်တို့ လို လိုလားအပ်တဲ့ ဂတိမျိုးဘဲ လားရမယ် မဟုတ်လား၊ အဓိပ္ပါယ် သဘောကို စဉ်းစားကြည့် 'အဝိနိပါတဓမ္မော' တဲ့ အဝိနိပါတ ဆိုတာက ဝိနိပါတဘေးကြီး မရှိတော့ဘူး၊ ဝိနိပါတဘေး ဆို တာ အလွန်ကြောက်စရာကောင်းတဲ့ဘေးကြီးဘဲ၊ ဝိနိပါတဘေး ရှိနေတဲ့ ပုဂ္ဂိုလ်များဟာ ဘာနှင့်တူသလဲဆိုလျှင်-

**ဥပမာ** ထန်းသီး အုန်းသီး များဟာ အညွှာ ခိုင်တုန်းသာ ကောင်းကင်မှာ တည်နေရတာ၊ အညွှာက ကြွေကျ လျှင် မြေသို့ ဘရမ်းဘတာ ကျချင်ရာသို့ ကျသကဲ့သို့ ငှင်း၊ တပေါင်း တန်ခူး တိုက်ခတ် လာသော လေ ၏အဟုန်ကြောင့် သစ်ရွက်ခြောက်များဟာ ကောင်း ကင်၌ လွင့်လာတဲ့အခါ အမောင် သစ်ရွက် မင်း ဘယ်ကျမလဲလို့ မေးလျှင် သစ်ရွက်က ပြန်ပြောလိမ့် မယ်၊ မမေးပါနှင့်မိတ်ဆွေရယ် ငါရေထဲကျမှာလား မီးထဲကျမလားဆိုတာ မသိရဘူးလို့ ပြောလိမ့်မယ်။

အဲဒီဥပမာလိုဘဲ 'ဝိနိပါတဘေး'ကြီး ရှိနေတဲ့သူကို အမှတ် တမဲ့ မေးကြည့်လိုက် 'မိတ်ဆွေ- သင်သေလျှင် ဘယ်သွားမလဲ' လို့မေးရင် ပြန်ပြောလိမ့်မယ် 'မင်းကကွယ် ဒါတွေကို အရေး တစိုက်မေးမနေပါနှင့် သေလျှင် ကမ္မသကာပေါ့လို့ ဖြေလိမ့် အဲဒါ ကမ္မသကာဆိုတဲ့ လူတွေဟာ အပိုင်းအခြားမရှိဘူး၊ သေ လျှင် ဘရမ်းဘတာကျချင်ရာကျမဲ့ လူဘဲ၊ အဲဒီလို ဝိနိပါတဘေး ရှိနေသမျှ 'နာနာသတ္တာရ ဥလ္လောကန'ဘေးကြီးက အများကြီး

ကြောက်ရသေးတယ်၊ နာနာသတ္တာရဥလ္လောကန ဘေးဆိုတာ တခြားမဟုတ်ဘူး၊ နာနာရဲ့အမိပ္ပါယ်က အထူးထူးအပြားပြား ရတယ်၊ သတ္တာရကဘုရား၊ ဥလ္လောကနဆိုတာက မျက်နှာတော် ကို တမော်မော်ကြည့်ရတဲ့ဘေး၊ အဆုံးမှာတော့ အထူးထူးသော ဘုရားတို့၏ မျက်နှာတော်ကို တမော်မော် ဒူးထောက်ပြီးတော့ ကြည့်ရတဲ့ဘေးကိုခေါ်တယ်၊ ဒီလို ဘုရားမျက်နှာတော်ကို ဘာ ကြောင့် တမော်မော်ကြည့်ရသလဲဆိုလျှင် ဖြစ်ရာဘဝမှာ အား ကိုးစရာ ဆရာရှာကြတာဘဲ၊ ယခုမျက်မြင်အားဖြင့် ဘုရားအမည် ခံတွေ ဘယ်မျှလောက် ပေါများသလဲဆိုတာ ကြည့်လိုက်စမ်း၊ ယေရှု-ခရစ္စယာန်ဘုရား ခိုဒါ-မဟာမေဒင်ဘုရား ဟိန္ဒူဘုရား ဗုဒ္ဓဘာသာဘုရား အချို့အချို့ တောကိုးကွယ် တောင်ကိုးကွယ် မြင်းကိုးကွယ် နွားကိုးကွယ် သစ်ပင်ကိုးကွယ်၊ အဲဒါ ဘာလုပ် ထာလဲဆိုလျှင် အားကိုးစရာရှာကြတာပေါ့၊ အဲဒီနေရာမှာ စဉ်း စားကြည့်ဘိုက မိမိတို့ကိုးကွယ်တဲ့ ဘုရားမှန်လျှင် တော်ပါ၏။ ဘုရားကိုးကွယ် မှားသွားမယ်ဆိုလျှင် "ကုန်ရှုံးတော့ တခေါက် လင်ကုန်ရှုံးတော့'တသက်လုံး'မှောက်"မယ်၊ ဆရာကိုးကွယ် မှား လျှင်ဖြင့် 'တသံသရာလုံး'မှောက်တော့မှာဘဲတဲ့၊ အဲဒါကြောင့် နာနာသတ္တာရ ဥလ္လောကန ဘေးကြီးကလဲ အလွန့်ကို ကြောက် စရာကောင်းတာ။

ယခုပြောခဲ့တဲ့ မဟာသောတာပန်များက ဒီလို ဝိနိပါတ ဘေး၊ နာနာသတ္တာရ ဥလ္လောကနဘေးမျိုးကို လုံးဝမရှိတော့ဘူး ကောင်းပြီ မဟာသောတာပန်မှာ ဤမျှလောက် ကြီးလေးတဲ့ ဘေးဆိုးကြီး မရှိတော့ဘူးဆိုလျှင် စူဠသောတာပန်များမှာလဲ

ဤဘေးဆိုးမျိုး မရှိတော့ဘူးဆိုတာ ထင်ရှားနေပြီ၊ ပြီးတော့ ဘာတဲ့လဲ 'နိယတော'တဲ့၊နိယတောလို့ဆိုတော့ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်သော သီလ၊သမာဓိ၊ပညာ၊မပျက်ဘူး ဆိုလျှင် ဝိပဿနာယောဂီ စူဠသောတာပန် ပုဂ္ဂိုလ်များမှာကော ယခု မိမိတို့ရရှိထားတဲ့ ဝိပဿနာ လုပ်ငန်းကို အသက်ထက်ဆုံး စွဲကြမြဲကြမယ်ဆိုလျှင် ယခုဘဝမှာပင် မဂ်ဉာဏ်ကို ဖိုလ်ဉာဏ် မုချရနိုင်တယ်၊ ဤဘဝမရခဲ့သော် ဒုတိယဘဝမှာ နတ်ပြည်သို့ ရောက်က မုချမလွဲ ရရမယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်က ဟောထားတယ်။

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပလဝန္တိ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ အထခေါသော သတ္တော ခိပ္ပမေဝ ဝိသေသ ဘာဂီ ဟောတိ။

စတုက္ကင်္ဂုတ္တရ ပါဠိတော်။

တဿ- ထို ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်အား၊ တတ္ထ ထိုလူ့ပြည်မှ စုတေ၍ နတ်ပြည်သို့ ရောက်ခဲ့လေသည် ရှိသော်၊ သုခိနော-မပင်မပန်း ချမ်းချမ်းသာသာ၊ ဓမ္မပဒါနိ-လူ့ပြည်က အားထုတ်၍ဘွားသော ရုပ်ဓမ္မ နာမ် ဓမ္မတရားတို့သည် ပလဝန္တိ- အိပ်သောယောကျ်ား နိုး သော်လားကဲ့သို့ ဘွားကနဲ ဖြစ်ပေါ်လာကြပေကုန်၏၊ ဘိက္ခဝေ=ချစ်သားတို့၊ သတုပ္ပါဒေါ-ငါသည်အဘယ် ပြုဘူး ကောင်းမှုထူးကြောင့် ဤနတ်ပြည်သို့ ရောက်ရ သနည်းဟု ဆင်ခြင်အောက်မေ့ နှလုံးသွင်းခြင်းသည် ဒန္ဓော-နှံ့နှေးသော်ကား နှံ့နှေးသေး၏၊ အထခေါ-စင်

စစ်သော်ကား၊ သောသတွေ့- ထို ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည်၊ ခိပ္ပမေင-လျှင်စွာသာလျှင်၊ ဝိသေသဘာဂီ-မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ဖြန့်ဖြူးတရားအထူးကို ရနိုင်သော အဘိုရှိသည်၊ ဟောတိ-စင်စစ်မသွေ ဖြစ်ပါချေ၏။

ဒီ ပါဠိတော်က လူ့ပြည်မှာ ဝိပဿနာလုပ်ငန်းကို တကယ် တန်း အားထုတ်ကြတဲ့ ယောဂီ ပုဂ္ဂိုလ်များ အတွက် ဟောတာ၊ ယောဂီ ပုဂ္ဂိုလ်က ဘယ်နှစ်မျိုး ရှိသလဲ ဆိုလျှင် သုံးမျိုးရှိတယ်။

မြတ်သော အာနုဘော်ရှိသောပုဂ္ဂိုလ်,
အလတ်သောအာနုဘော်ရှိသောပုဂ္ဂိုလ်,
နည်းသော အာနုဘော်ဒီသော ပုဂ္ဂိုလ်- အဲဒီ သုံးမျိုးရှိတယ်။

'မြတ်သော' အာနုဘော်ရှိတဲ့ ပုဂ္ဂိုလ်က လူ့ပြည်မှ စုတေ၍ နတ်ပြည်သို့ရောကခဲ့လျှင် ငါသည် အဘယ်ကုသိုလ်ကြောင့် ဤ နတ်ပြည်သို့ ရောက်ရသနည်းဟု စဉ်းစားဆင်ခြင်တာက ကြာသေးတယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရတာကမြန်တယ်။

'အလတ်သော' အာနုဘော်ရှိသော ပုဂ္ဂိုလ်က ဒီလို လွယ်လွယ်နှင့် မရသေးဘူး၊ နတ်ပြည်ရောက်တဲ့အခါ နတ်ပြည်မှာ နတ်အရိယာ သူတော်ကောင်းတွေက အမြောက်အမြား ရှိကြတယ်၊ အဲဒီ နတ်အရိယာ သူတော်ကောင်းတွေနှင့် ဓာတ်ပေါင်း မိတဲ့အခါမှာ တယောက်နှင့်တယောက် ငှိုသန္ဓေရ စကား ပြောဆိုကြလို့ ရုပ်တရား နာမ်တရား အသံကြားတာနှင့်တပြိုင်နက်

မိမိတို့ လူ့ပြည်က အားထုတ်သွားတဲ့ ဝိပဿနာ တရားကို ဘွား ကနဲမြင်လာပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင်တယ်၊ ဒါက အလတ် သော အာနုဘော်ရှိသော ယောဂီပုဂ္ဂိုလ်။

'နည်းသော' အာနုဘော်ရှိသော ယောဂီ ပုဂ္ဂိုလ်က ဒီလို လွယ်လွယ်နှင့် မရနိုင်သေးဘူး၊ လူ့ပြည်မှ နတ်ပြည်ကို ရောက် ပြီး နတ်ပြည်မှာ တလလျှင် ရှစ်ကြိမ် တရားသဘင်ပွဲကြီး ရှိ တယ်၊ အဲဒီ တရားသဘင်ပွဲကြီးမှာ နတ်ဓမ္မကထိက တရားဟော ပုဂ္ဂိုလ်တွေ တရားဟောကြကဲ့အခါ တရားတော်ကိုနာ၍ ရုပ်ဘ ရားနာမ်တရားအသံကြားနာရပြီး သစ္စာလေးပါး တရားကိုဘွား ကနဲ သိပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကောန်မလွဲ ရနိုင်တယ်၊ဒါကြောင့် မဟာသောတာပန်သာ မပျက်သော သီလ, သမာဓိ, ပညာနှင့် ပြည့်စုံတာ မဟုတ်ဘူး၊ စူဠသောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်လဲ အလား တူ ပြည့်စုံနိုင်တယ်။

'သမ္မောဒိ ပရာယနော' တဲ့ သမ္မောဓိ ပရာယနော ဆိုတာ အထက်မဂ် အထက်ဖိုလ်ကိုသာလျှင် လိုခါရကြောင်း မတိမ်း စောင်းနိုင်သော လည်းလျောင်းရာ ရှိတယ်တဲ့၊ ကိုင်း စဉ်းစား ကြည့်စမ်း၊ မဟာသောတာပန်များဟာ အထက်မဂ် အထက် ဖိုလ်ကို လိုချင်လျှင် ရနိုင်တယ်လို့ ဆိုတယ်၊မလိုချင်လျှင်မရသေး ဘူးတဲ့။

ဝိသာခါတို့ အနာထပိဏ်တို့ဟာ ယခု မလိုချင်သေးလို့ မရ သေးဘူး၊ နတ်စည်းစိမ်တွေကို ခံစားနေကြတုန်းဘဲ၊ လိုချင်လျှင်

ရနိုင်တယ်တဲ့၊ ယခု စူဠသောတာပန်တွေကော ဥဒယဗ္ဗယဆို တဲ့ ဝိပဿနာဉာဏ်ကို ရနေကြပြီမဟုတ်လား၊အမှန်ရနေပြီ ဒီလို ဆိုလျှင် အထက်မဂ် အထက်ဖိုလ်ကို လိုချင်လျှင် ရနိုင်နေပြီ၊ ဘာကြောင့်လဲ ဥဒယဗ္ဗယဉာဏ်ကိုရနေပြီဘဲ၊ ဘင်္ဂ,ဘယ, အာဒီနဝ ဆိုတဲ့ အထက်ဉာဏ်တွေကို လိုချင်၍ ဝီရိယ သန်သန်နှင့် တကယ်တန်း အားထုတ်လျှင် မရနိုင်ဘူးလား၊ လိုချင်လို့ အား ထုတ်လျှင် အမှန်ရနိုင်တယ်၊ မိမိအာသီသကမှ လိုချင်တဲ့ ဆန္ဒ မရှိလို့ အားမထုတ်တာကိုတော့ ဘယ်သူမှ မတတ်နိုင်ဘူး၊ တကယ်လိုချင်လို့ တကယ်အားထုတ်လျှင် မုချအမှန် ရနိုင်တယ် ဆိုတာ မြဲမြဲကြီး မှတ်သားထားကြဘို့ဘဲ။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်များ သိသင့် သိထိုက် မှတ်သင့် မှတ်ထိုက်တဲ့ တရားထည်းမှာ ဝိသုဒ္ဓိ ၇-ပါးလဲ အပါအဝင် ဖြစ်လေတော့ ကိုယ်တိုင်သိအောင် အားထုတ်ကြရမယ်။

## ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်၁၀-ပါး။

ဝိသုဒ္ဓိ ၇-ပါးက—

သီလဝိသုဒ္ဓိ,
စိတ္တဝိသုဒ္ဓိ,
ဒိဋ္ဌိဝိသုဒ္ဓိ,
ကင်္ခါဝိတရဏဝိသုဒ္ဓိ,
မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ,
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ,
ဉာဏဒဿန ဝိသုဒ္ဓိအားဖြင့်၇-ပါးဘဲ။

'သီလဝိသုဒ္ဓိ' ဆိုတာ ကာယကံ သုံးပါး ဝစီကံ လေးပါးဟာ ပဓါနပါတဲ့ ကာယကံ သုံးပါးက ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, အဲဒီသုံးပါးဘဲ၊ ဝစီကံလေးပါးက မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာ, လေးပါး၊ အဲဒီ အကုသိုလ် ဒုစရိုက် ၇ ပါးကို အသက်မွေးခြင်းနှင့်တကွ လုံခြုံလျှင် သီလဝိသုဒ္ဓိလို့ ခေါ်တယ်။

စိတ္တဝိသုဒ္ဓိက စိတ်၏ စင်ကြယ်မှုကို ခေါ်တယ်၊ ဘယ်လို စင်ကြယ်ရမှာလဲ ဆိုလျှင် ဝီရိယ အားထုတ်၍ သတိမြဲတဲ့ ပုဂ္ဂိုလ်ဟာ အကျိုးဖြစ်သော သမာဓိကို ရရှိသဖြင့် စိတ်၏ ငြိမ်သက်မှု ရခြင်းဟာ စိတ်၍စင်ကြယ်မှုလို့ ခေါ်တယ်၊ စင်စစ်ကတော့ သမာဓိဘဲ၊ အဲဒီ သမာဓိကို စိတ္တဝိသုဒ္ဓိလို့ ခေါ်တယ်။

'ဒိဋ္ဌိဝိသုဒ္ဓိ'က ဘာလဲ ဆိုလျှင် အယူ၏ စင်ကြယ်ခြင်းဘဲ၊ ဒါကြောင့် အချို့သော ပိဋကပါရဂူကြီး များက တရားအားထုတ်တယ်ဆိုတာ ရှေးဦးစွာ သီလစင်ကြယ်ရမယ်၊ သီလစင်ကြယ်မှ စိတ်၏စင်ကြယ်ခြင်းကို ထူထောင်ရမယ်။ စိတ်စင်ကြယ်မှ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်နိုင်တယ်လို့ ဆိုကြတယ်၊ ဒါဟာ ကျမ်းဂန်အတိုင်း မှုချမှန်တယ်၊ အဲ့ဒီ ကျမ်းဂန်အတိုင်း မှန်းဆပြီး 'အာစရိယဝါဒ'မရရှိဘဲ မိမိရဲ့ 'အတ္တနောမတိ'နှင့် ပြောဟောလုပ်ကိုင်နေကြတာဘဲ။

လယ်တီဆရာတော်ဘုရားကြီး အလိုအားဖြင့်ဝိပဿနာအလုပ်ဟာ တံငါမုဆိုးများပါမကျန် ပြုလုပ်ထိုက်တယ်လို့ဟောထား

တာ သမာဓိညအသိနှင့် နားလည်ဘို့ အလွန် ခဲယဉ်းတယ်၊ ဆရာတော်ဘုရားကြီးရဲ့ အာဘော်အတိုင်း ဆိုလျှင် တံငါ မုဆိုး တရားအားထုတ်လို့ တကယ် အသိ တွေ့သွားမယ်ဆိုလျှင် မုချ သီလ ဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဟာ တပြိုင်နက် ဖြစ်နိုင်တဲ့ အလုပ်မျိုးဘဲ၊ ဘာ့ကြောင့်လဲ ယခု အားထုတ်နေကြတဲ့ ယောဂီများဟာ မိမိခန္ဓာကိုယ် မှာ အာရုံပြုလိုက်တာနှင့်တပြိုင်နက် ပရမတ် အစစ် ခါတ်အနှစ်ဖြင့်တဲ့ ရုပ်တရား နာမ်တရားတွေဟာ တခဏမစဲ တဖွဖွ အမြဲတမ်း ဖြစ်ပေါ်နေတာကို တွေ့ရှိနေသမျှ ကာလပတ်လုံး သီလရော၊ သမာဓိရော ပညာရော အမြဲတမ်း ပါနေတယ်၊ ဘာ့ကြောင့်လဲ ခန္ဓာကိုယ်မှာ တကယ်ရှိနေတဲ့ ပထဝီဖော်ဋ္ဌဗ္ဗ ဝါယောဖော်ဋ္ဌဗ္ဗ တေဇောဖော်ဋ္ဌဗ္ဗ ရုပ်တွေကို တွေ့နေတာ အလွယ်နှင့် တွေ့တာ မဟုတ်ဘူး၊ ဘယ်သူက တွေ့တာလဲဆိုလျှင် 'သမ္မာဒိဋ္ဌိ' ဆိုတဲ့ ပညာမဂ္ဂင်က တွေ့တာ၊ ဒီပညာမဂ္ဂင်က ဘယ်ကရသလဲဆိုလျှင် 'သမ္မာသင်္ကပ္ပ' ကောင်းစွာ ကြံပေးလို့ ရတာပေါ့၊ ဒီလို သမ္မာသင်္ကပ္ပက ကြံနိုင်ခြင်းဟာ 'သမာဓိ' ဆိုတဲ့ ဧကဂ္ဂတာစိတ် တည်ကြည်မှု မရဘဲ ဘယ်နည်းနှင့်မျှ ရုပ်ကို မတွေ့နိုင်ဘူးဆိုတာ မှတ်ထား၊ဒီလို စိတ်တည်နိုင်ခြင်းဟာ အလိုလိုပေါ်လာတာမဟုတ်ဘူး၊ 'သတိ' ဆိုတဲ့ တရားက အမြဲနှလုံးသွင်းပေးလို့ရတာ၊ ကောင်းပြီ၊ ဒီ သတိကကော ဘယ်ကရတာလဲဆိုလျှင် 'ဝီရိယ' ဆိုတဲ့ အားထုတ်မှုမရှိဘဲနှင့် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဘူး၊ အဲဒီ ဝီရိယ သတိနှင့် ပြည့်စုံလို့ သမာဓိ ဖြစ်တယ်၊ သမာဓိဖြစ်လို့ သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိ၊ ဆိုတဲ့ 'ပညာ' ကို ရလို့ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုသိတာ၊ ကောင်းပြီ၊ ဒီလို ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို

သိနေတဲ့ ပုဂ္ဂိုလ်ဟာ ကာယကံ, ဝစီကံ,များ ကျူးလွန်နိုင်ပါ့ အုံးမလား စဉ်းစားကြည့်ကြ၊ သယ်နည်းနှင့်မျှ မကျူးလွန်နိုင် ဘူး၊ အဲဒီလို မလွန်ကျူးနိုင်လျှင် သီလ ဝိသုဒ္ဓိ ဖြစ်နေပြီဘဲ မဟုတ်လား၊ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ဟာ ရုပ် နာမ်ကိုတွေ့၍ ဖြစ်ပျက်ကို သိနေရင် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်နေတာဘဲ၊ ကောင်းပြီ ဒိဋ္ဌိဝိသုဒ္ဓိဆိုတာက နဲတာမဟုတ်ဘူး၊ ခြောက်ဆယ် နှစ် ပါးသော မိစ္ဆာဒိဋ္ဌိ၊ သက္ကာယ ဒိဋ္ဌိ (၂၀) နှစ်ဆယ်၊ နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကြိယဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိ အမရာဝိက္ခေပဒိဋ္ဌိ၊ အဲဒီ ဒိဋ္ဌိတွေ အကုန် ပြုတ်ကုန်ဘာဘဲ၊ ဘာကြောင့် ပြုတ်ဘာလဲ ဆိုလျှင် ရုပ်နာမ်၏ ဖြစ်ပျက်ကို တွေ့ လို့ဟု မှတ်ရမယ်၊ များ သော အား ဖြင့် ဖြစ်သော ဒိဋ္ဌိက သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အမရာဝိက္ခေပ ဒိဋ္ဌိ များစွာ ဖြစ်တတ် ကြတယ်။

'သဿတဒိဋ္ဌိ' ဆိုဘာ ဤဘဝမှ ဖြစ်သော ရုပ်နာမ် ခန္ဓာ ဟာ ဟိုဘဝသို့ လိုက်တယ်လို့ အယူမှားတတ်တယ်၊ များသော အားဖြင့် ဗုဒ္ဓ ဘာသာလူမျိုးများ ယူတတ်တယ်၊ ဘာကြောင့် လဲ ဆိုလျှင် လူဝင်စားကလေးတွေကို အကြောင်းပြုပြီး ပြုတတ် တယ်။

'ဥပမာ' ဒီကလေးဟာ လူဝင်စားကလေးဘဲ၊ အိုးမဲ့ကြီးနှင့် မှတ်လို့၊ သို့မဟုတ် ပိုးကြိုးကလေးနှင့် မှတ်လို့ လို့ ယူတတ်တယ်၊ အချို့ကလဲ လှံနင်းသေတဲ့လူ ဝင်စား လို့ လှံနင်းရာကြီးတောင် ပါလာသေးတယ်လို့ ပြော

ကြတယ်၊ အဲဒါ ဤဘဝက ရုပ်နာမ်ဟာ ဟိုတဝလိုက်တယ်လို့ ယူကြတာပေါ့။

'ဥစ္ဆေဒဒိဋ္ဌိ'က အချို့ဘာသာခြားဖြစ်သော လူမျိုးများ ယူတတ်တယ်၊ ဘာကြောင့်လဲဆိုလျှင် ယခုဘဝ သူတို့ဘာလုပ်လုပ် နောင်ဘဝမှာ တို့ဘာမှမဖြစ်ဘူး၊ သေလျှင်ဘဝပြတ်ကရော ဟု ယူဆကြတယ်၊ အဲဒါ ဥစ္ဆေဒဒိဋ္ဌိဘဲ။

အလယ်အလတ် ကြားချပြီး မပြတ်တပြတ်လို့ အယူမှားလျှင်လဲ ဖေါက်ပြန်တဲ့ 'အမရာဝိက္ခေပဒိဋ္ဌိ' လို့ မှတ်ရမယ်၊ အဲဒီ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အမရာဝိက္ခေပဒိဋ္ဌိဟာ ဘယ်က ဖြစ်ပေါ်လာတာလဲဆိုတာ စဉ်းစားကြတို့ဘဲ၊ ဒီ ဒိဋ္ဌိသုံးပါး လွတ်အောင် ဘယ်လိုယူဆမလဲ စဉ်းစားစမ်း၊ ရင်ကြပ်မသွားဘူးလား၊ အဲဒီ ဒိဋ္ဌိ သုံးမျိုးဟာ ဘယ်က ဖြစ်လာတာလဲ ဆိုလျှင် မူလက အတ္တ ဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိက ဖြစ်ပေါ်လာတာပေါ့၊ ဒီ အတ္တ ဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိ ပြုတ်သွားလျှင် အလုံးစုံသော ဒိဋ္ဌိတွေ အကုန်ပြုတ်နိုင်တယ်၊ ဒါကြောင့် ဥပမာနှင့် ထင်ရှားအောင် ပြမယ်၊ အဲဒီ ပြသမှု့ ဥပမာနှင့်သာ စဉ်းစားပြီး ယူဆကြပေတော့။

'ဥပမာ' မှ ရွာနယ်မှာ 'မအူရွာ' လို့ ရှိတယ်၊ အဲဒီမအူရွာက 'မဘဇာ' နှင့် 'မအဝှာ' မှ ရွာမှိုကို ဈေးဝယ်သွားကြတယ်၊ မဘဇာက ရှေ့က သွားလို့ မအဝှာက နောက်က လိုက်တယ်၊ အဲဒီအခါမှာ ရှေ့ကသွားတဲ့ မဘဇာက သွားရင်းပင် စိတ်ကူးမိတယ်၊ ဘယ်လို စိတ်ကူးမိသလဲ ဆိုလျှင် ငါ့မှာ ငွေပါလာတာကလဲနဲ့, လို

ချင်တာက များနေတယ်၊ ခုနေအခါများ 'ရွှေအိုး' ကို ကောက်ရလျှင် အတော်ဘဲလို့ အဲဒီလို စိတ်ကူးမိတယ်၊ အဲ့ဒီ စိတ်ကူးမိတာကို ဝမ်းထဲမှာ မထားနိုင်ဘူး၊ နောက်ကပါတဲ့ မအတ္ထာကို ထုတ်ဖေါ် ပြောတယ်၊ 'ဟေ့ နောက်ကပါတဲ့ မိအတ္ထာ ခုနေများ ငါ ရွှေအိုးကို ကောက်ရလျှင် နင့်ကို ငါတပြားမှ မပေးဘူး' လို့ ပြောတယ်၊ ဒီတော့ နောက်ကပါတဲ့ မအတ္ထာကလဲ 'သယ်-ခုလိုများ ရွှေအိုးကို ကောက်ရလို့မှ ငါ့ကို တဝက်မပေးလျှင် နင့်ကို စီးလာတဲ့ ခုံဘိနပ်နှင့် အဆော်ဘဲ' လို့ ပြန်ပြောတယ်၊ ဒီတော့ တဖန်ရှေ့က မဘဇာက 'သယ်-ငါနှင့်ထိုက်လို့ ငါရတာ နင်ဘာရမလဲ ဘာပြုလို့ပေးရမလဲ' လို့ဆိုပြီး နှစ်ယောက်သား ရန်ဖြစ်လိုက်တာ တလမ်းလုံး ကြွက်ကြွက်ညံသွားတာဘဲ' ဒီလို လမ်းပေါ်မှာ ရန်ဖြစ်နေကြတာကို လမ်းဘေးထန်းတောမှ ထမ်းတက်သမား 'ကိုပဏ္ဍို'က ကြားတာပေါ့၊ ကြားတော့မှ မဘဇာနှင့် မအတ္ထာထံ ရောက်အောင်လာပြီး ကိုပဏ္ဍိုက 'ဘယ့်နှယ်လဲဗျာ ခင်ဗျားတို့ လာတာက နှစ်ယောက်ထဲ ရန်ဖြစ်လိုက်တာက ကြွက်ကြွက်ညံလို့ ဘယ်လို အကြောင်း ပါလဲဗျာ' လို့ မေးတော့၊ နောက်ကလိုက်တဲ့ မအတ္ထာက 'ကြည့်ပါတော် ကျွန်တော်မတို့ အတူသွား အတူလာ ရွှေအိုးကို ကောက်ရလျှင် ကျွန်တော်မကို တဝက် ပေးထိုက်ပါလျက် သူက မပေးနိုင်ဘူးလို့ ပြောတယ်၊ အဲဒါ ပေးထိုက်မပေးထိုက် ရှင်ဘဲဆုံးဖြတ်ပါရှင်' လို့

ပြောတယ်၊ ဒီတော့ ရှေ့က မဘဇာကလဲ 'ဟုတ်ပါ့တော့ ကျုပ်နှင့်ထိုက်လို့ ကျုပ်ရဘာ ပေးထိုက်မပေးဆက် ရှင်ဘဲ ဆုံးဖြတ်ပါရှင်'လို့ပြောတော့-

ထန်းတက်သမား ကိုပဏ္ဍိက စဉ်းစားတယ်၊ ပေးထိုက်တယ်လို့ ဆုံးဖြတ်လိုက်လျှင် နောက်လူမျက်နှာ လိုက် ရာ ကျ မယ်၊ မပေးထိုက်ဘူးလို့ ငါ ဆုံးဖြတ်လျှင် ရှေ့လူကို မျက်နှာလိုက်ရာ ကျမယ်၊ အကယ်၍ ငါမဆုံးဖြတ်ဘဲ နေလိုက်လျှင်လဲ ပညာမရှိဘူးလို့ ငါ့မှာ အပြောခံရမယ်၊ ဒီအခါ ဦးပဏ္ဍိ အတော့ကို ရင်ကြပ်သွားတာပေါ့၊ သို့သော်လဲ ဦးပဏ္ဍိက ပညာ ဥာဏ်နှင့် စဉ်းစားပြီး 'ကောင်းပြီ၊ ခင်ဗျားတို့ရဲ့ တရားနှင်ပြင်ကို ကျုပ်ဆင်ခြင်၍ ဆုံးဖြတ်မယ်- ခင်ဗျားတို့ရဲ့ ရွှေအိုးက ဘယ်မှာလဲဗျာ' လို့ မေးလိုက်တော့၊ မဘဇာနှင့် မအဒ္ဓာက တယောက်မျက်နှာ တယောက်ကြည့်လျက် ပြုံးစိစိလုပ်နေပြီး 'အင်း-ရွှေအိုးတော့ မရှိသေးပါဘူးတော့ မတော်တဆ ရခဲ့ပါသော်'လို့ဆိုကြတယ်, ဒီတော့မှ ဦးပဏ္ဍိလဲ ရင်ချောင်သွားတယ်၊ ဦးပဏ္ဍိက ခင်ဗျားတို့နှစ်ယောက်ဟာ တကယ်မရတဲ့ ရွှေအိုးကို တကယ်ပင် အရလုပ်ပြီး ရန်ဖြစ်နေကြတာကိုး၊ တကယ်မရတဲ့ ရွှေအိုးကို မရမှန်းသိလျှင် ခင်ဗျားတို့နှစ်ယောက်ဟာ ရန်ဖြစ်စရာ မရှိပါဘူး၊ အကယ်၍ ခင်ဗျားတို့နှစ်ယောက်ဟာ ကျုပ်နှင့်သာမတွေ့လျှင် မရတဲ့ ရွှေအိုးကို အရလုပ်ပြီး ဒီရန်ပွဲကြီးဟာ မုရွှာမြို့ကပြန်၍ မအူရွှာရောက်တောင် ဆွေ့ဆက်မျိုးဆက် ပြတ်လောက်အောင် ရန်ဖြစ်နေကြမှာဘဲ၊ ခုတော့ တကယ်မရတဲ့ ရွှေအိုးကို မရမှန်းသိထားလို့ ရန်ပြေသွားကြတာ၊ အဲဒါ ဥပမာဘဲ။

ယခုပြောတဲ့ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ၊ အမရာဝိက္ခေပဒိဋ္ဌိ၊ ဟာ ဘာ့ကြောင့် ဖြစ်တာလဲဆိုလျှင် 'အတ္တဒိဋ္ဌိ' ကြောင့်ဖြစ်တာ၊ ယခု ဝိပဿနာအားထုတ်ထားတဲ့ယောဂီပုဂ္ဂိုလ်များဟာဝိပဿနာ နာဉာဏ်ရနေသဖြင့် မိမိခန္ဓာမှာ တကယ်အမှန်ရှိနေတဲ့ ခန္ဒာ ငါးပါးရုပ်တရား နာမ်တရားတွေဟာ မျက်တောင် တခတ်မျှ ခိုင်မြဲနေတာကို မတွေ့ရ သဖြင့် ဤဘဝမှ ဖြစ်တဲ့ ခန္ဓာရုပ်နာမ် တွေ ဟိုဘဝသို့ လိုက်ဘိုကိုမဆိုထားနှင့် ယခု ထိုင်ရာ၌ ဖြစ်ပျက် နေသော ခန္ဓာ ရုပ်နာမ်တွေ ထသွားတဲ့နောက် မလိုက်ထာ ကိုယ်တိုင် သိနေရက်သားနှင့် ဤ ဘဝက ခန္ဓာ ရုပ် နာမ် တွေ ဟိုဘဝကို လိုက်တယ်လို့ ဘယ်နည်းနှင့်မျှ မယူနိုင်ဘူး၊ အဲဒါ သဿတဒိဋ္ဌိ ပြုတ်သွားပြီ။

ဤဘဝက ခန္ဓာရုပ်နာမ်တွေ ဟိုဘဝသို့ မလိုက်ဘူး ပြတ် သွားရောဆိုတဲ့ ဉစ္ဆေဒ ဒိဋ္ဌိကကော ဘယ်လို ယူမလဲ၊ အပေါင်း ရုပ်ကလာပ်တွေပျက်တိုင်း 'နာနာက္ခဏိကကမ္မသတ္တိ' ဖြင့် မပြတ် ဖြစ်နေတာကို ကိုယ်တိုင် သိနေတာ နိဗ္ဗာန်ကို မရသမျှ ဤ ရုပ် နာမ်ခန္ဓာတွေမပြတ် ဖြစ်ပျက်နေတာ သိလျက်သားနှင့် ဘယ် နည်းနှင့် ပြတ်ရောဆိုတဲ့ ဉစ္ဆေဒဒိဋ္ဌိကို ယူနိုင်းအုံမလဲ မယူနိုင်ဘူး။

ဒီကြားထဲက ပေါက်ပြန်တဲ့ မပြတ် တပြတ်ဆိုတဲ့ အမရာ ဝိက္ခေပ ဒိဋ္ဌိကိုလဲ ဘယ်နည်းနှင့်မျှ မယူတော့ဘူး၊ အဲဒါ ဘာ့ ကြောင့်လဲ အတ္တ ဒိဋ္ဌိ ပြုတ်သွားလို့မှတ်၊ ဒီ ဒိဋ္ဌိ တကယ်ပြုတ် သွားလျှင် ကင်္ခါဝိတရဏာဝိသုဒ္ဓိလဲ စင်ကြယ်ပြီးသွားဘဲ။

'ကင်္ခါဝိတရဏ ဝိသုဒ္ဓိ' က ယုံမှားရှစ်ချက်ရှိတယ်၊ ယုံမှား ရှစ်ချက်က ဘယ်သူတွေလဲဆိုလျှင်-

ဗုဒ္ဓေ ကင်္ခတိ - ဘုရား၌ ယုံမှားခြင်း၊
ဓမ္မေ ကင်္ခတိ တရားတော်၌ ယုံမှားခြင်း၊
သံဃေ ကင်္ခတိ သံဃာတော်၌ ယုံမှားခြင်း၊
သိက္ခာယ ကင်္ခတိ သိက္ခာပုဒ်၌ ယုံမှားခြင်း၊
ပုဗ္ဗန္တေ ကင်္ခတိ အတိတ်၌ ယုံမှားခြင်း၊
အပရန္တေ ကင်္ခတိ အနာဂတ်၌ ယုံမှားခြင်း၊
ပုဗ္ဗန္တာပရန္တေ ကင်္ခတိ ပစ္စုပ္ပန်၌ ယုံမှားခြင်း၊
ပဋိစ္စသမုပ္ပါဒေကင်္ခတိပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း၊

အဲဒီ ရှစ်ပါးဘဲ၊ ဒီရှစ်ပါးဟာ ဒိဋ္ဌိ ပြုတ်သွားကထဲက ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်သွားတာဘဲ၊ မိမိကိုယ် သန္တာန်မှာ တကယ့်အစစ် ရုပ်နာမ်ကလွဲလို့ ဘာမှ မရှိဘူးဆိုတာ သိကထဲက ဘုရားလဲ အမှန်ဘဲ တရားတော်လဲ အမှန်ဘဲ သံဃာလဲ အမှန်ဘဲ ဆိုတာ ကောန် သိသဖြင့် ဘုရားမှာလဲ ယုံမှားကင်း တရားတော်လဲ ယုံမှားကင်း၊ သံဃာတော်လဲ ယုံမှားကင်းသွားပြီ၊ မိမိကျင့်တဲ့ သိက္ခာပုဒ် ကျင့်ဝတ်က မြတ်မှ မြတ်ပါ့မလားဆိုတဲ့ သံသယမျိုး ကင်းသွားတာပေါ့၊ ဘာကြောင့်လဲ သီလမဂ္ဂင်သုံးပါး၊ သမာဓိ မဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင် နှစ်ပါးဖြစ်တဲ့ သီလ သမာဓိ-ပညာ သိက္ခာသုံးပါးကို ယုံမှားကင်းသွားပြီ။

ပုဗ္ဗန္တေ ကင်္ခတိ၊ အပရန္တေ ကင်္ခတိ၊ ပုဗ္ဗန္တာပရန္တေ ကင်္ခတိ ဆိုတာက အတိတ်အနာဂတ် ပစ္စုပ္ပန် ဤသုံးပါးကို ခေါ်တာ၊

လွန်ပြီးသော ကာလကိုလဲ ယုံမှားကင်းပြီ၊ မရောက်သေးသော အနာဂတ် ကာလကိုလဲ ယုံမှားကင်းပြီ၊ ယခု ပစ္စုပ္ပန်ကာလကိုလဲ ယုံမှားကင်းပြီ၊ ဘာနှင့် ဥပမာဆောင် ပြရမလဲဆိုလျှင် ထန်းပင် အဖိုပင်နှင့် ဥပမာပြမယ်-

ဥပမာ။ ။ထန်းပင်အဖိုပင်ကို မြင်တာနှင့် တပြိုင်နက် ဒီထန်းပင်ကြီးဟာ လွန်ပြီးသောကာလက သီးများ သီးသလားမှ မသိဘဲဆိုတဲ့ သံသယမျိုးမရှိဘူး၊ ဒီထန်းပင်အဖိုပင်ကြီးဟာ တို့မရှိတဲ့ နောက် အနာဂတ်အခါမှာ သီးများ သီးအုံးမှာ လားမှ မသိလို့ ဒီလိုသံသယမျိုးလဲမရှိတော့ဘူး၊ ဒီထန်းပင် အဖိုပင်ကြီးဟာ ယခုနှစ်မှာ သီးဆဲများ ဖြစ် အုံး မ လား ဆိုတဲ့ သံသယမျိုး လဲလုံးဝ မရှိတော့ဘူး။

အဲဒီထန်းပင်အဖိုပင်ကိုမြင်သဖြင့်အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ၌ ယုံမှားကင်းသလို မိမိခန္ဓာကိုယ်၌ဖြစ်ပျက်ကို တွေ့သဖြင့် ရုပ်တရားနာမ်တရားများဟာပစ္စုပ္ပန်သက်သက်ဖြစ်ပျက်မျှသာရှိသည်ကိုတွေ့သဖြင့်လွန်ပြီးသော အတိတ်ကာလမှာ သတ္တဝါအထူးမရှိ၊ ဖြစ်ပျက်ဘဲ ရှိတာဘဲ၊ နောင်အနာဂတ်ကာလမှာလဲ ဖြစ်ပျက်ရုပ်နာမ်ဘဲ ရှိတာဘဲ၊ယခုပစ္စုပ္ပန်မှာလဲ ဖြစ်ပျက်ရုပ်နာမ်ဘဲဆိုတာ အမှန်သိနေသောကြောင့် ပစ္စုပ္ပန် အတိတ် အနာဂတ်သုံးပါးမှာ သတ္တဝါအထူး မရှိဘဲ ပစ္စုပ္ပန် ရုပ်နာမ်ဖြစ်ပျက်ဘဲဆိုတာ မုချ သံယကင်းသွားပြီ။

ပဋိစ္စသမုပ္ပါဒေကင်္ခါတိ ဆိုတာကတော့ ယခု ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာဟာ ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရ ကြောင့် ဆို ၄ ၁ ထင်ရှားသိနေသဖြင့် အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ကြောင်း ထင်ရှား သိနေသောကြောင့် ပဋိစ္စ သမုပ္ပါဒ်လဲ့ ယုံမှားကင်းသွားပြီ၊ အဲဒါ ကင်္ခါဝိတရဏဝိသုဒ္ဓိ ခေါ်တယ်။

ကိုင်း ယခုတွေ့ရတာ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, လေးပါး ရသွားပြီ။

'မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ' က ဘယ်အခါမှာ ဖြစ်ထာလဲဆို လျှင် ဥဒယဗ္ဗယ ဉာဏ်ထဲမှာဘဲ ဖြစ်တယ်၊ ဘာ့ကြောင့်လဲဆို လျှင် ဥဒယဗ္ဗယ ဉာဏ်မှာ ဝိပဿနာညစ်ညူးကြောင်း ဆယ် ပါး တပါးပါး ပေါ်ပေါက်လာတတ်တယ်၊ အဲဒီ ဝိပဿနာ ညစ်ညူးကြောင်း အန္တရာယ်ဆယ်ပါးမှာ—

### ဝိပဿနာ အန္တရာယ် ၁၀ ပါး

၁။ 'ဩဘာသ'- အလင်းရောင် အမျိုးမျိုး၊ ၎င်းတို့သည် သမထယာနိက ပုဂ္ဂိုလ်များမှ သာ၍ တွေ့တတ်ဘယ်၊ တွေ့တတ် ပုံမှာ၊ တရားကို ကောင်းစွာအားထုတ်၍ နေရင်း လင်း၍ လာ တတ်တယ်၊ အလင်းရောင်သည် နေရောင် လရောင်နှင့် မတူဘဲ လွန်စွာ ထွန်းတောက်ပခြင်း၊ သင့်တော်ရုံလောက်သာ လင်းခြင်း တို့ဖြင့် အမျိုးမျိုးဖြစ်တတ်တယ်၊ တခါတရံ အလင်းရောင် ရောက် ရာအရပ်၌ ရှိသော အရာများကို မြင်ရတယ်။ **တခါတရံလဲ**

တလောကလုံးမှာ လင်းပြီး မိမိ ခန္ဓာကိုယ်နှင့်တကွ အရာဝတ္ထု မှန်သမျှ ပထဝီမြေကြီးတောင်မှ မရှိဘဲ ဟာလာ ဟင်းလင်းကြီး ဖြစ်လျက် အရပ်ဆယ်မျက်နှာစလုံး အာကာသ ကောင်းကင်ကြီး သဘွယ် ဖြစ်လျက်နေတတ်တယ်၊ ဤသို့ ဖြစ်ပြီး သတိ ရလာသော အခါ တလောကလုံးမှာ အကောင် အထည် ဟူ၍ မြူမျှမရှိ၊ 'ပရမတ္ထသဘာဝ' ဆိုတာ အစိုင်အခဲ အကြီး အသေးဟူ၍ မရှိ၊ သဘောတရားမျှသာ ရှိတယ် ဆိုတာကြောင့် ဘာမျှ မတွေ့ရတာ ထင်ပါရဲ့၊ 'အနိမိတ္တသုညတ'- ဆိုတာများလား ဟူ၍ တောင် ယောင်ရမ်းပြီး အောက်မေ့တတ်တယ်၊ ဤလို 'ဝိပဿနုပက္ကိလေသ' မျိုးနှင့် တွေ့သောအခါ နဂိုရ်မူလက ကြားဘူး နားဝ ရှိထားဘူးသော သဘောတရားမျိုးနှင့် ဆင်တူရိုးမှား ဖြစ်နေလျှင် ကိုယ်ထင်သလို ယူဆတတ်ကြတယ်၊ ထိုအခါမှာလဲ မှားတတ်တယ်၊ မှန်လဲမှန်တတ်တယ်၊မှန်မှန်မှားမှား ကျမ်းအစောင်စောင် တို့၏ သဘောနှင့် အံကျအောင်ကိုက်နေမှ မှန်သည်ဟု တထစ်ချ မှတ်ယူရမယ်၊ ဤနေရာ၌ ကျမ်းဂန်သည်သာလျှင် ဆရာဖြစ်တယ် ကြပ်ကြပ် သတိထား၊ သို့မဟုတ်လျှင် ကိုယ်ထင်တာကို အဟုတ် လုပ်၍ ပြောနေတတ်ကြတယ်၊ ဒီလိုပြောလျှင် ကိုယ်တိုင်လဲမှား၊ ကိုယ့်ကို ယုံကြည်အားထား နေကြသော ယောဂီများလည်း တသီကြီး မှားသွားတတ်တယ်၊'

၂။ 'ဉာဏ'- အလွန် သန့်ရှင်းကြည် လင် ထက် မြက် စူးရှ သောဉာဏ်၊ ဤဉာဏ်သည် ဖြစ်ပျက်တို့ကို ရှုမြင်နေရာမှ တဖြည်း ဖြည်း အရှိန်ပြေ၍ သတိရလာခါစ၌ ဖြစ်စေ ဩဘာသနှင့် တွေ့ တုန်းအခါ၌ ဖြစ်စေ တွေ့ပြီးမှ သတိရလာသောအခါ၌ ဖြစ်စေ

'ဘာဝနာမယဉာဏ်' ဖြင့် ကောင်းစွာ ရှုမြင်ခဲ့ရသော အနုမိတ္တနှင့်-သုညတ သဘောတို့ကို သတိရလျက် ထိုသဘောတို့သည် အလွန်အလွန် ထူးကဲနက်နဲ အံ့ဘွယ် သရဲကြီးမှန်း သိလျက်ဟိုရှေးတုန်းက ဤမျှလောက် ထိအောင် ;သိနိုင်ရကောင်းမှန်း မသိသောထူးကဲ့ နက်နဲ့တဲ့ဘရားတို့ကို ထူးကဲသော ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း၍ ကောင်းစွာ သိလာရသောကြောင့်ကောင်းကောင်းကြီး ဉာဏ်ရှင်းသွားပြီးလျှင် ဒေသနာစဉ်အတိုင်း သိခဲ့ရဘူးသော သုတမယ, စိန္တာမယ, သညာသိ, ဝိညာဉ်သိ တို့သည် 'ယခု ဝိပဿနာပညာစက္ခု'ဖြင့်သိမြင်ရတာနှင့်စာလျှင်အာဟာရတခုကို ကြားဘူးသောသူနှင့် စားဘူးသောသူကဲ့သို့၊ သိရပုံချင်းအတိမ်အနက် အလွန့် အလွန် ကွာခြားနေသဖြင့် အလွန်တရာနှစ်သက်ဝမ်းမြောက်ခြင်းတို့ဖြင့် ခြံရံလျက် အေးအေးဆေးဆေး ကြည်ကြည်သာသာ စဉ်းစားဝေဘန်၍ နေတတ်တယ်၊ ဤသို့နေခြင်းသည် 'ပဋိသမ္ဘိဒါဉာဏ်' ရင့်သန်သည် မှန်သော်လည်း ဝိပဿနာ အရှုပျက်သဖြင့် ဝိပဿနုပတ္တိလေသဟု ခေါ်တယ်။

၃။ 'ပီတိ'-နှစ်သက်ခြင်း၊ တရား အားထုတ်ရင်း နှစ်သက်ဘွယ်, သာယာဘွယ်, သဘောကျဘွယ်တို့နှင့် တွေ့၍ စိတ်ကြည်လင် ရွှင်ပျနှစ်သက်ရခြင်းကို ခေါ်ဟယ်။

၄။ 'ပဿဒ္ဓိ'-ကိုယ်စိတ် ငြိမ်းခြင်း၊ ကိုယ်စိတ်နှစ်ဖြာငြိမ်းအေးစွာဖြင့် ချမ်းသာစွာနေရသော ပီတိ ပဿဒ္ဓိများ။

၅။ 'သုခ'-ချမ်းသာခြင်း၊ ပီတိ ပဿဒ္ဓိတို့ကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေရခြင်း။

၆။ 'အဓိမောက္ခ'-ထက်သန်သော သဒ္ဓါတရား၊ တရားအား ထုတ်ရင်း ထူးကဲမှန်မြတ်သော တရားတို့သို့ ထိုးထွင်း၍, ရှုမြင်ရသဖြင့် အထူးယုံကြည်လျက် စေတနာ သဒ္ဓါတရား တက်ကြွ၍ နေခြင်း၊ မိမိနှင့် ခင်မင်ရာ ခင်မင်ကြောင်းဖြစ်သော ပုဂ္ဂိုလ်များကိုလည်း မိမိကဲ့သို့သိမြင်ရစေလိုသော စိတ်များ ဖြစ်ပေါ်လျက် နေခြင်း၊ ဤကဲ့သို့ စေတနာ သဒ္ဓါတရား တက်ကြွ၍နေခြင်းသည် ကောင်းသည်ပင် မှန်သော်လည်း ဝိပဿနာ အရှုရ လစ်သဖြင့် ဝိပဿနာအန္တရာယ်ဟု ခေါ်တယ်။

၇။ 'ပဂ္ဂဟ'- အားထုတ်ခြင်း ဝီရိယ၊ တရားအားထုတ်ရင်း ယုံကြည်မှုသဒ္ဓါတရား အားကြီးလာပြီးလျှင် အားထက်သရော အရင်စလို မဂ်ဖိုလ်ကိုရလိုလွန်း၍ ရှုရိုး ရှုစဉ် အတိုင်းထက် ပို၍ ဘယ်လို လုံ့လစိုက်၍ ရှုရလျှင် ပို၍ ကောင်းမည်နည်းဟု ကြံစည် ပြုလုပ်ခြင်း၊ လိုသည်ထက် ပို၍ လုံ့လစိုက်ခြင်း၊ 'ဝီရိယ လွန်လျှင် ဥဒ္ဓစ္စ ဖြစ်တတ်သည်' ဟု ဆိုသကဲ့သို့ပင် ဖြစ်တယ်၊ ညီတော် အာနန္ဒာ' ကိုကြည့်၊ ဝီရိယလွန်၍ မရနိုင်တော့မှ ရနိုင်မည်မထင် ပါဘူးဟု စိတ်ကို လျှော့ပြီး လျောင်းရင်း ဦးခေါင်းနှင့် ခေါင်းအုံး မထိမီ 'အရဟတ္တ ဖိုလ်' ကို ရသွားတယ်၊ ဝိပဿနာဆိုတာ ပေါ့တော့တော့နှင့် ရှုလျှင်လည်း ဉာဏ်မတက်၊ ဝီရိယလွန်ပြီး မိမိစိတ်ကို မိမိ နှောက်ကလိုက်၍ တိုက်တွန်း နှိုးဆော် နေလျှင်လည်း ဉာဏ်မတက်၊ အနှောက်အယှက်သာ ဖြစ်တတ်တယ်၊ သို့ဖြစ်၍ ဖြစ်ပျက်ကို တွေ့လျှင် ကြံစည် တွေးတောခြင်း မရှိဘဲ၊ အလိုက်သင့် စူးစိုက်လျက် ရှုသွားရမယ်၊ မြင်သလိုသာ ရှုသွားပါ၊ ရှုချင်သလို မြင်ရမည်ဟူ၍ကား မအောက်မေ့ပါနှင့်။

၈။ 'ဥပဋ္ဌာန' -ထင်ခြင်းသတိ၊ တရားအားထုတ်ရင်း စိတ်၏ စင်ကြယ်မှုကြောင့် ငယ်စဉ်က ဖြစ်စေ ကြာမြင့်လှစွာက ဖြစ်စေ ကြုံတွေ့ခဲ့ရဘူးလျက် လုံးဝမေ့နေသော အမှုကိစ္စဗဟုသုတ တစုံတရာတို့ကို ဖြစ်စေ ဟိုတုန်းက ဉာဏ်မရှင်းဘဲ နေခဲ့ရသော ခန္ဓာ, နာမ်, ရုပ်, သဘောတို့ကိုဖြစ်စေ သတိရ၍ လာတတ်၏၊ ထိုအခါ မြော်လင့်ခြင်း မရှိသော အချက်တို့ကို စိတ်၌ ပေါ်လာသော ကြောင့် အံ့အားသင့်စွာ ရှောက်၍ စဉ်းစားနေတတ်သဖြင့် တရားအားထုတ်ထာ၌ အနှောက်အယှက် ဖြစ်ရသည်၊

၉။ 'ဥပေက္ခာ'-လျစ်လျူ ရှုခြင်း၊ ရုပ်, နာမ်, ဖြစ်ပျက်တို့ကို အမှုမဲ့ အမှတ်မဲ့ ရှု၍ နေတတ်ခြင်း၊ ဤအဖြစ်မျိုးမှာ ရုပ်နာမ် ဖြစ်ပျက်ကို သာမညလောက်သာလျှင် ရှုမြင်ရဘူး၍ ဤမျှလောက် သိရလျှင် ပြီးမြောက်ပြီဟု ထင်၍ နေသော ယောဂီများနှင့် ဝိပဿနာကို အားကြိုးမာန်တက်အားထုတ်ပြီး၍ ကျေနပ်လောက်အောင် ရှုမြင်ရဘူးသော သူများတို့သည် နောက်ထပ် ရံဖန်ရံခါ အားထုတ်သော အခါများ၌ သာမည သဘောဖြင့် ပညတ်ရုပ်ကြီးပေါ်၌ ဖြစ်ပျက် ရှိမှန်းသိရ ရုံလောက် ကိလေသာ မဝင်နိုင်ရုံလောက် ဝတ်ကြေဝတ်ကုန် ရှု၍ နေတတ်ခြင်းမျိုးကို ဆိုလိုသည်၊ ဤသို့ ရှုနေခြင်းသည် ရှေ့သို့ မတိုးတက်နိုင်သည် ဖြစ်သောကြောင့် ဝိပဿနူပက္ကိလေသဟု ခေါ်ရတယ်။

၁၀။ 'နိကန္တိ'- ကပ်ငြိခြင်း၊ အထက်ပါ ဩဘာသ, ပီတိ စသည်တို့နှင့် တွေ့ပြီးသော အခါ နှစ်သက်, သာယာ, တွယ်တာ ကပ်ငြိ၍ နေတတ်ခြင်းကို ဆိုလိုသည်။

ဤကဲ့သို့တခုခုပေါ်လာတဲ့အခါ မိမိကိုယ်တိုင်ပရိယတ် ကျွမ်းကျင်ရှိသော်ငြားလည်း၊ သို့မဟုတ် ဆရာသမား၏ ဥပနိဿယ ရရှိသော်ငြား ဤကဲ့သို့ပေါ်လာလျှင် ဒါဟာ ဝိပဿနာနှင့် မဆိုင်တော့ဘူး၊ မဂ်ရောက်ကြောင်း မဟုတ်သေးဘူး ဆိုတာ သိသဖြင့် မဂ္ဂါ မဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဖြစ်တယ်။

'ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ' က ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာ ဉာဏ်, ပဋိသင်္ခါ ဉာဏ်, သင်္ခါရုပေက္ခာဉာ, အဲဒီဉာဏ်တွေနှင့် ယှဉ်ပြီးသွားတာက ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိလို့ ခေါ်တယ်၊ အဲဒီဝိသုဒ္ဓိခြောက်ပါးက 'လောကီဝိသုဒ္ဓိ' ဖြစ်တယ်။

လောကီဝိသုဒ္ဓိပင်ဖြစ်သော်လည်း ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါးနှင့်အကျုံးဝင်သော တရားဖြစ်၍ 'ပုဗ္ဗဘာဂမဂ်' လို့ခေါ်တယ်၊ အနုလောမ ဉာဏ်က တက်၍ မဂ်သို့ ရောက်သောအခါ 'ဉာဏဒဿနဝိသုဒ္ဓိ' ဖြစ်တယ်၊ အဲ- ယခုပြခဲ့တဲ့ ဝိသုဒ္ဓိ ၇-ပါးနှင့် ဝိပဿနာဉာဏ် ၁၀-ပါး သာလျှင် နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်၍ ယခုအားထုတ်ကြသော ယောဂီများဟာ ဒီဉာဏ်စဉ် ၁၀-ပါးနှင့် ဝိသုဒ္ဓိ ၇-ပါးဟာ ပဓာနဖြစ်၍ မိမိတို့အားထုတ်နေသော သီလ, သမာဓိ, ပညာ, ဤသိက္ခာ သုံးပါးမှလွဲ၍ နိဗ္ဗာန်ရောက်ကြောင်းတရား အထူး မရှိဘူးဆိုတာ နှလုံးသွင်း၍ ဝမ်းမြောက်စွာ အားထုတ် ကြရမယ်။

## ဝိပဿနာဉာဏ် ၁၀-ပါး

ဝိပဿနာ ဉာဏ် ဆယ်ပါးက သမ္မသန ဉာဏ်,ဥဒယဗ္ဗယ ဉာဏ်, ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝ ဉာဏ်,

နိဗ္ဗိဒါ ဉာဏ်, မုစ္စိတုကမျတာ ဉာဏ်, ပဋိသင်္ခါ ဉာဏ်,သင်္ခါရုပေက္ခာဉာဏ်,အနုလောမဉာဏ်, ဆယ်ပါး။

သမ္မသနဉာဏ် ဆိုတာက ရှေးဦးစွာ ရုပ်နှင့် နာမ် အမြင် မှန်အောင် ဆင်ခြင် သုံးသပ်သော ဉာဏ်ဟာ သမ္မသန ဉာဏ် လို့ ခေါ်တယ်-

ဥဒယဗ္ဗယဉာဏ် က ရုပ်နာမ်ကို တွေ့ဘာနှင့်တပြိုင်နက် ဖြစ် ပျက်ကို သိသောဉာဏ်ဟာ ဥဒယဗ္ဗယဉာဏ်လို့ ခေါ်တယ်။

ဘင်္ဂဉာဏ် က ရုပ်နာမ်၏အပျက်ကိုသာ မြင်သော ဉာဏ် ကို ဘင်္ဂဉာဏ်လို့ခေါ်တယ်။

ဘယဉာဏ် က ရုပ်နာမ် နှစ်ပါး၏ဘေးကို မြင်သောဉာဏ် ကို ဘယဉာဏ်လို့ခေါ်တယ်။

အာဒီနဝဉာဏ် က ရုပ်နာမ် နှစ်ပါး၏အပြစ်ကိုမြင်သော ဉာဏ်ကို အာဒီနဝဉာဏ်လို့ခေါ်တယ်။

နိဗ္ဗိဒါဉာဏ် က ရုပ်နာမ် နှစ်ပါး၌ ငြီးငွေ့သောဉာဏ်ကို နိဗ္ဗိဒါဉာဏ်လို့ခေါ်တယ်။

မုစ္စိတုကမျတာဉာဏ် က နှစ်ပါးမှ လွတ်လိုသော ဉာဏ် ကို မုစ္စိတုကမျတာဉာဏ်လို့ခေါ်တယ်။

ပဋိသင်္ခါဉာဏ် က ရုပ်နာမ် ဘေးမှ လွတ်လိုသဖြင့် ရုပ် နာမ်ကို မလွှတ်ဘဲ ဖြစ်ပျက်ကို အားတိုက်အင်ကိုက် ဘိ၍ရှုသော ဉာဏ် ကို ပဋိသင်္ခါဉာဏ်လို့ခေါ်တယ်။

သင်္ခါရုပေက္ခာဉာဏ် က ရုပ်နာမ်ကို အဖန်ဖန် ရှုဖန် များ၍ ချစ်ခြင်း မုန်းခြင်း ကင်းလျက် လျစ်လျူရှုသော ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်လို့ ခေါ်တယ်။

အနုလောမဉာဏ် က ရုပ်နာမ်ကို ရှု၍ ပရိကံဉပစာအနုလုံကျအောင် တေဘုမ္မကကို အာရုံပြု၍ ဂေါတြဘူ ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုပြီး မဂ်ဇော တကြိမ် ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ်ကျပြီး သောတာပန် အရိယာအဖြစ်ကို ရောက်သွားတယ်။

အဲဒီ ဝိပဿနာဉာဏ်စဉ် ဆယ်ပါးကို ပြတာ၊ ဒီဝိပဿနာ ဉာဏ်စဉ်ဆယ်ပါး တက်သော်ငြားလည်း ကွဲပြားစွာ လူတိုင်း မသိဘူးလို့ ဆိုယယ်၊ ဒီ ဉာဏ်စဉ်ဆယ်ပါးကို တက်သွားပေမဲ့ လူတိုင်းမသိဘူးတဲ့၊ ဒီဉာဏ်စဉ်ဆယ်ပါးကို ထင်ရှားအောင်ဥပမာ ဆောင်ပြမယ်၊ သဘောပေါက်အောင်ကြည့်။

**ဥပမာ** တံငါသည် ယောကျ်ားတယောက် ငါးဆောင်းတဲ့ အခါ ရေထဲမှာ သူရဲ့ ဆောင်းကလေးက ထိပ်ဝ တဆောင့်ထွာ ဝ ဆောင့်တမိုက်ရှိခန့် တယ်၊ ဒီဆောင်းကလေးနှင့် ဟို ရမ်းအုပ် ဒီ ရမ်းအုပ်နှင့် ဒီလို အုပ်တော့ ငါးမိတဲ့ အထိမ်းအမှတ် တွေ့တဲ့အခါ ဆောင်းပေါက်က နေပြီး နှိုက်လိုက်တော့ ငါးကို လည်ပင်းစမ်းပြီး ကိုင်သွားလိုက်တာပေါ့၊ ဒီအခါမှာ တံငါသည်တို့ရဲ့ ထုံးစံအတိုင်း ငါးကိုတွေ့တယ် ဆိုရင်ဘဲ အလွန် ဝမ်းမြောက် သွားတာပေါ့ အင်း အင်မတန်ကြီးတဲ့ ငါးကြီးဘဲ၊ အိမ်ကျရင်တော့ ငါ့သား မယား နှင့်တဝကြီးစားရမှာဘဲ၊ အလွန်ဝမ်းမြောက်နေတယ်၊

ငါးကိုမှမမြင်ရသေးဘဲကိုး၊ ဒါနဲ့ဆောင်းပေါက်က နေ့မိထားတဲ့ငါးကြီးအားရပါးရဆွဲထုတ်ဖေါ်ကြည့်လိုက်တာ ရေပေါ်ရောက်လာတော့ သူထင်သလိုငါးကြီးမဟုတ်ဘဲ လားလား'လည်ရစ်သုံးဆင့်ရှိတဲ့ ခွေးမြွေဟောက်ကြီးတခါကိုက်ခံရကအသက်မပြန့်တဲ့အကောင်ကြီးကို လည်ပင်းဆုပ်ရက်သားဖြစ်နေတော့ ဒီတံငါသည်ဟာ ဒီမြွေကြီးကို ကြောက် မကြောက်စဉ်းစားသာ ကြည့်ပေတော့၊ အလွန် ကြောက်မှာပေါ့၊ ကြောက်လို့ကော လွှတ်ပစ်ရဲပါ့မလား တွေးကြည့်၊ ဘယ်နည်းနှင့်မျှ ဒီအတိုင်း လွှတ်မပစ်ရဲဘူး၊ လွှတ်ပစ်ဘို့မပြောနှင့် ဒီမြွေကြီးကို ရှေ့ကထက် တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားရတယ်၊ အဲဒီလို ဆုပ်ပါများတော့ မြွေကြီးဟာ လည်ပင်းအစ်ပြီး ပြော့ခွေသွားတော့မှ အင်း- ဒီမြွေကြီးဟာ ငါ့ကိုတော့ ဘယ်နည်းနှင့်မျှ မကိုက်နိုင်တော့ဘူးဆိုတာ သိသဖြင့် သွားဟဲ့ဆိုပြီး ကမ်းပေါ် ပစ်လိုက်တော့မှ မြွေကြီး ဘေးကလွှတ်ရတယ်လို့ ဆိုပြီး ဝမ်းမြောက်ရတယ်၊ အဲဒါဥပမာဘဲ။

ယခု ယောဂီများဟာ လောကဒုက္ခဘေးဆိုးကြီးမှ လွှတ်ချင်ကြလို့ တရားကို အားထုတ်ကြတယ်၊ တရားကို အားထုတ်လိုက်တော့ ဘယ်တုန်းကမှ မတွေ့ဘူး မကြုံဘူး မရဘူးသေးတဲ့ရုပ်တွေ နာမ်တွေတွေ့လို့ ဖြစ်ပျက်ဆိုတဲ့ ဥဒယဗ္ဗယဉာဏ်တွေရလာတော့ အနိစ္စ, ဒုက္ခ,အနတ္တ ဆိုတဲ့တရားထူးတွေ တွေ့ကြတဲ့အခါ အလွန် ဝမ်းသာနေကြတာပေါ့၊ 'ဩဘာသ' အရောင်

အဆင်းတွေ့, 'ပီတိ' ဆိုတဲ့ နှစ်သက်ခြင်းတွေ့, 'ပဿဒ္ဓိ' ဆိုတဲ့ ငြိမ်းခြင်းတွေ့ တွေ့နေကြတော့ ဥပမာပြခဲ့တဲ့အတိုင်း တံငါသည်ဟာ ရေထည်းက မြွေကြီးကို မြွေမှန်းမသိဘဲ ငါးကြီးသင်ခနဲ့၍ ဝမ်းမြောက်သလိုပေါ့၊ ရေပေါ် ဆွဲထုတ်လိုက်လို့ ရေပေါ်ရောက်မှ မြွေမှန်းသိ၍ အလွန်ကြောက်ပြီး မြွေဘေးက လွတ်ချင်တာလို ယခု ယောဂီများလဲ ရှေးဦးစွာတွေ့ရတဲ့ 'ဥဒယဗ္ဗယဉာဏ်' နှင့်တော့ ဝမ်းမြောက်တုန်းမကြောက်သေးဘူး၊ 'ဘင်္ဂဉာဏ်' တို့ 'ဘယ' ဘေးကိုမြင်တဲ့ဉာဏ် 'အာဒီနဝ' အပြစ်မြင်တဲ့ဉာဏ် 'နိဗ္ဗိဒါ' ငြီးငွေ့တဲ့ ဉာဏ်လို့ ဉာဏ် အဆင့်ဆင့် တက်လာမှ 'မုစ္စိတုမျတာဉာဏ်' ဆိုတာ မြွေဘေးကလွတ်ချင်တာလို ရုပ်နာမ်ဘေးကို အလွန် လွတ်ချင်လာတာပေါ့၊ ဒီလို လွတ်ချင်လေ မြွေကြီးကိုမလွှတ်နိုင်အောင် မြဲမြဲဆုတ်ရတာလို မုစ္စိတုကမျတာဉာဏ်က ကြပ်ကြပ်လွတ်ချင်လေ 'ပဋိသင်္ခါဉာဏ်' က ရုပ်နာမ် ဖြစ်ပျက်ကို လက်မလျှော့ဘဲ အမြဲတမ်း အားတိုက် ဖိပြီး အားထုတ်ရတာပေါ့။

ဘာ့ကြောင့်လဲ ဆိုလျှင် ဖြစ်ပျက်ကို လက်လွှတ်လိုက်လျှင် ကိလေသာ ဝင်လာမည်ကို သိသဖြင့် ဖြစ်ပျက်ကို လက်မလွှတ်တမ်း ပဋိသင်္ခါ ဉာဏ်ဖြင့် အားတိုက်ရှုတာပေါ့၊ ဒီလိုအားထုတ်ပါများတော့ မြွေကြီးဟာ ငါ့ကို မကိုက်နိုင်တော့ဘူးလို့ သိသဖြင့် ဒီရုပ်နာမ်အတွက်ချစ်ခြင်း မုန်းခြင်းမရှိလျစ်လျူရှုနိုင်ခြင်းကို သင်္ခါရုပေက္ခာဉာဏ်ခေါ်တယ်၊ သင်္ခါရုပေက္ခာဉာဏ်ရတယ်ဆိုလျှင် မကြာမြင့်မီ 'အနုလောမဉာဏ်' နှင့် ပြည့်စုံ၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင်တယ်၊ လိုရင်းက မြွေဘေးကလွတ်၍ ဝမ်း

မြောက်ထလို ရုပ်နာမ်ဘေးကြီးမှလွတ်၍ နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ခြင်းဖြင့် အလွန်ပင် ဝမ်းမြောက်ရတယ်၊ အဲဒီ ဥပမာကို သေသေချာချာ စဉ်းစား နှလုံးသွင်းပြီးတော့ပွါးများအားထုတ် ကြပါကုန်။

## အာဟာရ ဒုက္ခနှင့် သစ္စာလေးပါး ဝိပဿနာ တရား

ယောဂီ ပုဂ္ဂိုလ်များ ဝိပဿနာတရားတော်ကို ဘာကြောင့် အားထုတ်ကြတာလဲဆိုလျှင် လောက ဒုက္ခဘေးကြီးကို မြင်ကြ လို့ ထိုလောက ဒုက္ခဘေးကြီးမှ လွတ်ကြောင်းတရားကို ရှာကြ တာဘဲ၊ ဘုရားသခင် ကိုယ်တော်မြတ်ကလဲ တရားဒေသနာ ဟော ပြော ဆုံးမတိုင်း ဆိုသလို လောက ဒုက္ခ ဘေးဆိုးကြီးမှ လွတ် ကြောင်း တရား ဒေသနာတော် တွေနှင့် တကွ ကာမဂုဏ်၏ အာဒီနဝ အပြစ်တွေကို ပြပြီး ကြောက်ရွံ့ ထိတ်လန့်လာကြတဲ့ ပုဂ္ဂိုလ်တွေ ထိုအပြစ်ဘေးမှ လွတ်ကင်းစေရန် ကျင့်ပတ်များကို ဟော ပြောဆုံးမလေ့ရှိတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောပြောပြသ ဆုံးမထားသောအလွန်ကြောက်ဘွယ်ကောင်းတဲ့ 'နခသိခ' သုတ်များမှာဆိုလျှင် မြန်မာသက်သက်ဆိုကြပါစို့။

ဘုရားသခင် ကိုယ်တော်မြတ်က 'ချစ်သားတို့ ငါ၏ လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်နှင့် ဇမ္ဗူဒီပါ မြေအပြင် မှာရှိတဲ့မြေမှုန့် ဘယ်ဒင်းက များသလဲ' လို့ မေးတော်မူ တယ်၊ ဒီတော့ ရဟန်းတော်များက 'အရှင်ဘုရား ဤ

ဉပမာကား အလွန်ကိုကွာခြားလွန်းလှပါသည်ဘုရား’ဟု လျှောက်ထားကြတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်က လဲ ‘ချစ်သားတို့ ယခု ငါဘုရား ပြဆိုသည့် ဥပမာ အတိုင်းပင် သေကုန် သေကုန်သော သတ္တဝါ အနန္တတို့ ဟာ သုဂတိဆိုတဲ့ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ကြတာဟာ ငါ၏လက်သည်းပေါ်မှာရှိတဲ့မြေမှုန့် ပမာဏ အရေအတွက်မျှလောက်သာ ရှိတယ်၊ ဒီသေကုန် သေကုန်သော သတ္တဝါအနန္တတို့ဟာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, ဆိုတဲ့အပါယ်လေးပါး ကျ ရောက်ရတဲ့ ပုဂ္ဂိုလ်များဟာ ဇမ္ဗူဒီပါ မြေပြင်မှာရှိတဲ့ မြေမှုန့် ပမာဏ အရေအတွက်နှင့်အမျှ ရှိတယ်’။

အဲဒီလို မြတ်စွာဘုရားက ဟောကြားတော်မူတဲ့ နခသိခ သုတ်ကို လုံလောက်အောင် သက်သေခံ ဥပမာနှင့် တင်ကြည့် ကြစို့ရဲ့ ဆိုလျှင် ယခု မြန်မာနိုင်ငံတော်အတွင်းမှာရှိတဲ့ မြို့အုပ် တပိုင် တောင်းရှစ်လို့ ခေါ်တာပေါ့၊ အဲဒီ မြို့အုပ်တပိုင်မှာရှိတဲ့ အခြားအခြားသော သတ္တဝါတွေကိုဖယ်ထား၊ ပိုးရွလို့ခေါ်တဲ့ ခြကောင်တမျိုးကိုပင် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာရှိကြတဲ့ ပုဂ္ဂိုလ်တွေနှင့် တဦးချင်း ရေတွက်ကြည့်၊ ခြ တကောင်လျှင် လူ တယောက်၊ လူသာ ကုန်မယ် ခြ မကုန်နိုင်ဘူး၊ နတ်ပြည် ခြောက်ထပ်က နတ်တွေနှင့် ခြ တကောင်လျှင် နတ်တယောက် ဆိုလျှင်လဲ နတ်သာကုန်သွားမယ်၊ ခြ မကုန်ဘူး၊ ဗြဟ္မာကကော ဗြဟ္မာတယောက်လျှင် ခြ တကောင် ဗြဟ္မာဘုံနှစ်ဆယ်က ဗြဟ္မာ တွေသာ ကုန်သွားမယ် ခြ ကုန်မှာ မဟုတ်ဘူး၊ အဲဒါ တောင်း

ရှစ်တနယ်မှာရှိတဲ့ ခြတဦးထည်းနှင့် နှိုင်းယှဉ်ပြတာ၊ ဒါတွင် ဘဲလား လူတဖေယာက်မှာ ပိုးမျိုးရှစ်ဆယ်ရှိတယ်၊ အမျိုးတွင် ရှစ်ဆယ်၊ တမျိုးတမျိုးကို မည်မျှလောက်ရှိတယ်ဆိုဘာ မရေ မတွက်နိုင်ဘူး၊ အဲဒါကိုစဉ်းစားကြည့်၊ သေကုန် သေကုန်သော သတ္တဝါတွေဟာ အပယ်လေးပါးမှာချည်း များသောအားဖြင့် ကျရောက်ကြောင်းကိုကြည့်ပါ။

ယခုပုဂ္ဂိုလ်တွေဟာ အဝိဇ္ဇာ ဖုံးလွှမ်းနေကြလို့ တကယ် အမှန်ဖြစ်တဲ့ ဒုက္ခ တရားတွေကို မမြင်သဖြင့် မကြောက်ကြတာ တကယ်ဖြစ်တဲ့ ဒုက္ခ အစစ်တွေကို တကယ် ဝိဇ္ဇာ ဉာဏ်နှင့်သာ မြင်ကြမယ်ဆိုလျှင် မည်သူမျှ မကြောက်ဘဲ ရှိကြမှာမဟုတ်ဘူး၊ ယခု မိမိတို့ နေ့စဉ်မပြတ် ဆောင်ရွက်နေကြတဲ့ ဒုက္ခကြီးကို အဝိဇ္ဇာကြောင့် မမြင်ကြတာ၊ ဝိဇ္ဇာ နှင့် ကြည့်လိုက်ကြမယ် ဆိုလျှင်-

အာဟာရဒုက္ခံ ဇာနာတိ,

အာဟာရသမုဒယံ ဇာနာတိ,

အာဟာရနိရောဓံ ဇာနာတိ,

အာဟာရနိရောဓ ဂါမိနိ ပဋိပဒံ ဇာနာတိ

အာဟာရ ကိစ္စတချက်ထဲနှင့် တကယ်မြင်တဲ့ ဝိဇ္ဇာဉာဏ် က သစ္စာလေးပါး ဖြစ်သွားတယ် မဟုတ်လား၊ အာဟာရ ဒုက္ခံ ဇာနာတိ, ဆိုတာ ဘယ်လိုမြင်တာလဲ သေသေ ချာချာ စဉ်းစားကြည့်၊ ယခု လက်ရှိ ကုန်းနေသတ္တဝါ၊ ရေနေသတ္တဝါ ကောင်းကင်နေ သတ္တဝါတွေကို ဉာဏ်နှင့် မြင်အောင်ကြည့်၊

အိပ်တဲ့မျက်စိလောက်ကလေးကို ချန်လှပ်ပြီး တလှုပ်လှုပ် တရွရွ သွားရ လာရ ရှာရ ဖွေရ လုပ်ရ ကိုင်ရတဲ့ ကိစ္စအရပ်ရပ်ကို ကိုယ်ပိုင်ဉာဏ်နှင့် မြင်လာလျှင် ဘယ်မျှလောက် ကြီးကျယ်တဲ့ ဒုက္ခဆိုတာ၊ အဲဒီဒုက္ခဟာ ဘာကြောင့် ဖြစ်ရတာလဲ၊ အာဟာရ ကိစ္စကြောင့်ဘဲ မဟုတ်လား၊ အဲဒါက "၁" နံပါတ် ဒုက္ခ၊

အာဟာရ ကိစ္စရှာဖွေမှုကြောင့် ဆင်နှင်းအသေခံကြရ၊ ကျွဲ ကိုက်လို့ အသေခံကြရ၊ မြွေကိုက် အသေခံကြရ၊ အဲဒီလို မတော် တဆ အသေခံကြရတဲ့ ဒုက္ခတွေဟာ ဘာ့ကြောင့်လဲ စဉ်းစား လျှင် အာဟာရ အတွက် ရှာကြံမှုကြောင့် ဖြစ်ရတဲ့ဒုက္ခတွေဆိုတာ အမှန်သိနိုင်တယ်၊ အဲဒါက "၂" နံပါတ် ဒုက္ခ။

၃-နံပါတ် ဒုက္ခက ဘာလဲ၊ အာဟာရ ကိစ္စ ရှာတော့မယ်လို့ ကြံစည် လိုက်တယ် ဆိုကတဲက ကြောက်စရာကောင်းတဲ့ ဒုက္ခဆိုး ကြီး ရှေ့ကထွက်လာတယ်၊ဘယ်သူလဲ "လောဘ ဒေါသ မောဟ" ဘဲ မဟုတ်လား၊ သွားရှာလို့ ရခဲ့လျှင်လဲ လောဘ, ဒေါသ, မော ဟ, နှင့်ဘဲ၊ မရခဲ့လျှင်လဲ လောဘ, ဒေါသ, မောဟ,နှင့်ဘဲ၊ ဒီ အပါယ်လေးပါး တကယ်ကျရမဲ့ အကုသိုလ်ကို ဘာကြောင့် ပြု ရတာ လဲ အာဟာရကြောင့်ဘဲ မဟုတ်လား၊အဲဒါ "၃" နံပါတ် ဒုက္ခ။

၄-နံပါတ်ဒုက္ခက ကောင်းကင်နေ သတ္တဝါ၊ ရေနေသတ္တဝါ၊ ကုန်းနေ သတ္တဝါ၊ ရှိသမျှ ဉာဏ်နှင့်ကြည့်၊ သူ့အသက် မစား

ဘဲ နေတဲ့ သတ္တဝါက ခပ်ရှားရှားဘဲ၊ အဲဒီတော့ ပါဏာတိပါတ, အဒိန္နာဒါန, မုသာဝါဒ, ဆိုတဲ့ အပါယ်လေးပါးကို တကယ် ကျစေတတ်တဲ့ အကုသိုလ် ဒုစရိုက် တရားတွေ ပြုကြတာ ဘာ အတွက်လဲ အာဟာရ ကိစ္စအတွက်ဘဲ မဟုတ် လား၊ အဲဒါ "၄"နံပါတ် ဒုက္ခ တွေဘဲ။

၅-နံပါတ် ဒုက္ခက သေကုန်သောကာလ သတ္တဝါမှန်သမျှ ဟာ အပါယ်လေးပါးကိုချည်း ကျကြတယ်လို့ 'နခသိခသုတ်' မှာ ဟောထားလေတော့ ဒီအပါယ်လေးပါး ကျရတဲ့သတ္တဝါ တွေဟာ တပါးသောကံကြောင့် ကျတာက အနည်းငယ်သာရှိ တယ်။ အာဟာရကြောင့် ကျရတဲ့ ပုဂ္ဂိုလ်ဏာ အနန္တဖြစ်တယ်။ အဲဒါ "၅"နံပါတ် ဒုက္ခ တွေ၊ အဲဒီ ၅-ချက် ဒုက္ခဟာ မစားရ ခင် ဖြစ်ရတဲ့ ဒုက္ခတွေဘဲ။

ကိုင်း- ထမင်းပွဲကြီးနှင့် ကောင်းစွာ မွန်စွာ အားရပါးရကို မရှက်မကြောက် စားလိုက်ကြလျှင် နေ့ဦးစွာ ပေါ်ထွက်လာမဲ့ ၁-နံပါတ် ဒုက္ခကို မြင်အောင်ကြည့်စမ်း။ မနေ့သာမှု မခံသာမှု မရှောင်သာမှု မလွဲသာမှုဆိုတဲ့ ကျင်ကြီးမှုကိစ္စ၊ ကျင်ငယ်မှုကိစ္စ၊ နှပ်, တံတွေး, ချွဲ, သလိပ်,ချွဲခန်းတွေ ဖြစ်ပေါ်လာရတာ ဒီ အာ ဟာရ ဝမ်းထဲရောက်တာနှင့် တပြိုင်နက် ဖြစ်ပေါ်လာရတဲ့ ဒုက္ခ တွေဘဲ မဟုတ်လား၊ အဲဒါ "၁"နံပါတ် ဒုက္ခတွေဘဲ။

၂-နံပါတ် ဒုက္ခတွေက ဒီအာဟာရ စားမိတဲ့အတွက် ဓာတ် လေးပါးနှင့် မညီမျှတဲ့ အာဟာရကို စားမိရင် ကျောက်,ဝက် သက်,သမင်မြှေ,သမင်နီ, သမင်နက်,စိုတဲ့ ကြောက်ဘွယ်ကောင်း

တဲ့ ဒုက္ခဆိုးကြီးတွေ မိမိကိုယ်မှ ထွက်ပေါ်လာရတာ ဘာ့ကြောင့်လဲ ဒီအာဟာရကြောင့်ဘဲ မဟုတ်လား၊ အဲဒါ "၂" နံပါတ် ဒုက္ခတွေဘဲ။

၃-နံပါတ်ဒုက္ခတွေက အစာအာဟာရ မပြည့်စုံလို့ မစားမသောက်ရလျှင် ဘာကိုမှ မလုပ်နိုင်တော့ဘူး၊ အယုတ်ဆုံး ခြသေ့်၊ သစ်၊ ကျား တို့သော်မှ သမင်၊ ဒရယ်၊ စသည်တို့ကို မဖမ်းဆီးနိုင်တော့ဘူး၊ အာဟာရပြည့်စုံလို့ အားခွန်ဗလပြည့်ဝ လာလျှင် လောကီအာရုံ ကာမဂုဏ်တွေ ကြံစည်လိုက်ကြတာ ဆိုတာ မပြောနှင့်တော့၊ အဲဒါ "၃"နံပါတ် ဒုက္ခဘဲ။

၄-နံပါတ် ဒုက္ခက မြို့ပေါ်ရွာပေါ်မှာ ရှိကြတဲ့လူတွေဟာ မြွေကိုက်ခံသေကြရမယ်၊ ကျားကိုက်ခံသေကြရမယ်၊ ဆင်နင်းခံ သေကြရမယ်ဆိုလျှင် အလွန်ကြောက်ကြတယ်၊ ဒီလို ကျားကိုက်သေ၊ ဆင်နင်းသေ၊ မြွေကိုက်သေကြရတာက အလွန်နည်းပါတယ်၊ ယခုအခါ မြို့ရွာထဲမှာ အစာမှားလို့ သေကြရတဲ့မသာ ပေါင်း အနန္တဘဲ မဟုတ်လား၊ အစာကို အကြောင်းပြုပြီး ဖြစ်ပေါ်လိုက်တဲ့ ရောဂါဆိုးတွေ အနန္တဘဲ မဟုတ်လား၊ အဲဒါ "၄"နံပါတ်ဒုက္ခတွေဘဲ။

သေကွန်-သေကုန်သော သတ္တဝါတွေဟာ အပါယ်လေးပါး ကျရတာ များသောအားဖြင့် ဒီအာဟာရကြောင့်ချည်းဘဲ ကျကြရတာ ဒါကြောင့် "အာဟာရဒုက္ခံ ဇာနာတိ"လို့ ဟောတာ၊ ကောင်းပြီ အာဟာရ ဒုက္ခကြီးတော့ သဘောပေါက်ပါပြီ၊ ဒီ

အာဟာရဒုက္ခက ကောင်းကင်ကျ မိုးပေါ်ကျ ဒေါ်သိကြား ပြုဟွာ ပိဿနိုး တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖန်ဆင်းလို့ ဖြစ်ထာ မဟုတ်ဘူး၊ဘာ့ကြောင့် ဖြစ်တဲ့ ဒုက္ခလဲ "အာဟာရသမုဒယံ ဇာနာတိ"တဲ့ သမုဒယ ကဏ္ဍာက ဘာလဲ၊ ဖြစ်ချင်တာ လိုချင်တာ သမုဒယလို့ ခေါ်တယ်၊ ဘာဖြစ်ချင်တာ ဘာလိုချင်တာလဲ။

ဒါနပြုတိုင်း၊ သီလဆောက်တည်တိုင်း၊ ဘာဝနာပွားများအားထုတ်တိုင်း ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတွေကို လိုချင်တာ သမုဒယပေါ့၊ အဲဒီသမုဒယကြောင့် ဖြစ်ပေါ်လာရတဲ့ ဒုက္ခမျိုးချည်းဘဲဟု မြဲမြဲမှတ်သားကြဘို့ဘဲ၊ ဒါကြောင့် "အာဟာရသမုဒယံ ဇာနာတိ"ကိုလဲ သိရမယ် "အာဟာရနိရောဓံ ဇာနာတိ" ကိုလဲ သိရမယ်၊ အာဟာရနိရောဓ ဆိုဘာက ထိုအာဟာရဒုက္ခမျိုး မဖြစ်နိုင်တဲ့ အရပ်က နိဗ္ဗာန်ဘဲ၊ အဲဒီ နိဗ္ဗာန်ကို အမှန်ဒုက္ခမှ လွတ်ရာဌာနဘဲလို့ သိရမယ်၊ "အာဟာရ နိရောဓ ဂါမိနီပဋိပဒံ ဇာနာတိ"ဆိုတာက အာဟာရ ဒုက္ခ မရှိရာ နိဗ္ဗာန်ကိုအမှန်ရောက်နိုင်တဲ့ အကြောင်းကို သိရမယ်။ အာဟာရ ဒုက္ခမှတကယ်လွတ်ကြောင်းတရားကဘာလဲ၊ အကျဉ်းအားဖြင့် သီလ, သမာဓိ, ပညာ,သိက္ခာ သုံးပါးဘဲ။

သီလမဂ္ဂင် သုံးပါး၊ သမ္မာဝါစာ-မဂ္ဂင် သီလ၊ သမ္မာကမ္မန္တ-မဂ္ဂင် သီလ၊ သမ္မာ အာဇီဝ- မဂ္ဂင် သီလ၊ သီလမဂ္ဂင်သုံးပါးကို ခေါ်တာ။

သမ္မာဝါစာ မဂ္ဂင်သီလ ဆိုတာက မုသာဝါဒ မဟုတ် မမှန်သော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ ပိသုဏာဝါစာ

သူနှစ်ယောက်တို့၏ အချစ်ကို မလိုမုန်းထား ဂုံးချောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ ဖရုသဝါစာ သူတပါးနားမှာ မခံသာအောင် ကြမ်းတမ်းရုန့်ရင်းသော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ သမ္ဖပ္ပလာပဝါစာ၊ လောကီလောကုတ္တရာ အကျိုးစည်းပွားနှင့် မစပ်သော အဖျင်းဖျင်းသော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း၊ အဲဒါ ဝစီကံလေးပါးဘဲ၊အဲဒီဝစီကံလေးပါးကို ကြဉ်ရှောင်ခြင်းဟာ သမ္မာဝါစာ မဂ္ဂင်သီလလို့ ခေါ်ပါတယ်။

သမ္မာကမ္မန္တ မဂ္ဂင် သီလဆိုတာက ပါဏာတိပါတ သူတပါး၏ အသက်ကို သတ်ဖြတ်ခြင်းမှ ကြဉ်ရှောင်ခြင်း၊ အဒိန္နာဒါန အရှင်မပေးသော သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကာမေသု မိစ္ဆာစာရ သူ့သား အိမ်ယာကို လွန်ကျူးခြင်းမှ ကြဉ်ရှောင်ခြင်း၊ အဲဒါက ကာယကံ သုံးပါးလို့ ခေါ်တယ်။ အဲဒီ ကာယကံ သုံးပါးကို ကြဉ်ရှောင်ခြင်းက သမ္မာကမ္မန္တမဂ္ဂင်သီလလို့ခေါ်တယ်။

'သမ္မာအာဇီဝ' မဂ္ဂင်သီလ ဆိုတာက အထူးမဟုတ်ဘူး၊ ယခုပြနဲ့တဲ့ ဝစီကံလေးပါး၊ ကာယကံသုံးပါးနှင့်စပ်ပြီး အသက်မွေးခြင်းကို မပြုလုပ်ဘဲ ကြဉ်ရှောင်တာကို မိစ္ဆာဇီဝကင်းတဲ့အတွက် သမ္မာအာဇီဝမဂ္ဂင်သီလလို့ ခေါ်တယ်၊ ဒီသီလမဂ္ဂင်သုံးပါးဟာ အာဟာရ ဒုက္ခမှ တကယ် လွတ်လိုတဲ့ ပုဂ္ဂိုလ်များ အမြဲတမ်း မကျိုးမပေါက်အောင် စောင့်ရှောက်ရတဲ့ သီလမဂ္ဂင်သုံးပါးဘဲ။

'သမာဓိမဂ္ဂင်' သုံးပါးက ယခု ယောဂီများအားထုတ်နေတဲ့ လုံ့လဝီရိယကို အမြဲတမ်းမလျှော့ဘဲ အားထုတ်ခြင်းဟာ ဝီရိယ

ဘဲ၊ အဲဒါကိုပင် သမ္မာဝါယာမ မဂ္ဂင်လို့ ခေါ်တာ၊ ထိုဝီရိယ ဖြင့် အဖန်တလဲလဲ နှလုံးသွင်းနေတဲ့ သတိတရားကိုပင် ကောင်းစွာ အောက်မေ့ခြင်းဆိုတဲ့ သမ္မာသတိမဂ္ဂင်ဘဲ၊ ယခုပြခဲ့တဲ့ သမ္မာဝါယာမမဂ္ဂင်နှင့် သမ္မာသတိမဂ္ဂင်မရှိဘဲကို ဘယ်ခါမှ စိတ်၏ငြိမ်သက် တည်ကြည်ခြင်းကို မရဘူးမှတ်၊ မိမိစိတ်၏တည်ကြည်ခြင်းကို ရနေတာဟာ မှချ ဝီရိယနှင့် သတိရှိလို့သာ ရတာ၊ အဲဒီလိုစိတ်၏ ငြိမ်သက် တည်ကြည်ခြင်းကို သမ္မာသမာဓိ မဂ္ဂင်လို့ ခေါ်တယ်၊ အဲဒါ သမ္မာသမာဓိမဂ္ဂင်သုံးပါးဘဲ၊ သီလမဂ္ဂင် သုံးပါး-သမာဓိမဂ္ဂင်သုံးပါး ဆိုတော့ မဂ္ဂင်ခြောက်ပါးဖြစ်နေပြီ၊ ဒီလို သီလသမာဓိနှင့် မပြည့်စုံဘဲ မည်သည့်အခါမှ ပညာမဂ္ဂင်ကို မရဘူး။

'ပညာမဂ္ဂင်' ဆိုတာက သမ္မာသင်္ကပ္ပမဂ္ဂင်နှင့် သမ္မာဒိဋ္ဌိမဂ္ဂင်ဘဲ သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုတာက ကောင်းစွာကြံစည်ခြင်းကိုခေါ်တယ်။ ဘယ်လိုကြံစည်တာလဲဆိုလျှင် အဟုတ်အမှန်တကယ်ရှိတဲ့ ရုပ်တွေ နာမ်တွေကိုမိမိကိုယ်မှာရှိကြောင်း ရှေးဦးစွာ ကြံစည်ခြင်းကိုခေါ်တယ်၊သမ္မာသင်္ကပ္ပဆိုတာကတရားကိုယ်အားဖြင့်ဝိတက်ခေါ်တယ် ဝိတက္ကောစ-သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ခြင်းလို့ ဆိုတယ်၊ ဒါကြောင့်သမ္မာသင်္ကပ္ပ မဂ္ဂင်က ကောင်းသောကြံစည် ခြင်းဖြင့်ကြံစည်သောကြောင့် ရုပ်နှင့်နာမ်အမှန်တွေ၌ မမြဲသော တရား ဆင်းရဲသောတရား အစိုးမရသောတရားလို့ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ရုပ်နာမ်ကို တကယ်တွေ့ဟာနှင့် ဖြစ်ပျက် ဆိုတဲ့ ဥဒယဗ္ဗယဉာဏ်ကို ရရှိတာဟာ သမ္မာဒိဋ္ဌိ မဂ္ဂင်လို့ခေါ် တယ်၊ အဲ့ဒီ သမ္မာသင်္ကပ္ပ မဂ္ဂင်နှင့် သမ္မာဒိဋ္ဌိ မဂ္ဂင်ကို ပညာ မဂ္ဂင် နှစ်ပါးလို့ ခေါ်တယ်။

အဲ ယခုပြခဲ့တဲ့ သီလမဂ္ဂင်သုံးပါး သမာဓိမဂ္ဂင်သုံးပါး ပညာမဂ္ဂင် နှစ်ပါးဟာ သင်္ချာအားဖြင့် တစုစီခွဲပြရသော်လဲ တကယ်အစစ်က ရုပ်နာမ်တွေ့တာနှင့် မဂ္ဂင် ရှစ်ပါးဟာ အမြဲပါရှိနေတယ် အဲဒီ မဂ္ဂင်ရှစ်ပါးကို စာတွေ့ မဟုတ်တဲ ငါတွေ့ဖြစ်မှ 'အာဟာရဒုက္ခ' မှ လွတ်ကြောင်းဖြစ်သော တရားဟု အမြဲအစွဲ မှတ်ထားကြရလိမ့်မယ်။

ဒီမဂ္ဂင်ရှစ်ပါး တရားအလုပ်ဟာ လွယ်တယ်လို့ မမှတ်နှင့် မလွယ်ဘူး၊ အဝိဇ္ဇာနှင့်ဝိဇ္ဇာဟာ အလွန် ကွာခြားတယ်၊ 'အဝိဇ္ဇာကာကွယ်ထားသမျှ တရားတွေလို့ တွေ့မှန်းသိတာ မဟုတ်ဘူး၊ ဘာ့ကြောင့်လဲ အချို့အချို့သော ပုဂ္ဂိုလ်များဟာ နာမှု ကျင်မှု ကိုက်ခဲမှု ဘောင့်တင်းမှု ပူမှု အေးမှု လှုပ်ရှားမှု ထောက်ခံမှုတွေကို အတွေ့ကြသားဘဲ၊ ဘယ်လိုဘဲတွေ့တွေ့ အဝိဇ္ဇာက တားဆီးထားတော့ တရားမှန်းမသိကြဘဲ၊ ငါနာတယ်၊ ငါကျင်ထယ်၊ ငါကိုက်တယ်၊ ငါတောင့်တင်းတယ်၊ ငါပူတယ်၊ ငါအေးတယ်၊ ငါ့အသားတွေ လှုပ်တယ်လို့ အသိကြသားဘဲ၊ သို့သော် ရုပ်မှန်း နာမ်မှန်း ဓာတ်မှန်း ပရမတ်မှန်း မသိတဲ့အတွက် ငါဆိုတဲ့ အတ္တဒိဋ္ဌိကြီးစွဲလန်းပြီး 'သက္ကာယဒိဋ္ဌိ'တန်းလန်းနှင့်ကေန်သေကြရမှာ။

ယခုဝိပဿနာလုပ်ငန်းကိုတကယ်တန်းအားထုတ်တဲ့ယောဂီများကတော့ မိမိကိုယ်သန္တာန်အတွင်းမှာ တကယ်ရှိတဲ့ ရုပ်တွေ နာမ်တွေဓာတ်တွေကိုတွေ့တာနှင့်တပြိုင်နက်ထဲဘုရားသခင်တရားတော်အရ၊ 'ကာယဥ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗဥ္စဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ' ဆိုတဲ့ အတိုင်း ကိုယ်ရုပ် အတွေ့ရုပ် တွေ့သိနာမ်ဆိုသည့် နာမှု ကျင်မှု ကိုက်ခဲမှု တောင့်တင်းမှုတွေကို တွေ့ရင် ပထဝီဓာတ်ရုပ်မှန်းသိရှိ

ငါမဟုတ်ဘူးဆိုတဲ့ အနတ္တတရားကို လုံးလုံးမိသွားတယ် ပူမှုအေးမှုကို တွေ့တာနှင့် တပြိုင်နက် ရုပ်မှန်း နာမ်မှန်းသိ၍ ငါဆိုတဲ့ အတ္တဒိဋ္ဌိပျောက်ကြောင်းကို သိရတယ်၊ လှုပ်မှုရှုမှုကို တွေ့တာနှင့်တပြိုင်နက် ငါမဟုတ်ဘူး ရုပ်တွေ ဖြစ်ပျက်နေတာကို သိသဖြင့် အနတ္တလက္ခဏာကို လုံးလုံးမိကြောင်း သိရတယ်။

ဒါကြောင့် အချို့အချို့သော သူများက အဝိဇ္ဇာမခွါနိုင်၍ နာကျင်တာ ပူတာ အေးဘာ လှုပ်ဘာ ရှုတာ တရားဆိုတာများ အုံ့ဩပါရဲ့ ကွယ်လို့ ပြောကြတယ်၊ ဒီလိုပြောသံကြားရင် ဘယ်လိုမှ သဘောမထားကြနှင့်၊ ထိုပုဂ္ဂိုလ်သည် အဝိဇ္ဇာအားကြီးတဲ့အတွက် တကယ်အစစ် ရုပ်ဓာတ် နာမ်ဓာတ်တွေကို တွေ့ပါလျက်သားနှင့် ရုပ်မှန်း နာမ်မှန်းမသိတဲ့အတွက် ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ကို မတွေ့ရဘဲ မြတ်စွာဘုရား သာသနာတော်ကြီးနှင့်ဖြင့် ဧကန် အလွဲကြီး လွဲရှာပြီလို့ ဆိုတာကို စဉ်းစားပြီး သနားစရာ ပုဂ္ဂိုလ်ဖြစ်ကြောင်း မှတ်ယူစေလိုတယ်။

တကယ်အစစ် ရုပ်စစ် နာမ်စစ် ပရမတ်အစစ်ကိုတွေ့၍ ပရမတ်မှန်း ဓာတ်မှန်းသိတဲ့ ပုဂ္ဂိုလ်က ဝိဇ္ဇာဉာဏ် ရလို့ ဝိဇ္ဇာဉာဏ်ပေါက်ပြီး သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် နိဗ္ဗာန်ကို ဧကန်မလွဲ ဝင်နိုင်တဲ့ ပုဂ္ဂိုလ်လို့ မှတ်ရမယ်၊ ဘာကြောင့်လဲ ရုပ်ဓာတ် နာမ်ဓာတ်မှန်းသိသဖြင့် 'ခန္ဓာ'တွေ ဖြစ်ပျက်နေပုံ၊ 'အာယတန'တွေဖြစ်ပျက်နေပုံ၊ 'ဓာတ်တွေ ဖြစ်ပျက်နေပုံကို သိနေရတဲ့အတွက် 'သံသရာဝဋ်ဆိုးကြီးကို မြင်နေ၍ ထိုသံသရာဝဋ်မှ လွတ်မြောက်ရန် နိဗ္ဗာန်ကို အမြဲသိနေတယ်ဆိုတာ မှတ်ထားရမယ်၊ နိဗ္ဗာန်ကို တကယ်မြင်ချင်လျှင် ရုပ်တရား နာမ်တရားဆိုတဲ့ 'ခန္ဓာငါးပါး' ကို တွေ့

အောင်ရှာ၊ တကယ်အစစ် ခန္ဓာငါးပါးကို တကယ် အမှန်တွေ့လျှင် 'ဒုက္ခ'ဆိုတဲ့ တရားစစ်ကိုတွေ့မယ်၊ တကယ် ဒုက္ခအစစ်ကို တွေ့လျှင်နိဗ္ဗာန်ဆိုတဲ့အမြိုက်တရားကြီးကို သိမြင်ပြီဟု မှတ်ကြရမယ်၊ တကယ် ခန္ဓာငါးပါး ဒုက္ခဆိုးကြီးကို မမြင်ခဲ့လျှင် နိဗ္ဗာန်ဆိုတဲ့ တရားတော်ကို ဘယ်တော့မှ မမြင်ဘူး။ ဘာ့ကြောင့်လဲ ဒုက္ခခပ်သိမ်းကင်းငြိမ်းတာက နိဗ္ဗာန်၊ ဒုက္ခအစစ်တရားက ခန္ဓာငါးပါး အာဒီနဝ အပြစ်တွေ ကြပ်ကြပ်ကြီးမြင်လေ နိဗ္ဗာန်ဆိုတဲ့ အမြိုက်တရား ချမ်းသာအစစ်ကို အမှန်မြင်နိုင်လေဘဲ။

အချို့အချို့သော ပုဂ္ဂိုလ်များ ပြောကြဘယ်၊ နိဗ္ဗာန်ဆိုတာ ပျင်းစရာကြီးတဲ့၊ မှန်တယ် ထိုပုဂ္ဂိုလ်များ ပြောကြတာ ဘာကြောင့်လဲ ခန္ဓာငါးပါးဆိုတဲ့ ဒုက္ခအစစ်ကို လုံးလုံးမမြင်ရတဲ့ အဝိဇ္ဇာ မျက်ကန်းကြီးတွေဘဲ ခန္ဓာအစစ်ကိုမြင်တာက ဝိဇ္ဇာဉာဏ်ဘဲ၊ ဒါကြောင့် ဝိဇ္ဇာဉာဏ်ကို ရအောင် ဝိပဿနာအစစ်ဖြစ်တဲ့ ရုပ်ဘေ့နာမ်တွေကို တွေ့အောင်အရှာခိုင်းပြီး အားထုတ်ခိုင်းတာ၊ခန္ဓာငါးပါးအစစ်ကိုတကယ်တွေ့လျှင် ပဋိသန္ဓေနေခြင်းဆိုတဲ့ ဒုက္ခအစစ်ကို တွေ့လာမယ်၊ လူများဟာ အမှတ်မဲ့ နေကြလို့ မသိတာ တကယ်ဉာဏ်နှင့် ကြည့်လျှင် မိမိကိုယ်တိုင် ခံစားလာရခဲ့တဲ့ဒုက္ခအမိဝမ်းတွင်းမှာ ကိုးလလွယ် ဆယ်လလွယ်နှင့် နှာခေါင်းမှ မတယ်နိုင်တဲ့ မစင် ကျင်ကြီးအလယ်မှာ စက်ဆုပ်ရွံရှာဘွယ် မလှုပ်သာ မလှည့်သာ ကျဉ်းမြောင်းစွာ ကိုယ်တိုင်ခံစားရခဲ့တဲ့ 'ဇာတိ'ဆိုတဲ့ ဒုက္ခဘေးကြီးနှင့် တွေ့ရတာ ဘယ်သူကြောင့်လဲ ဒီခန္ဓာငါးရှိနေလို့ဆိုတာ ထင်ရှားသိရမယ်၊ ဒီလို ပဋိသန္ဓေနေရခြင်း ဒုက္ခကို တကယ်ကြောက်လျှင် ခန္ဓာငါးပါးကို တွေ့အောင်ရှာရမယ်၊

ဒီ ဇာတိဆိုတဲ့ ပင်္ကိသန္ဓေနေရခြင်းကြောင့် 'ဇရာ'အိုခြင်းဆိုတဲ့ ဒုက္ခကြီးကတော့ မည်မျှလောက် ကြီးကျယ်တယ်ဆိုတာ တကယ် ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ မျက်စိသိမှိုင်း နားထိုင်း ခါးကုန်း တ ကိုယ်လုံး ယိမ်းယိုင်နေတဲ့ ဒုက္ခဘေးကြီးဟာ မည်သူ့ကြောင့်လဲ ဒီဇာတိ ဆိုတဲ့ ပင်္ကိသန္ဓေရှိနေလို့ပေါ့၊ အဲဒီဇာတိက ဘယ်ကလာ တာလဲ၊ ခန္ဓာငါးပါးဘဲမဟုတ်လား၊ 'ဗျာဓိ'ဆိုတဲ့ ဖျားနာခြင်း ဘေးဒုက္ခကြီးကို ကြည့်လိုက်အုံး၊ မည်မျှလောက် ကြောက်စရာ ကောင်းတယ်ဆိုတာ အဲဒီဗျာဓိဆိုတဲ့ အနာရောဂါဘေးဆိုးကြီး အနှိပ်စက်ကို အမြဲတမ်း ခံစားနေကြရတာ ဘယ်သူ့ကြောင့်လဲ မြင်အောင်ကြည့် ဇာတိရှိလို့ဘဲမဟုတ်လား၊ ဒီဇာတိက ဘယ် ကလာတာလဲ ခန္ဓာငါးပါးရှိလို့ဘဲ 'မရဏ'ဆိုတဲ့သေခြင်းဘေး ဆိုးကြီးကို ကြည့်လိုက်အုံး၊ မည်သူမျှ မကြောက်တဲ့လူ မရှိဘူး၊ 'သဗ္ဗေဘာယန္တိ မစ္စုနော'တဲ့၊ သဗ္ဗေ- ခပ်သိမ်းကုန်သော သူတို့ သည်၊ မစ္စုနော- သေခြင်းမှ၊ဘာယန္တိ-ကြောက်ကုန်၏တဲ့။ သေ ဘေး ဒုက္ခကြီးကို ဘယ်သူကြောင့် တွေ့ရတာလဲ၊ဇာတိဘဲ မဟုတ် လား၊ ဒီဇာတိဒုက္ခဟာ ခန္ဓာငါးပါး ရှိနေလို့သာ မှတ်ထား၊ အဲဒီခန္ဓာငါးပါး ရှိနေသမျှ-

ပိယေဟိ- ချစ်အပ်သော သူတို့နှင့်၊ ဝိပ္ပယောဂေါ- ကွေ ကွင်းရခြင်းဆိုတဲ ဆင်းရဲဒုက္ခကြီးနှင့် ကေန်မုချ ရင်ဆိုင် တွေ့ကြရမှာကို မြင်အောင်ကြည့်၊ အပိယေဟိ- မချစ် မနှစ်သက်သော သူတို့နှင့် သမ္ပယောဂေါ- ပေါင်းဖေါ် မှီဝဲ ယှဉ်တွဲရခြင်း ဆိုတဲ့ ဒုက္ခဘေးကြီးနှင့် တွေ့ရတာ ဒီ ခန္ဓာငါးပါးရှိလို့ဘဲ၊ ဒါတွင် မကသေးဘူး မိမိ၏ လို

ရာ ဆန္ဒ မဘာဝင့်တတိုင်း အလိုမပြည့်ဝ၍ ပူပန်ခြင်းဆိုတဲ့ ဆင်းရဲဒုက္ခကြီးဟာ ဘယ်သူ့ကြောင့်လဲ လက်သယ် အစစ်ကို ရှာကြည့်၊ ဒီခန္ဓာငါးပါးဘဲ။

'သောက'ဆိုတဲ့ ဆွေမျိုးဉာတိ ပျက်စီးခြင်း ဘေးဆိုးနှင့် တွေ့၍ စိုးရိမ်ပူပန်ရတဲ့ ဒုက္ခကကော ဒီခန္ဓာငါးပါးရှိလို့ဘဲ မဟုတ်လား၊ 'ပရိဒေဝ'ဆွေမျိုးဉာတိ စသည်တို့၏ ပျက်စီးခြင်း ဘေးဆိုးကြီးနှင့် တွေ့ရလို့ ငိုကြွေးရတဲ့ ဒုက္ခကြီးနှင့် တွေ့ရတာဟာလဲ ခန္ဓာငါးပါး ရှိနေလို့ဘဲဆိုတာသိရတယ်၊ 'ဒုက္ခ'ဆင်းရဲခြင်း ဘေးကြီး၊ 'ဒေါမနဿ'- နှလုံးမသာယာခြင်းဆိုတဲ့ ဘေးဆိုးကြီး၊ 'ဉပါယာသ'- ဆွေမျိုးဉာတိ ပျက်စီးခြင်း စသည် တို့ကြောင့် ပြင်းပြစွာ ပင်ပန်းခြင်းဆိုတဲ့ ဘေးဆိုးကြီးတွေ တွေ့ကြုံနေရတာ ဒီ ခန္ဓာငါးပါးရှိနေခြင်းကြောင့် မှတ်ပါ။

ဒါကြောင့် ခန္ဓာငါးပါးကို ဝိပဿနာဉာဏ်နှင့် တွေ့အောင်ရှာ၊ တကယ်ကြောက်စရာကောင်းတဲ့ ခန္ဓာငါးပါး ဘေးဆိုးကြီးကို တကယ်မြင်မှ ဒီခန္ဓာငါးပါးဘေးမှ လွတ်အောင်ပြေးမှာ ဒီ ခန္ဓာငါးပါးဘေးကို ကတယ်မြင်၍ တကယ်ကြောက်တဲ့ ပုဂ္ဂိုလ်ဟာ ခန္ဓာငါးပါး၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ဆိုတဲ့တရားကြီးကို မလွဲတမ်း မျက်မှောက် ပြုနိုင်မည်ဟူ၍ မှတ်ကြ၊ ဒီလို ခန္ဓာငါးပါး ဘေးကြီးကိုကြောက်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်အောင် ပညာရှိပုဂ္ဂိုလ်ကြီးများ ဘယ်လို ဉပမာဆောင်ပြသလဲဆိုလျှင်—

ဉပမာ။ ။ ရှေး အခါက ကုန်သည် တယောက် ကုန်ရောင်း ကုန်ဝယ် သွားရင်း မျက်စိလယ် လမ်းမှားပြီး တခု

သော တောအုပ်ကို ရောက်သွားတယ်၊ အဲဒီ တော အုပ်က ဘီလူး အုပ်စိုးတဲ့ တောအုပ်ကြီး ဖြစ်သတဲ့၊ အဲဒီတော့ ကုန်သည်ယောကျ်ာကို ဘီလူးမ မြင်တွေ့ တာပေါ့၊ ဘီလူးမ မြင်တွေ့လျှင်ဘဲ ဘီလူးမက ထို ကုန်သည်ယောကျ်ားကို ရွာကြီး တရွာ အနေနှင့် ဖန် ဆင်းပြီး ပြသထားတယ်၊ ကုန်သည်ကလဲ ထိုဘီလူးမ ဖန်ဆင်းထားတဲ့ ရွာကြီးကို မြင်လိုက်လျှင်ဘဲ အားရ ဝမ်းမြောက်စွာနှင့် ရွာထဲကိုဝင်လိုက်တော့ ဘီလူးမက အိမ်ကြီးနှင့် ဖန်ဆင်းထားတာ တွေ့တော့ ကုန်သည် ယောကျ်ားက ဘီလူးမထံ ချဉ်းကပ်ပြီး ကျုပ်ဗျာ မျက်စိလယ် လမ်းမှားနေလို့ တညဉ့်တာမျှ တည်းခို ဘို့ရန်ခွင့်တောင်းတယ်။

ဒီလို ခွင့်တောင်းတယ် ဆိုလျှင်ဘဲ ဘီလူးမက အားရ ဝမ်း မြောက်စွာနှင့် တဲပါရှင်-တဲပါ၊ ကျွန်မအိမ်မှာ ကျွန်မတယောက် ထဲ ရှိပါတယ်လို့ ပြောတော့မှ ကုန်သည်ယောကျ်ားလဲ တည်း ခိုတယ်၊ ည အခါကျတော့ နှစ်ဦးသား စကား ပြောကြလို့ စကားလက်ဆုံ ကျနေတဲ့အခါ 'ကုန်သည် ယောကျ်ားက မေး တယ်၊ ခင်ဗျားယောကျ်ား ဘယ်အရပ်ကိုသွားပါသလဲ'လို့ မေး တော့ ဘီလူးမက 'ကျွန်မ ယောကျ်ားမရှိပါဘူး လူလွတ်ပါ'လို့ ပြောတယ်၊ ကုန်သည် ယောကျ်ားကလဲ 'ကျွန်တော်လဲ သား မယားမရှိပါဘူး လူလွတ်ပါဘဲ' လို့ ပြန်ပြောပြီး နှစ်ဦးသား သဘောချင်း ညီညွတ်ကြပြီး အကြင် လင်မယား အဖြစ်နှင့် ပေါင်းသင်းနေထိုင်ကြတယ်။

ဘီလူးမကလဲ လင်ဘော်မောင် မငြိုငြင်ရအောင် အစား အသောက် အနေအထိုင်ကအစ မလစ်ဟင်းရအောင် အမျိုးမျိုး ဖန်တီးပြီး ပြုစုလေတော့ ထိုကုန်သည် ယောကျ်ားဟာ အလွန် ကို ပျော်မွေ့ နှစ်ခြိုက်ပြီးနေတာပေါ့၊ ဒီလိုနှင့်ဘဲ တော်တော် ကြာမြင့်လာတော့ ထိုကုန်သည်ယောကျ်ားနှင့် အလွန် ခင်မင် ရင်းနှီးတဲ့ ဝိဇ္ဇာဓိုရ်ပညာရှိ သူငယ်ချင်းက 'ငါ့ သူငယ်ချင်း ခရီးသွား ယောကျ်ား ခရီးထွက်တာ အဘော် ကြာမြင့်လှပြီ၊ ဘယ်အရပ်များ ရောက်နေပါသလဲလို့ လိုက်ရှာ လိုက် ဘော့ ဘီလူးမ အုပ်စိုးတဲ့ ရွာကြီးမှာ ဘီလူးမနှင့် ပျော်ပါး နေဟာ တွေ့ရတော့-

အင်း...ငါ-- သူငယ်ချင်းတော့ ဘီလူးမနှင့် ဆက်ဆံ ပေါင်းသင်းနေပါကလား၊ တနေ့ကျရင် မချ ဒုက္ခတွေ့ တော့မယ်၊ ငါ-သတိ ပေးအုံးမှဘဲ'ဟု ဆိုပြီး သူ့ သူ ငယ်ချင်းကို ဘီလူးမ ကွယ်ရာမှာ ခေါ်ပြီး ပြောပြ တယ်-

'ဟေ့-သူငယ်ချင်း မင်း အခု ပေါင်းသင်းနေတဲ့ မိန်းမဟာ လူအစစ်မဟုတ်ဘူး သူငယ်ချင်း၊ ဘီလူးမကြီး' လို့ ပြောတော့ 'ဟာ-သူငယ်ချင်း မင်း ဘယ်လိုကြောင့် သိတာလဲ၊ ငါ့မိန်းမ ဟာ ငါ့ကို အင်မတန် မြတ်နိုးတယ်ကွ'လို့ ပြောသတဲ့၊ 'အေး မင်းသိချင်ရင် ငါပြောမယ်၊ မင်း မိန်းမဟာ ဖနောင့်တိုတယ် မျက်ထောင့်လဲ နီတယ်၊ မျက်တောင်လဲ မခတ်ဘူး၊ အဲဒါမင်း သေသေချာချာကြည့်၊ ဘီလူးမဘဲကွ' လို့ ပြောတော့ ကုန်

သည် ယောကျ်ားက သူငယ်ချင်း ဝိဇ္ဇာမိုရဲ ပြောတဲ့အတိုင်းကြည့်တော့ ဖနောင့် တိုတာရော၊ မျက်ထောင့် နီတာရော၊ မျက်တောင် မခတ်တာပါ အလုံးစုံ အကုန် ကိုက်ညီနေတာ တွေ့ရတယ်၊ ဒီလို ကိုက်ညီနေတာ တွေ့ရသော်လဲ ဝိဇ္ဇာမိုရဲ 'သူငယ်ချင်း အား မင်း ပြောတာဟာ အကုန်မှန်နေတာဘဲ ကွဲ့၊ ဒါပေမဲ့ ငါ့မိန်းမက ငါ့ကို အင်မတန် ချစ်တယ်ကွဲ့၊ ငါမခွဲနိုင်ဘူး' လို့ ပြောတော့ 'အေး....သူငယ်ချင်း မင်းဘော့အလွန်ခက်နေပြီ၊ မင်း- ငါပြောတာ မယုံသေးရင် မနက်ဖြန်ခါ နံနက် နေထွက်လာတဲ့အချိန် ဥပယ်တမည်ဖြင့် နေရှိရာအရပ်ကို မင်း ခေါ်ကြည့်၊ နေရိပ် မထွက်ဘူး သူငယ်ချင်း' လို့ ပြောတော့ ဝိဇ္ဇာမိုရဲ ယောကျ်ားပြောတဲ့အတိုင်း ဘီလူးမက နေပူရာအရပ်ကို ခေါ်ကြည့်တော့ အဟုတ်ဘဲ အရိပ်မထွက်ဘူး၊ ဖန်ဆင်းထားတဲ့ ရုပ်ဟာဘယ်မှာအရိပ်ထွက်မလဲ၊ မထွက်ဘူးပေါ့။

ဒီတော့မှ ဟော့-သူငယ်ချင်း မင်းပြောတဲ့အတိုင်း ငါ့မိန်းမဟာ အရိပ်မထွက်ဘူး၊ ဒါပေမဲ့ သူငယ်ချင်း သူကလဲ သိပ်ပြီးတော့ အပြုအစုကောင်းတယ်၊ ငါကလဲ သိပ်မြတ်နိုးနေတာ၊ မခွဲနိုင်ဘူး သူငယ်ချင်းရယ်' လို့ ပြောတော့ ဝိဇ္ဇာမိုရဲ ယောကျ်ားက 'ကိုင်း- ငါတော့ မင်းကို ဒီတခါ နောက်ဆုံး ပြောခြင်းဘဲ၊ မင်းမိန်းမ ညအခါ အိပ်ပျော်နေတုန်း မီးတိုင်ထွန်းပြီး သေသေချာချာ ကြည့်ပေတော့၊ အဲဒါ ငါနောက်ဆုံး သတိပေးခြင်းဘဲ' လို့ ပြောပြီး ဝိဇ္ဇာမိုရဲယောကျ်ားလဲ ပြန်သွားရော။

ညအိပ်တဲ့ အခါ ကျတော့ ဝိဇ္ဇာမိုရဲ့ သူငယ်ချင်းပြောတဲ့ အတိုင်း အိပ်ပျော်နေတုန်း မီးထွန်းကြည့်တော့ ဇာတိရုပ် ပေါ်နေတာ တွေ့ရတယ်၊ မူလ ဖန်ဆင်းထားတဲ့ စိတ္တဇရုပ်ကို အိပ်ပျော်နေတော့ စိတ္တဇရုပ် မရှိတော့ မူလက ပကတိအတိုင်း ဘီလူးမကြီး၊ မျက်လုံးကလဲ လင်းကွင်းကြီးလောက်နှင့် အစွယ်ကလဲ ငှက်ပြောဘူးလောက်၊ လျှာကြီး တစောင်း ကိုက်လို့၊ သွားရေတွေ တမြားမြားနှင့် မြင်ရတော့ ဘကယ်ကို သူကြောက်လာတာပေါ့၊ အဲဒီအခါကျမှ အင်း-- ငါ့သူငယ်ချင်း ပြောတာ ဟုတ်ပြီ၊ မုချ တနေ့ကျလျှင် ငါ့ကို ဧကန်စားမှာဘဲ လို့ သေသေချာချာ သိတော့မှ လွတ်အောင် ငါ့ပြေးမှဘဲလို့ စိတ်ကူးပြီးတော့ ဒီလို အလွတ်ပြေးလို့လဲ ငါ လွတ်မှာမဟုတ်ဘူး၊ ဘီလူးမကိုသတ်ပြီးပြေးမှ လွတ်မယ်လို့ အကြံရပြီး ဘီလူးမ လည်ကို ဓါးနှင့်ပိုင်းဖြတ်လျက် ဘီလူးမကို အသေ သတ်ပြီးပြေးတော့မှ ဘီလူးမလက်မှ လွတ်လျက် အင်း-ငါတော့ လက်မတင် ကလေးလိုတာ၊ ငါ့ သူငယ်ချင်း ပြောလို့သာ ငါ လွတ်လာ ရတယ်လို့ အထူးဘဲ ဝမ်းမြောက်သွားတယ်၊ အဲဒါဥပမာဘဲ။

ယောဂီဉာဏ်နှင့် မြင်အောင်ကြည့်၊ ဗုဒ္ဓဘာသာ အယူဝါဒ ရှိတဲ့ ပုဂ္ဂိုလ်တိုင်း ခန္ဓာငါးပါး ရုပ်တရား နာမ်တရား တွေဟာ ကြောက်စရာ လန့်စရာဘဲလို့ ဆိုတဲ့ စကားမျိုးတွေကို ရဟန်း ရှင်လူ မည်သူမဆို ပြောကြဆိုကြတာအသိသား အကြားသားဘဲ ဒါပေမဲ့ မျက်ထောင့်နီတာ ဖနောင့်တိုတာ မျက်တောင်မခတ်တာ တွေ့ပေမင့် ဘီလူးမက အပြု အစု ကောင်းတော့ မစွန့်နိုင် မခွါရက်ထာလို-

မျက်စိက ရုပ်နာမ် ခန္ဓာ ငါးပါး,
နားက ရုပ်နာမ် ခန္ဓာ ငါးပါး,
နှာခေါင်းက ရုပ်နာမ် ခန္ဓာ ငါးပါး,
လျှာက ရုပ်နာမ် ခန္ဓာ ငါးပါး,
ကိုယ်က ရုပ်နာမ် ခန္ဓာငါးပါး,
မနောက ရုပ်နာမ် ခန္ဓာငါးပါး,

သူပြော လူပြောနှင့်တော့ အသိကြသားဘဲ၊ ဒါပေမဲ့၊ မိမိသန္တာန်မှာ ရှိနေတဲ့ မျက်စိအရသာ နားအရသာ နှာခေါင်းအရသာ လျှာအရသာ ကိုယ်အရသာ မနောအရသာတွေက အင်မတန် စိတ်မှာစွဲပြီး အလွန်ဘဲ ကောင်းနေတော့ မခွဲနိုင်မခွာရက် ဖြစ်နေကြတာပေါ့၊ အဲဒါ ဥပမာ ၁-ချက် တူညီသွားသွားပြီပေါ့။

ဘီလူးမ အစိုပ်မထွက်သော တုံက ယောဂီများ ဒီခန္ဓာငါးပါးပါးပါ တကယ်ဘဲရှိဘယ်ဆိုတာ မှန်မမှန် ဝိပဿနာဝိဇ္ဇာဉာဏ်နှင့်ကြည့်၊ အဟုတ်ရှိတကယ်ရှိတဲ့ခန္ဓာငါးပါးကိုတွေ့တော့ဖြစ်ပျက်တာတော့ အတွေ့ကြသားဘဲ၊ ဒါပေမဲ့ မကြောက်လှသေးဘူး၊ အရိုပ်မထွက်တာကိုယ်တိုင်သိသော်လဲ အချစ်တရားက စွဲလမ်းနေတော့ မခွဲနိုင်သေးတာကိုဘဲ၊ ၂-ချက်တူသွားပြီ။

နောက်ဆုံး- ဥပမာက အိပ်ရာမှာ တကယ်ကြည့်သောအခါမှ အစွယ်ပြူးတူး အစားကြူးတဲ့ဘီလူးမကို တွေ့ရလာလို၊ ယောဂီများ ဉဒယဗ္ဗယဉာဏ် ရင့်သန်အောင် တကယ်တမ်း အားထုတ်ကြတော့မှ ဘင်္ဂဉာဏ်အပျက်တွေ မြင်လာတာ ဘယဉာဏ် ဘေးကြီးတွေမြင်လာတာ အာဒီနဝဉာဏ် အပြစ်တွေမြင်လာတ ဒနိဗ္ဗိဒါဉာဏ်က ညည်းငွေ့လာတာ ဘီလူးမ၏အပြစ်တွေကို တွေ့မြင်

လို့ ဘီလူးမ ဘေးက လွတ်ချင်တာလို မုစ္စိတုကာမျတာ ဉာဏ် ကရုပ်နာမ် ခန္ဓာငါးပါး ဘေးဆိုးကြီးမှ တကယ် လွတ်ချင်လာ တော့ 'ပဋိသင်္ခါယဉာဏ်' က အားတိုက် အင်တိုက် ဝိပဿနာ ကို မလွတ်သမ်းအားထုတ်လာတော့ ဘီလူးမလည်မျိုကို ဓားနှင့် ပိုင်းသတ်ပြီး လွတ်ရာကို ပြေးသကဲ့သို့ ဒီခန္ဓာငါးပါးဆိုတဲ့ ရန်သူ ကို သင်္ခါရုပေက္ခာဉာဏ်ဖြင့် လျစ်လျူရှုပြီး 'အနုလောမ ဉာဏ်' နှင့် လွတ်အောင်ပြေးလိုက်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တော့မှ ဘီလူးမဘေးက လွတ်ဝေး၍ အေး ချမ်းစွာနေရတာလို ခန္ဓာ ငါးပါးတည်းဟူသော ဘေးဆိုးကြီးမှ လွတ်မြောက်တဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုရပေတယ်လို့ အဲဒီ အခါမှာ အထူးဝမ်းမြောက်ကြရမှာ။

တနည်းအားဖြင့် ခန္ဓာငါးပါးရှိတဲ့ အနက်က ခန္ဓာငါးပါး လုံး အကုန် ဝိပဿနာ ရှုရမယ်ဟု ဆိုလိုရင်းမဟုတ်ပါဘူး၊ ရုပ် ခန္ဓာတပါး ဝိပဿနာဉာဏ်မှာ မိလျှင် ကျန်ခန္ဓာလေးပါးစလုံး တပါတည်း ပါသွားတာဘဲ။

ဥပမာ- ထန်းတက်ယောကျ်ားတယောက် ထန်းတက်ရင်း ထန်း ပင်ပေါ်က လိမ့်ကျတော့ကိုယ်တခြားဦးခေါင်းတခြား ဖြစ်သွားတယ်၊ ဒီတော့ မယားလုပ်တဲ့သူက မြင်လို့ ကဗျာကရာ ပြေးလာတယ် အနားရောက်လာတဲ့အခါ ထန်းတက်သမားက ဖုတ်ဝင်ပြီး ကိုယ်တွေ ဦးခေါင်း တွေပကတိအတိုင်းပြန်ပြီးဖြစ်နေတော့မှ မယားလုပ်တဲ့

သူကပြောတယ်၊ 'ဘယ့်နှယ်လဲ ရှင့်ဟာ ခနက ထန်းပင်ပေါ်မှ လိမ်ကျလို့ ကိုယ်တခြား ဦးခေါင်းတခြား ဖြစ်နေတာ အခု ဘယ်လိုဖြစ်တာလဲ' လို့ မေးတော့ ဖုတ်ကောင်းက 'ဒီအကြောင်းနှင့် ပတ်သက်ပြီး နင် ဘယ်သူ့ကိုမှ မပြောနှင့် ပြောရင် ဟောဒီ ထန်းလှီးဓားနှင့် နင့်ဦးခေါင်းကို တခါထဲဖြတ်လှီးပစ်မယ်' လို့ ဆိုတော့ မယားလုပ်တဲ့သူက ကြောက်တော့ ဘယ်သူ့ကိုမှ မပြောဝံ့ဘဲ ဒီ ဖုတ်ကောင်နှင့်ပင် ပေါင်းသင်း ဆက်ဆံနေရတော့၊ အရင် ဖုတ်ဝင်မင်းက သား တယောက်ရထားတယ်၊ နောက် ဖုတ်ကောင်နှင့် ဆက်ဆံ ပေါင်းသင်း နေလာလိုက်ထာ သား လေးယောက်အထိ ရရှိတယ်၊ ဒါနှင့်ဘဲ တနေ့ကျတော့ဖုတ်ကောင်က ထန်းပင်ပေါ်မှာထန်းတက်နေရင်း ထန်းဖတ်ကို ဓားနှင့်လှီး ပြီးချလိုက်တော့ ဝိဇ္ဇာဓိုရ်ယောကျ်ားတယောက် ထန်းပင်အောက်ရောက်လာတာနှင့် အဆင်သင့်ပင် ထိုဝိဇ္ဇာဓိုရ်ယောကျ်ားရဲ့ဦးခေါင်းပေါ် ထန်းဖတ်ကျသွားတယ် ထိုအခါဝိဇ္ဇာဓိုရ်ယောကျ်ားက ထန်းဖတ်ကျလာသဖြင့် ထန်းပင်ပေါ် မော့ကြည့်တဲ့အခါဝိဇ္ဇာဓိုရ် ယောကျ်ားကသိတာပေါ့၊ 'အောင်မယ် မောင်ဖုတ် မင်းကထန်းတက်နေသကိုးကွဲ့' လို့ ပြောက်လိုက်တော့ ဝိဇ္ဇာဓိုရ်ရဲ့ အာဏာကို မခံနိုင်တော့ ထန်းတက်သမား မောင်ဖုတ်ဟာ ဖုတ်ဆိုကျပြီး အရိုးပြာကျသွားတယ်၊ အဲဒီ ထန်းတက် မောင်ဖုတ် အရိုးစု ပြာဖြစ်သွားတော့ သူနှင့် ရထားတဲ့ သူ့သား လေးယောက် ဖုတ်အောင် ဖိုလေးတွေဟာ

အကုန်လုံးအရိုးပြာဖြစ်ကုန်တာဘဲ၊ ငွေမ သားကြီးက တော့ဘာမှမဖြစ်ဘူးတဲ့ ၊အဲဒါ ဥပမာဘဲ။

၂၃ အားထုတ်နေကြတဲ့ ယောဂီ ပုဂ္ဂိုလ်များဟာ ခေတ် တပါးကို ပိုင်ပိုင် နိုင်နိုင် မလို့ "အနိစ္စ-ဒုက္ခ-အနတ္တ" ဆိုတဲ့ တရားကို ကာကယ်တွေ့ရင် ခန္ဓာငါးပါးစလုံး မိသွားမှာဘဲ၊ ဒါ ကြောင့် ယခုပြတဲ့ဥပမာအတိုင်း ယောဂီများအားထုတ်ကြ၊ မိမိ ခန္ဓာကိုယ်အတွင်းမှာ တကယ် ဖြစ်ပျက်နေတဲ့ ရုပ်တရား နာမ် တရား ခေတ်တရား ပရမတ်တရားတွေဟာမှစဲ အမြဲတမ်း ဖြစ် ပျက်နေတာကို သိနေသမျှ ခန္ဓာငါးပါးသည် တနာရီ တမိနစ် တစက္ကန့်မှ မစဲအောင် အမြဲ ဖြစ်ပျက် နေတာကို သိကြရမယ်၊ ဒါကြောင့် ယောဂီများ မိမိ၏ အသိတရားကို လာသက်လုံး လက်မလွှတ်ဘဲ ပြဆိုခဲ့သော ဥပမာနှင့် ညီနိုင်း၍ အမြဲဘမ်း အားထုတ်ကြဘို့ရန်ဖြစ်တယ်။

## မီး ၁၁-ပါးနှင့် ဝိပဿနာ

ဝိပဿနာအလုပ် အားထုတ်ကြတဲ့ ယောဂီ ပုဂ္ဂိုလ်များဟာ ဝိပဿနာဉာဏ် အမြင်သန်ပြီး တနေ့ထက် တနေ့ ဉာဏ်ပညာ ရင့်သန်အောင် အားထုတ်ကြရမယ်၊ ဟောပြောတဲ့ပုဂ္ဂိုလ်များ ကလဲ မြတ်စွာဘုရားသခင် ဆုံးမ၍ အလျင် အမြန် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရသွားကြတဲ့ တရားတော်ကိုဘဲ ယောဂီများ နား လည်အောင် ဟောရပြောရကြတာဘဲ၊ ဘုရားသခင်ကိုယ်တော် တိုင် 'ဖဂ္ဂုဝဂ္ဂီ' ငါးဦးနှင့်တကွ 'ယသ' သတိုးသား အမှူးရှိသော သူဌေးသား ငါးကျိပ်-ငါးယောက်နှင့် အတူ တကွ ဝါဆိုတော်

မှုပြီးနောက် သီတင်းဝါလကျွတ်တဲ့အခါမှာ 'ရဟန္တာ ခြောက် ကျိပ်'တို့အား တကြောင်းတည်းသော ခရီးကို ရဟန်း နှစ်ပါး မသွားစေဘဲ တကြောင်းတည်းသောခရီးကို ရဟန်းတပါးသာ ကြွသွားကြစေ၍ အစ၏ ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းဆိုတဲ့ 'ဗုဒ္ဓ' ၏ ဝါဒကို ဖြန့်ကြလို့ ညွှန် ကြားဆုံးမပြီး ဘုရားသခင် ကိုယ်တော်တိုင် တပါးတည်း ကြွ သွား၍ 'ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပ' ရသေ့ ညီနောင် ရှင်တဆောင်တို့အား သူရဲ့ ဗုဒ္ဓဝါဒကို ဖြန့်ပြီး ချွတ် ရတယ်။

အခုပြောတဲ့ ဥရုဝေလကဿပမှာ တပည့်ပရိသတ် ငါးရာ ရှိတယ်၊ နဒီကဿပမှာလဲ တပည့်ပရိသတ်က သုံးရာ၊ ဂယာ ကဿပက နှစ်ရာ အသီးသီး ကိုယ့်ပရိသတ်နှင့် ကိုယ် နေ ထိုင်ကြတယ်၊ ဥရုဝေလကဿပကိုချွတ်တဲ့အခါမှာဆိုလျှင် ဘုရား သခင်ကိုယ်တော်မြတ်ဟာ တန်ခိုးတော်တွေ အမျိုးမျိုး ပြသရ တယ်၊ ပြသရတဲ့ တန်ခိုးတော်တွေက မနဲဘူး၊ ရှေးဦးစွာ ဥရု ဝေလကဿပတို့နေတဲ့ မီးတင်းကုပ်မှာ အလွန် တန်ခိုးကြီးတဲ့ နဂါးကြီးတကောင်ရှိတယ်၊ ဒီနဂါးကြီးရှိတာကို ဘုရားသခင်က သိတော့ ဥရုဝေလအား 'အဲဒီ မီးတင်းကုပ်မှာ ငါ တည်းခိုပါရ စေလို့' ပန်ကြားတယ်၊ဒီတော့ ဥရုဝေလကဿပက 'ဂေါတမ ဒီ မီးတင်းကုပ်မှာ သင်မနေပါနှင့် တခြားနေရာမှာ နေပါ' လို့ ပြောတယ်၊ ဘုရားသခင်ကလဲ 'ဥရုဝေလ သင်ခွင့်ပြုရမှာ ဝန် လေးလျှင် ခွင့်သာပြုပါ နေပါရစေ' လို့ ထပ်ပြီးတော့ ပန် ကြားတယ်၊ ထိုအခါ ဥရုဝေလကဿပက-

ဂေါတမ သင့်ရှပ်ရေက ချောက ချောပါဘိသနှင့်၊ ဒီ မီးတင်းကုပ်မှာ တန်းခိုး အလွန်ကြီးတဲ့ နဂါးကြီး တ ကောင်ရှိတယ်၊ သင် ဒုက္ခဖြစ်မှာစိုးလို့ တောင်းပန်တာ' လို့ ပြောသတဲ့၊ ဘုရားသခင်ကိုယ်တော်မြတ်ကလဲ သင့် မှာ ဝန်မလေးလျှင် ခွင့်ပြုဘို့ရန် အကြိမ်ကြိမ် ပန်ကြား လေတော့ ဥရုဝေလကဿပက 'ဒါဖြင့်လျှင် ဂေါတမ- သင့်သဘောအကိုင်းဘဲ'လို့ နေခွင့်ပြုလိုက်တော့ မြတ်စွာ ဘုရားသခင် မီးတင်းကုပ်မှာ သီတင်းသုံးတော်မူတယ်။

ဒီတော့ ဥရုဝေလကဿပတို့က 'အင်း....ဂေါတမတော့ ဒုက္ခ ဘဲ၊ ကနေ့ည နဂါး၏ လက်နက်နှင့် အသက်တော့ ဆုံးရှုံးမှာ ဘဲ'လို့ ပြောဆိုကြပြီး ချောင်းမြောင်း ကြည့်နေကြတယ်၊ ထို အခါ နဂါးကလဲ့ သူ့ရဲ့နေရာမှာ လာ၍ နေရပါမို့လားဟု စိတ် ဆိုးပြီး ဘုရားသခင်ထံ အခိုးတွေ လွှတ်တယ်၊ နဂါးက အခိုးလွှတ်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကလဲ ပြန်ပြီးတော့ အခိုး တုန့်ပြန်လွှတ်ထားပေါ့၊ မီးတင်းကုပ် တခုလုံးမှာ နဂါး၏ အခိုးရောင်နှင့် မြတ်စွာဘုရား တန်ခိုးတော်၏ အခိုးရောင်တွေ ရောယှက်ပြီး ထိန်ထိန်လင်းနေတာပေါ့။

ထိုအခါ ဥရုဝေလကဿပတို့က ဘယ်လိုအောက်မေ့သ လဲဆိုလျှင် 'အင်း ဂေါတမတော့ မုချသေပါပြီလို့ ထင်နေကြ တာပေါ့၊နံနက်လင်းတဲ့အခါကျတော့ နဂါးကြီးကို ဘုရားသခင် ဆုံးမထားတာကို တွေ့ရတော့ ဥရုဝေလ ကဿပတို့က ဘယ်လို ပြောသလဲဆိုလျှင် 'ဂေါတမဟာတန်ခိုးတော့ အလွန်ကြီးတာဘဲ

သို့သော်လည်း ငါတို့လိုဘော့ 'ရဟန္တာ' မဟုတ်သေးဘူး' လို့ပြော တယ်၊ ဒီလိုနှင့်ဘဲ ဘုရားသခင်ကိုယ်တော်မြတ် တန်ခိုးတော် ပေါင်းများစွာနှင့်ပြသပြီး ဆုံးမသော်လည်း 'မာနတရား' ထောင် လွှားလျက် သူတို့လို ရဟန္တာမဟုတ်သေးဘူးချည်းဘဲ လုပ်နေ တဲ့အတွက် ဘုရားသခင်ကိုယ်တော်မြတ် နောက်ဆုံးတန်ခိုးပြသ ပြီး ငေါက်လိုက်တော့မှ ဥရုဝေလ ကဿပက ဘုရားသခင် အား ရှိခိုးလျက် 'ကျွန်ုပ်အား ရဟန်းပြုပေးပါမည့်အကြောင်း' လျှောက်ထားတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကလဲ 'သင့်အ လိုနှင့်ဖြင့် ငါသင့်အား ရဟန်းမပြုပေးနိုင်သေးဘူး၊ သင့်ရဲ့တ ပည့်များထံသွားပြီးတော့ ခွင့်တောင်းချေ' ဟု စေခိုင်းလိုက် တော့မှ ဥရုဝေလကဿပက သူ၏တပည့်များထံသွားပြီး–

'တပည့်တို့ ငါဘော့ဖြင့် ဂေါတမထံ တပည့်ခံ၍ ရဟန်း ပြုတော့မယ်'လို့ ပြောပြတယ်၊ ထိုအခါ တပည့်ဖြစ်တဲ့ပုဂ္ဂိုလ် များကလဲ ဥရုဝေလကဿပအား 'ဆရာကြီး ကျုပ်တို့လဲ ဂေါ တမ ရောက်လာကထဲက တပည့်ခံနေချင်တာ ကြာလှပြီ၊ ဆရာ ကြီးကြောင့် ယခုထိ ကြာနေတာ၊ ကျုပ်တို့လဲ တပည့်ခံကြမှာ ပေါ့'ဟု ပြောပြီ၊ ဘုရားသခင်ထံ တပည့်ခံကြတဲ့အခါ ဘုရား သခင်ကိုယ်တော်မြတ်က 'ယခု သင်တို့အား ငါ ရဟန်း ပြုမပေး နိုင်သေးဘူး၊ သင်တို့ရဲ့ ရသေ့တန်ဆာ ဖြစ်သော 'တန်ချူ ချွန်းတောင်း ဒေါက်ချာ' စသည်တို့ကို ရေမှာသွားပြီး မျှော လိုက်ကြအုံးလို့ ပြောတော့မှ ရသေ့တန်ဆာတွေကို အကုန်လုံး ရေမှာမျှောကြရတယ်။

ဒီလိုရေမှာမျှောလိုက်တော့ ရေအောက်မှာရေကစားနေကြတဲ့ နဒီကဿပတို့က ရသေ့တန်ဆာတွေ ရေမှာ မျှောပါလာတာတွေ

ရတော့ 'ဟယ်--နောင်တော်တွေ ဘာဖြစ်ကုန်ကြတာလဲ၊ သူတို့ရဲ့ ရသေ့တန်ဆာတွေ ရေမှာ မျောပါလာကြပါကလား' ဆိုပြီး နောင်တော် ဥရုဝေလကဿပတို့ထံ အလျင်အမြန် လိုက်လာကြတော့ ဥရုဝေလကဿပတို့ ဘုရားသခင်ထံ တပည့်ခံနေကြသည်ကိုမြင်ကြတော့မှ သူတို့လဲ ထို့နည်းတူစွာ ရသေ့တန်ဆာတွေကို ရေမှာမျောလျက် ဘုရားသခင်ထံပင်ပြီး တပည့်ခံကြတယ်၊ အဲဒီ နဒီကဿပတို့ မျောလိုက်တဲ့ ရသေ့တန်ဆာတွေကို အောက်ဆိပ်မှာ ရေကစားနေကြတဲ့ ဂယာကဿပတို့က တွေ့ပြန်တော့ ဟော့ နောင်တော်တွေ ဘာဖြစ်ကုန်ကြမှန်းမသိဘူးလို့ ပြောပြီး အလျင်အမြန်လိုက်လာကြလို့ ဘုရားသခင်ထံမှောက်၌ တပည့်ခံနေကြကြောင်း သိတော့ သူတို့လဲ အလားတူ တပည့်ခံယူကြတယ်။

**ရသေ့ညီနောင်ရှင်တစ်ထောင်** တို့ စုံညီစွာရောက်ရှိ၍ ဘုရားသခင်ထံ ခွင့်ပန်ပြီး ရဟန်းပြုကြတယ်၊ အဲဒီ ရသေ့ ညီနောင်ရှင်တထောင်တို့ ရဟန်းပြုပြီး တော့မှ ဘုရားသခင် ကိုယ်တော်မြတ်က-

သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အာဒိတ္တံ စက္ခု အာဒိတ္တံ၊ ရူပံ အာဒိတ္တံ၊ စက္ခုဝိညာဏံ အာဒိတ္တံ၊ စက္ခုသမ္ဖဿော အာဒိတ္တော၊ ယမိဒံ စက္ခုသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ တမ္ပိ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

ဘိက္ခဝေ- ချစ်သားတို့။ သဗ္ဗံ-ခပ်သိမ်းသောတေဘူမကသင်္ခါရ တရားသည်၊ အာဒိတ္တံ-ရဲရဲပြောင်ပြောင် တောက်လောင်၏၊ ဘိက္ခဝေ- ချစ်သားတို့၊ကိဉ္စသဗ္ဗံ- အဘယ်ခပ်သိမ်းသော တေဘူမက သင်္ခါရ တရားသည်၊ အာဒိတ္တံ-လောင်သနည်း၊ စက္ခုံ-စက္ခုပသာဒသည်၊ အာဒိတ္တံ ရဲရဲပြောင်ပြောင်တောက်လောင်၏၊ ရူပ-ရူပါရုံသည်၊အာဒိတ္တံ -ရဲရဲပြောင် တောက်လောင်၏၊ စက္ခုဝိညာဏံ-စက္ခုဝိညာဏ်သည်၊ အာဒိတ္တံ-ရဲရဲပြောင်ပြောင် တောက်လောင်၏၊ စက္ခုသမ္ဖဿော- စက္ခုသမ္ဖဿသည်၊ အာဒိတ္တော ရဲရဲပြောင်ပြောင်တောက်လောင်၏၊ စက္ခုသမ္ဖဿပစ္စယာ- စက္ခုသမ္ဖဿကြောင့်၊ ဝေဒယိတံ- ခံစားအပ်သော၊ သုခံဝါ- သုခ ဝေဒနာရှင်း၊ ဒုက္ခံဝါ- ဒုက္ခဝေဒနာရှင်း၊ အဒုက္ခမသုခံဝါ- ဒုက္ခလည်း မဟုတ် သုခလည်းမဟုတ်သော ဥပေက္ခာဝေဒနာရှင်း၊ ယံဣဒံ-ယာဣမာဝေဒနာ- အကြင် ဝေဒနာသည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏။ တမ္ပိ-ထို ခံစားအပ်သော ဝေဒနာသည်လည်း၊ အာဒိတ္တံ ရဲရဲပြောင်ပြောင် တောက်လောင်၏၊ ကေန- အဘယ်မီးဖြင့်၊ အာဒိတ္တံ- လောင်သနည်း၊ ရာဂဂ္ဂိနာ- ရာဂဟူသောမီးဖြင့်၊ ဒေါသဂ္ဂိနာ-ဒေါသဟူသော မီးဖြင့်၊ မောဟဂ္ဂိနာ- မောဟဟူသောမီးဖြင့်၊ အာဒိတ္တံ- ရဲရဲ ပြောင်ပြောင်တောက်လောင်၏၊ ဇာတိယာ- ပဋိသန္ဓေ နေခြင်းဟူသောမီးဖြင့်၊ ဇရာယ-အိုခြင်းဟူသောမီးဖြင့်၊ မရဏေ-သေခြင်း ဟူသော မီးဖြင့်၊ သောကေဟိ-စိုးရိမ်ခြင်း ဟူသော မီးတို့ဖြင့်၊ ပရိဒေဝေဟိ- ငိုကြွေးခြင်း ဟူသောမီး

တို့ဖြင့်၊ ဒုက္ခေဟိ- ဆင်းရဲခြင်းဟူသော မီးတို့ဖြင့်၊ ဒေါ
မနဿေဟိ-နှလုံး မသာယာခြင်းဟူသော မီးတို့ဖြင့်၊ ဥပါ
ယာသေဟိ သက်ကြီးရှိုက်ငင်ပြင်းစွာပင်ပန်းခြင်းဟူသော
မီးတို့ဖြင့်၊ အာဒိတ္တံ-ရဲရဲပြောင် တောက်လောင်၏၊ ဣတိ
ဤသို့၊ အဟံ-ငါဘုရားသည်၊ ဝဒါမိ၊ ဟောတော်မူ၏။

ဥရုဝေလကဿပ အမှူးရှိသော ရသေ့ ညီနောင်ရှင် တထောင်ကို ဟောတဲ့တရားဘဲ အဓိပ္ပါယ်သင်ရှားပါတယ်၊ မျက်စေ့ပေါက်က တဆယ့်တပါးသော မီးတောက်မီးလျှံကြီးတွေ အမြဲတမ်း တောက် လောင် နေတဲ့အကြောင်းကို တကယ်တမ်း မသိကြတဲ့အတွက် ကြောက်စရာ တကယ်အမှန်မသိကြတာ၊ မီးလောင်နေတာကို မမြင်မသိတာ ဘယ်သူလဲ၊ မောဟဆိုတဲ့ အဝိဇ္ဇာပေါ့၊ အဲဒီ မောဟအဝိဇ္ဇာကြောင့်လောင်မှန်းမသိကြတာ၊ ထွင့်ခေါင်ဆရာတော်ဘုရားကြီးက 'လောင်မှန်းမသိ၊ မောဟတိမိမိမိုက်လှပြီ' လို့ မိန့်တော်မူခဲ့ပါတယ်၊ တကယ်လောင်မှန်းသိလျှင် မည်သူမကြောက်ဘဲရှိလိမ့်မလဲ အမှန်ကြောက်မယ်၊ ဒီ လိုကြောက်မှ မီးဘေးကလွတ်အောင် အားထုတ်ကြမှာ၊ ဥရုဝေလကဿပ အမှူးရှိသော ရသေ့ညီနောင် ရှင်တထောင်တို့ကို ဘုရားသခင်က မျက်စေ့ ပေါက်မှာ တဆယ့် တပါးသော မီးတွေ အမှန်လောင်နေကြောင်း ဟောလိုက်တော့ အလုံးစုံ အဝိဇ္ဇာဖျောက်ပြီး ဝိဇ္ဇာဉာဏ်တွေပေါ်ပေါက်လျက်မီးဘေးမှလွတ်ကင်းအောင်အားထုတ်ကြလိုက်တာခဏခြင်းနှင့်ပင်မီးဘေးမှလွတ်ကင်းပြီး 'အရိယာ'အဖြစ်သို့ရောက်သွားကြတယ်၊ အဲဒီမျက်စေ့ပေါက်က လောင်တဲ့မီးကိုပြောတာ၊ မျက်စေ့ပေါက် က သာ-

လောင်တာ မဟုတ်သေးဘူး၊ နား ပေါက်ကလဲ မျက်စေ့ ပေါက်ကဲ့သို့ မီးတွေလောင်နေတာဘဲ၊ ဒါကြောင့်–

> သောတံ အာဒိတ္တံ၊ သဒ္ဒံ အာဒိတ္တံ၊ သောတဝိညာဏံ အာဒိတ္တံ၊ သောတသမ္ဖဿော အာဒိတ္တော၊ ယမိဒံ သောတသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ (လ) အာဒိတ္တန္တိ ဝဒါမိ။

သောတံ–သောတပသာဒသည်၊ အာဒိတ္တံ- ရဲရဲပြောင်ပြောင် တောက်လောင်၏၊ သဒ္ဒံ – သဒ္ဒါရုံသည်၊ အာဒိတ္တံ–ရဲရဲပြောင်ပြောင် တောက် လောင်၏၊ သောတဝိညာဏံ- သောတ ဝိညာဏ်သည် အာဒိတ္တံ– ရဲရဲပြောင်ပြောင် တောက်လောင်၏၊ သောတ သမ္ဖဿော - သောတသမ္ဖဿသည်၊ အာဒိတ္တော - ရဲရဲပြောင်ပြောင် တောက်လောင်၏၊ သောတသမ္ဖဿပစ္စယာ- သောတသမ္ဖဿ ကြောင့်၊ ဝေဒယိတံ- ခံစားအပ်သော၊ သုခံ ဝါ- သုခဝေဒနာ ၎င်း၊ ဒုက္ခံ ဝါ- ဒုက္ခဝေဒနာ၎င်း၊ အဒုက္ခမသုခံ ဝါ- သုခလည်း မဟုတ် ဒုက္ခ လည်း မဟုတ်သော ဥပေက္ခာဝေဒနာ ၎င်း၊ ယံ ဣဒံ - ယာ ဣမာ ဝေဒနာ- အကြင် ဝေဒနာသည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏။ တမ္ပိ-ထိုခံစားအပ်သော ဝေဒနာသည်လည်း၊ အာဒိတ္တံ – ရဲရဲပြောင်ပြောင်တောက်လောင်၏၊ ကေန- အဘယ်မီးဖြင့်၊ အာဒိတ္တံ၊ လောင်သနည်း၊ ရာဂဂ္ဂိနာ– ရာဂမီးဖြင့်၊ (လ)၊ အာဒိတ္တံ- ရဲရဲပြောင်ပြောင်တောက်လောင်၏၊ ဣတိ- ဤသို့၊ အဟံ–ငါဘုရား သည်၊ ဝဒါမိ-ဟောတော်မူ၏။

နားပေါက်က တဆယ့်တပါးသော မီးလောင်ပုံကို သေသေချာချာမြင်အောင်ကြည့်၊ နားပေါက်က တဆယ့်တပါးသော မီးလောင်တာကို မသိတာက အဝိဇ္ဇာ၊သိတာက ဝိဇ္ဇာခေါ်တယ် အဲဒီလို ဝိဇ္ဇာဉာဏ်နှင့်မြင်မှ မီးကိုငြိမ်းအောင်သတ် မမြင်တဲ့ပုဂ္ဂိုလ်က ဘယ်ဘော့မှ မီးကိုမသတ်ဘဲ အမြဲအလောင်ခံနေရမှာ နားကသာလောင်တာလား၊ နှာခေါင်းပေါက်ကကော မလောင်ဘူး လား ဆိုလျှင် နှာခေါင်းပေါက်ကလဲ လောင်တာပေါ့။

ဃာနံ အာဒိတ္တံ, ဂန္ဓာ အာဒိတ္တာ၊ ဃာနဝိညာဏံ အာဒိတ္တံ၊ ဃာနသမ္ဖဿော အာဒိတ္တော၊ ယမိဒံ ဃာနသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံဝါ (လ)ဝဒါမိ။

ဃာနံ- ဃာနပသာဒသည်၊ အာဒိတ္တံ— ရဲရဲပြောင်ပြောင် တောက်လောင်၏၊ ဂန္ဓာ- ဂန္ဓာရုံသည်၊ အာဒိတ္တာ- ရဲရဲပြောင်ပြောင် တောက်လောင်၏၊ ဃာနဝိညာဏံ- ဃာနဝိညာဏ်သည်၊ အာဒိတ္တံ- ရဲရဲပြောင်ပြောင် တောက်လောင်၏၊ ဃာန သမ္ဖဿော— ဃာန သမ္ဖဿသည်၊ အာဒိတ္တော ရဲရဲပြောင်ပြောင် တောက်လောင်၏၊ ဃာနသမ္ဖဿပစ္စယာ ဃာနသမ္ဖဿကြောင့်၊ ဝေဒယိတံခံစားအပ်သော၊ သုခံဝါ သုခဝေဒနာလည်း၊ ဒုက္ခံဝါ ဒုက္ခဝေဒနာလည်း အဒုက္ခမသုခံဝါ သုခလည်းမဟုတ် ဒုက္ခလည်းမဟုတ်သော ဥပေက္ခာဝေဒနာလည်း၊ ယံဣဒံ ယာ ဣမာ ဝေဒနာ အကြင်ခံစားအပ်သော ဝေဒနာသည်

ဥပ္ပဇ္ဇတိ ဖြင့်၏၊ တမ္ပိ ထိုခံစားအပ်သော ဝေဒနာသည် လည်း၊ အာဒိတ္တံ ရဲရဲပြောင်ပြောင် တောက် လောင်၏၊ (လ)၊ဝဒါမိ ဟောတော်မူ၏။

နှာခေါင်းပေါက်က တဆယ့်တပါးသော မီး လောင် နေ တာကို ဘုရားသခင် ကိုယ်တော်မြတ် ဟောတော်မူသဖြင့် မချွ မလွဲ အမှန်ကို သိရသောကြောင့် ဥရုဝေလကဿပ အမှူးရှိတဲ့ ရသေ့ ညီနောင် ရှင် တ ထောင်အရိယာ ဖြစ်သလို ယောဂီများ လဲ ကိုယ် ပိုင် ဉာဏ် နှင့် ဆင်ခြင်ပြီး ထို မီး ဘေးကြီးက လွတ် အောင် ရုန်းကြမယ်ဆိုတာ အမြဲသတိထားရမယ်၊ အမြဲသတိ ထားဘို့ဘဲ။

နှာခေါင်း ကသာ လောင်တာ မ ဟုတ် သေး ဘူး၊ လျှာ ပေါက်ကလဲ-

ဇိဝှါအာဒိတ္တာ၊ ရသာအာဒိတ္တာ၊ ဇိဝှါ ဝိညာဏံအာဒိတ္တံ၊ ဇိဝှါသမ္ဖဿော အာဒိတ္တော၊ ယမိဒံ ဇိဝှါသမ္ဖဿ ပစ္စ ယာဉပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ(လ)ဝဒါမိ၊
ဇိဝှါ ဇိဝှါပသာဒသည်၊ အာဒိတ္တာ ရဲရဲ ပြောင်ပြောင် တောက် လောင်၏၊ ရသာ ရသာရုံသည်၊ အာဒိတ္တာ ရဲ ရဲပြောင်ပြောင် တောက်လောင်၏၊ ဇိဝှါ ဝိညာဏံ ဇိဝှါ ညာဏ်သည်၊ အာဒိတ္တံ ရဲရဲပြောင်ပြောင် တောက်လောင် ၏၊ ဇိဝှါသမ္ဖဿော ဇိဝှါသမ္ဖဿသည်၊ အာဒိတ္တော ရဲ ရဲပြောပြောင်တောက်လောင်၏၊ ဇိဝှါ သမ္ဖဿ ပစ္စယာ ဇိဝှါ သမ္ဖဿကြောင့်၊ ဝေဒယိတံ ခံစားအပ်သော၊ သု ခံဝါ သုခဝေဒနာရှင်း(လ)၊ဝဒါမိဟောဘော်မူ၏။

အဲဒါ လျှာပေါက်က မီးလောင်ကြောင်း ပြတဲ့ဘာရုးဘဲ၊ မိမိလျှာပေါက်က မီးလောင်ကြောင်း တကယ်မြင်လျှင် အမှန်ကြောက်ကြတာဘဲ ဒါကြောင့် မီးလောင်ကြောင်း သိအောင် ဝိပဿနာဉာဏ်ဖြင့် အမြင်သန့်အောင် အားထုတ်ကြရမယ် လျှာမှာသာ လောင်တာမယုတ်ဘူး၊ အပ်နှင့်သိုးဆွနာ ကျင်တတ်တဲ့ ကိုယ်ပေါက်ကလဲ အမြဲလောင်နေဘာဘဲ။

ကာယော အာဒိတ္တော၊ ဖေါဋ္ဌဗ္ဗာအာဒိတ္တာ၊ ကာယဝိညာဏံ အာဒိတ္တံ၊ ကာယသမ္ဖဿော အာဒိတ္တော၊ ယမိဒံ ကာယသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ (လ) ဝဒါမိ။

ကာယော ကာယပသာဒသည်၊ အာဒိတ္တော ရဲရဲပြောင်ပြောင် တောက်လောင်၏၊ ဖေါဋ္ဌဗ္ဗာ ဖေါဋ္ဌဗ္ဗာရုံတို့သည်၊ အာဒိတ္တာရဲရဲပြောင်ပြောင် တောက်လောင်ကုန်၏ ကာယဝိညာဏံ ကာယဝိညာဏ်သည်၊အာဒိတ္တံ ရဲရဲပြောင်ပြောင် တောက်လောင်၏ ကာယသမ္ဖဿော ကာယသမ္ဖဿသည်၊ အာဒိတ္တော ရဲရဲ ပြောင်ပြောင် တောက်လောင်၏၊ ကာယသမ္ဖဿပစ္စယာ ကာယသမ္ဖဿကြောင့်၊ ဝေဒယိတံ ခံစားအပ်သော၊ သုခံဝါ သုခဝေဒနာလည်း၊ (လ) ဝဒါမိ ဟောတော်မူ၏။

အဲဒီ ကိုယ်ပေါက်က တဆယ့် တပါးသောမီး အမြဲတမ်း တောက်လောင်နေတဲ့ မီးတွေကို မြင်အောင်ကြည့်ရမယ်။

မနော အာဒိတ္တော၊ ဓမ္မာ အာဒိတ္တာ၊ မနောဝိညာဏံ အာဒိတ္တံ၊ မနော သမ္ဖဿော အာဒိတ္တော၊ ယမ်ိဒံ မနောသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ (လ) အာဒိတ္တန္တိ ဝဒါမိ။

မနော- ဟဒယဝတ္ထုကို မှီ၍ဖြစ်သော မနောဒွါရသည် အာဒိတ္တော ရဲရဲပြောင်ပြောင် တောက်လောင်၏၊ ဓမ္မာ ဓမ္မာရုံ တို့သည်၊ အာဒိတ္တာ ရဲရဲပြောင်ပြောင် တောက်လောင် ကုန်၏၊ မနော ဝိညာဏံ မနော ဝိညာဏ်သည်၊ အာဒိတ္တံ ရဲရဲပြောင်ပြောင် တောက်လောင်၏၊ မနော သမ္ဖဿော မနောသမ္ဖဿသည်၊ အာဒိတ္တော ရဲရဲ ပြောင်ပြောင် တောက်လောင်၏၊ မနောသမ္ဖဿပစ္စယာ မနော သမ္ဖဿကြောင့်၊ ဝေဒယိတံ ခံစားအပ်သော၊ သုခံဝါ (လ)ဝဒါမိ ဟောတော်မူ၏။

ယခု ဟောပြတဲ့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မနော ခြောက်ဒွါရမှ တဆယ် တပါးသော မီးတွေ တောက် လောင်နေတာ အမှန် မုချ မသိကြတာ ဘာကြောင့်လဲ အဝိဇ္ဇာ ကြောင့်ပေါ့၊ လောင်တာ တကယ်မသိလို့ မကြောက်ကြတာ၊ တကယ်လောင်တာ တကယ်သိရင် မကြောက်တဲ့လူ ဘယ်မှာ ရှိ မလဲ၊ တကယ်လောင်တာ တကယ်သိရင် အမှန်ကို ကြောက်ပါ တယ်။

ဥပမာ ညဉ့်ဦးယာမ်က ဆီဦး ထောပတ် အမြိုက် အရသာတွေ စားပြီး မွေ့ယာ ခြင်ထောင် ကုတင် ကော်ဇောတွေနှင့် စိတ်ချလက်ချ အားရ ပါးရ အိပ်လိုက်တာ အပျော်ကြီး ပျော်သွားတာပေါ့၊ ဒီလို အိပ်ပျော်နေတဲ့လူဟာ ဘာကို သိမလဲ ဆိုလျှင် ဘာကိုမှ မသိဘဲ အိပ်ပျော်နေတယ်၊ အိပ်ယာက နိုးလို့ မျက်စိ ဖွင့်ကြည့်လိုက်တော့ လား-လား-သူ့အိမ်မှာ မီးလောင်နေတာ သူကိုယ်တိုင် မြင်ရတာပေါ့၊ ဒီလို မီးတောက် မီးလျှံကြီး လောင်မြိုက်နေတာ သူကိုယ်တိုင် မြင်ရလေတော့ အလွန့်ကို ကြောက်တာပေါ့၊ အဲဒီလို ကြောက်လို့ ထွက်ပြေးမယ် ကြံသော်လဲ မီးက လှေခါးထိပ်ကော ပိတ်ပြီးလောင်တော့ ထွက်ပေါက်ကို ရှာမရဘဲ ဖြစ်နေတယ်၊ ဒီအခါ ထွက်ပေါက်မှ မရှိဘဲ အသေခံပါတော့မယ်လို့ အသေခံဝံ့ပါ့မလား၊ ဘယ်နည်းနှင့်မျှ အသေ မခံဘူး၊ ဝီရိယ ကောင်းကောင်းနှင့် အိမ်ခေါင်းရင်း ပြူတင်းပေါက်ကို ဖွင့်ပြီး သေသေကျေကျေ တခါထဲ ခုန်ချမှာဘဲ၊ အောက်ကိုရောက်ထာနှင့်တပြိုင်နက် မီးဘေးမှ လွတ်အောင် တခါတည်းပြေးမှာဘဲ၊ မီးဘေးက လွတ်သွားတော့မှ မီးတောက်ကြီးကို ပြန်ကြည့်ပြီး-

'အင်း.... ငါ အိပ်ယာက နိုးခင်လို့ မီးလောင်မှန်း သိပြီး မီးဘေးမှ လွတ်အောင် ငါပြေးလို့ လွတ်ရတာ၊ ငါသာ အိပ်ယာက မနိုးလျှင် ဒီမီးတောက်ကြီးဟာ ငါ့ကို ဝါး သွားမှာဘဲ' ဟု ပြန် ပြီး ဝမ်း မြောက် ရတယ်၊ အဲဒါ ဥပမာဘဲ-

ယခု ယောဂီများဟာ မောဟ တည်းဟူသော အိပ်ပျော်ခြင်းဖြင့် ဘဝသံသရာ တလျှောက်လုံး အိပ်ပျော်လာခဲ့တဲ့ အတွက် မိမိ၏ ခြောက်ဒွါရမှ ဘဆယ့်တပါးသောမီးကြီး လောင်နေတာကို တကယ်ကို မသိရတာ အမှန်ပေါ့၊ ယခု ဘုရားသခင် ပွင့်တော်မူတဲ့ သာသနာ့ခေတ်ကြီးနှင့် လာတွေ့ရသဖြင့် မောဟာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးလာကြတဲ့အခါ တကယ်ကို မီးလောင်နေတာ သိကြပြီ မဟုတ်လား၊ ဒီလိုမီးဘေးမှ လွတ်အောင် ပြေးသော ယောကျ်ားကဲ့သို့ 'သီလ, သမာဓိ,ပညာ' သိက္ခာ သုံးပါး သာသနာ့သုံးရပ်ကို လက်ကိုင် ထားပြီး 'ဝီရိယ' နှင့် 'သတိ'ကို မလျှော့ဘဲ အားတက်သရော ပြေးကြမယ် ဆိုလျှင် အမှန် မုချ လွတ်ရမယ်။

ဒီလိုမဟုတ်ဘဲ မီးလောင်မှန်း သိလျက်သားနှင့် လွတ်အောင်မပြေးဘဲ နေကြလျှင် ဘဝသံသရာ တလျှောက်လုံး မီးလောင်ခံရအုံးမည်ဟူ၍ မှတ်ကြ၊ ဒါကြောင့် တကယ် မီးဘေးကြီးကို မြင်အောင်ပြုပြီး မီးဘေးက လွတ်အောင်ပြေးနိုင်တဲ့ လက်နက်ကောင်းကို ရကြသဖြင့် အမြန်ဆုံး လွတ်အောင် တိုက် ဖျက်ပြီးပြေးကြဘို့ရန် ဤဘုရားသာသနာ အတွင်းမှာပင်လျှင် ကြိုးစားအားထုတ် ပွါးများနိုင်ကြ ပါစေသတည်း။

# မဟာနာယက ကျေးဇူးရှင် ဆရာတော်ဘုရားကြီး

## နေ့စဉ်မပြတ် ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာတရား ဟောပြီးနောက် ရေစက်ချ အမျှပေး၍ သစ္စာဓိဋ္ဌာန် ပြုသော

## ဟောစဉ်စာတမ်း

အရှင်ဘုရား တပည့်တော်တို့သည် သံသရာ တည်းဟူသော ဝဋ်ဆင်းရဲ ဝဲဩဃ ရေအယဉ်မှ ထွက်မြောက်ပါရခြင်း အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှါ သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာ သုံးရပ် အကျင့်မြတ် ကို လေးမြတ်စွာအားထုတ်ပါ၏။ အားထုတ်ရသော ကောင်းမှု အစု ကုသိုလ်အဘို့ကြောင့် ယနေ့ကစ၍ လောကဒုက္ခ သံသရာ ဘေးဆိုးကြီးမှလွတ်မြောက်၍နိဗ္ဗာန်ကိုမျက်မှောက်ပြုရပါလိုကုန် ၏ အရှင်ဘုရား၊ ဤသို့ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး သာသနာသုံးရပ်အကျင့်မြတ်၏ကုသိုလ်အဘို့ကို မွေးသမိခင်မွေး သဖခင် ဆရာသမားဆွေကြီးမျိုးကြီး ဘိုးကြီးဘွားကြီးတို့ကိုအမျှ ပေးဝေပါကုန်၏၊ ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အိမ် စောင့်နတ်၊ အရံစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တိုင်းစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး ရုက္ခစိုး အာကာသစိုးနှင့် စတုလောကပါလနတ်၊ သာသနာ စောင့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို အမျှပေးဝေပါ ကုန်၏။ သိကြား၊အသုရာ၊ သန္တုသိတ စသော နတ်မြတ်၊ နတ် ကောင်း နတ်အပေါင်းတို့ကို အမျှပေးဝေပါကုန်၏။ အထက်ကို ဘဝဂ် အောက်ကိုအဝီစိ နှံ့သိစကြာဝဠာဖီလာထုတ်ခြင်းအကြွင်း မရှိ သုံးဆဲ့တဘုံ ကျင်လည်ကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏။ အလုံးစုံသော

သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့ပြုအပ်သော သီလ, သမာဓိ, ပညာ, သိက္ခာ သုံးပါး သာသနာ သုံးရပ် အကျင့်မြတ်၏ ကုသိုလ်အဘို့ကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ အမျှရ၍ ချမ်းသာကြတဲ့ကိုယ် ဖြစ်ကြပါစေကုန်သတည်း။

ဤသို့ ကျွန်ုပ်တို့ အားထုတ်ရသော သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဟူ၍ယုံကြည်ပါ၏၊ယုံကြည်သည်ကား မှန်ပါ၏။ မှန်သော သစ္စာစကားကြောင့် ယခုအခါ ကျရောက်ဆဲဖြစ်သော ရန်သူမျိုးငါးပါး ကပ်ကြီးသုံးပါး ဘေးဆိုးကြီးမှ (၇)ရက်သားသမီးတို့၌အမြန်ဆုံးကင်းဝေးအောင်ကာကွယ် ကြည့်ရှုစောင့်ရှောက်မည့်ပုဂ္ဂိုလ်ပေါ်ပါစေသတည်း။

## တရားတောင်း

**ဟံသာဝတီတိ ဝေါဟာရော,**
**မဟာထေရော သုပါကဋော၊**
**ဝိမုတ္တိကာမာနံ မှာကံ,**
**ဒေသေတု ဆဠမ္မံ ဝရံ။**

**ဟံသာဝတီတိဝေါဟာရော**-ဗမာပြည် တပြည်လုံးက အာဇာနည်တွေ စုရုံးကာ တရားအလုပ်တို့ဖြင့် အားထုတ်ကာ မဂ်လမ်းမျှော်ကြတဲ့ သူတော်စင် ယောဂီပုဂ္ဂိုလ်အပေါင်းတို့၏ ခိုအောင်းဆည်းကပ် နေရာမလပ်အောင် ပြည့်ကြပ်၍စည် ဖြစ်ပေသည့်ကြောင့် ဟံသာဝတီ မဟာထေရ်ဟု တွင်ချိပညတ် သမုတ်အပ်ပေထသော၊ ဟံသာဝတီတိဝေါဟာရော - တိုင်းအစိုစို မြို့အလီလီ ပြည်တွေအထပ်ထပ် နေရာမလပ်အောင် ဓမ္မယောဂီ

မဂ်လမ်းကို မှီကြတဲ့ အာဇာနည် ယောဂီများတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဆုံးမ နည်းပြခေတ်မှီ ဖြစ်ပေသည်ကြောင့် ဟံသာဝတီ မဟာထေရ်ဟု တင်ချီ ပညတ်သမုတ်အပ်ပေထသော၊ ဟံသာဝတီတိ ဝေါဟာရော- အထက်လယ်တီ အောက်ဟံသာဝတီဟု ပါရမီခေတ် ထက်သန် ပညာဉာဏ်ဖွင့်ထား ဝိပဿနာလိုလား အရင့်စား ပုဂ္ဂိုလ်တို့က တင်စားပညတ် သမုတ်အပ်သဖြင့် ဟံသာဝတီမဟာထေရ်ဟု တွင်ချီပညတ် သမုတ်အပ်ပေထသော၊ ဟံသာဝတီတိ ဝေါဟာရော- နေ့တိုင်း နေ့စဉ် များ လူ ရှင် တို့အား တနေ့လျှင် နှစ်ကြိမ်ကြ ယထာဘူတနည်းနယတို့ဖြင့်အလှည့်ကျဆုံးမကာ ခန္ဓာ နာမ် ရုပ် တရားတို့ကို ငြင်းခြား ကာရက်တဲ့တဲ့နှင့် မဂ်ဖိုလ်ကို ၇-ရက်စခန်းဖြင့် တက်လှမ်းနိုင်ရန် ရည်သန်ပညတ် ယင်းဗျူပွတ်ကြောင့် ဟံသာဝတီ မဟာထေရ်ဟု တွင်ချီပညတ် သမုတ်အပ်ပေ ထသော၊ သုပါကဋ္ဌော-အထက်ဖျားဘုံဝတိန်မှာ ပုဏ္ဏမိန် လ,ရထားကဲ့သို့ ပညာတော်တင့်မားသဖြင့် အလွန်ပင် ထင်ရှားစွာထသော၊ သုပါကဋ္ဌော-ဘဝအထူ ထူးက ဖြည့်ဆည်းပူးခဲ့တဲ့ပါရမီ၊ လေ့ကျက်တဲ့ ဝသီဘော်ကြောင့် အပြည်ပြည်တွင် ထင်ရှား ကျော်ကြားစွာထသော၊ သုပါကဋ္ဌော- ကိုးဂုဏ်ရှင် မြတ်ဘုရား၏ တရားဓမ္မတွေကို အသား ကျကျ အချက် ပိုင်ပိုင် လက်ကိုင်၍ ဆဲကာ ပြသလို အဲဒါက ရုပ်, အဲဒါက နာမ် ပရိစ္ဆေဒ ဉာဏ် ကွန့်မြူး လောက်အောင် အထူးလျှင်မြန် အမြင်ခေတ်သန်သဖြင့် အင်မတန်မှပင် ကျော်စေ ထင်ရှားစွာထသော၊ မဟာထေရော- နိဗ္ဗာန် သွားလမ်း ကမ္မဋ္ဌာန်းကို နည်းလမ်းကျနဲ ဆုံးမ သွန်သင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်၊ မဟာထေရော- မေတ္တာတရား

လွန်ကြီးမား၍ အများအတွက် မတရားတာတွေ ဖျက်မည်ဟူ အားတက်သရော ဟောပြောဆုံးမ နည်းလမ်းပြလျက် ရှိပါသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်၊ မဟာထေရော- မျိုး မြန်မာ ဟူသမျှကို၏ ညီညွှန်းဇာတာ မှုမလှသည်တို့ကို ကိုးစားရာ အကူရအောင်လို့ အစစ သွန်သင်သဖြင့် ဖခင်အလား အလွန် ကျေးဇူးများပေသည့် ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည်၊ ဝိမုတ္တိကာမာနံ- လောကသံသရာ နှစ်ဖြာလုံးလုံး ရှုံးကြီးရှုံးတို့ နှလုံးမသာ များစွာညှဉ်းဆဲသည့် ဆင်းရဲခြင်းအဖြာဖြာတို့မှ လွတ် ရာလွတ်ကြောင်း နည်းကောင်း နိသျအာဝတို့ကို မချမှန်စွာ အလွန်တရာ အလိုရှိ၍ နေကြကုန်သော၊ အမှာကံ- ငါ့အိုး ငါ့အိမ် ငါ့စိန် ငါ့ရွှေ ငါ့မြေငါ့ယာ ငါ့ဟာငါ့ပစ္စည်း ငါ့သမီး ငါ့သား ငါ့အား ငါသာ နိုင်းစရာဟူ ငါနှင့်ငါပင် အတူသင်တဲ့ တပည့် တော် တပည့်တော်မတို့အား၊ အမှာကံ-ဒုက္ခအဖုံဖုံနှေးရှိတိုင်းကြုံရ သဖြင့် အူတုန်သွေးပျက် မွေးမစက်နိုင်အောင် ငေးလျက်မှိုင်ကာ နေရပါသော တပည့်တော် တပည့်တော်မတို့အား၊ ဝရံ-အဟုတ် ဆုံး အမှန်ဆုံး အထွတ်ဆုံး အမြတ်ဆုံး ဖြစ်ပေထသော၊ သဒ္ဓမ္မံ- သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သံသရာဝဋ်အတွင်းမှ မှန် မကွာလွတ်ကင်းရမည့် တရားဓမ္မအဝဝကို၊ ဒေသေတု- ဟောကြား ဆုံးမ တော်မူပါ အရှင်ဘုရား၊ ဒေသေတု-ဤကားရုပ်, ဤကား နာမ်, ဉာဏ်အမြင်ထွင်းဖေါက်၍ ဝိပဿနာ အလင်းပေါက်ပြီး လျှင် ဝဋ်သံသရာ ကင်းပျောက်အောင် ထောက်ထားရှုညာ ဂရု ဏာဖြင့် ဒေသနာရေအေးတိုက်ကျွေးဆုံးမတော်မူပါ ဟံသာဝတီ ဟံသာဝတီဟု မြန်ပြည်ကျော်ကြားသည့် ကျေးဇူးရှင် ဆရာတော် ကြီး-ဘုရား။

## ရှစ်လုံးဆွဲ မြန်မာကဗျာ

နိဗ္ဗာန်သွားလမ်းမြင်စမ်းကြပါ၊
မမြင်ကန်းလို့-ပင်ပန်းရတာ၊
မြင်ချင်ပါက- လာကြဟဲ့သာ၊
မျက်မြင်ဆေး-ပေးတဲ့အရှင်ဂန္ဓမာ။

ဗုဒ္ဓသာသနာ ပဋိပတ္တိသာသနာပြု အဖွဲ့ချုပ်ကြီး၏ ဩဝါဒါစရိယ မဟာနာယက ဖြစ်တော်မူသော သက်တော်(၇၄)နှစ် သိက္ခာတော်(၅၄) ဝါရကျေးဇူးရှင် ရှမ်းရွာ စင်ပြွမ်းကုန်း ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ ဟံသာဝတီ ကွက်သစ်ရှိ ဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ နေ့စဉ်နံနက်(၇)နာရီခွဲမှ (၈)နာရီခွဲအထိ ညနေ(၃)နာရီခွဲမှ(၄)နာရီခွဲအထိ ကိုယ်တွေ့ ဉာဏ်မြင် ဝိပဿနာ တရားများကို ၁၃၂၁ တော်သလင်းလဆန်း ၉- နေ့အထိ ညွှန်ပြဟောပြောဆုံးမပြီး အုပ် [illegible] ဘော် မူခဲ့လေသည်။

ဗုဒ္ဓသာသနာ ပဋိပတ္တိသာသနာပြု အဖွဲ့ချုပ်ကြီး၏ ရံပုံငွေအတွက် ထုတ်ဝေသည်။

တတိယပိုင်း ဆက်ဖတ်ပါ။